
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၄၃၀၄၀၈
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၅၈၀၅၀၈

စီစဉ်သူ ။ မောင်ညီမှိုင်း(သန်လျင်)

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၈ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၂၀၀ကျပ်

## မာတိကာ


| စဉ် | စာမူအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အလွမ်းရက်မကုန်သမျှပဌာန်းဆက်အကြကြ်ကို<br>စောင့်နေဦးမည်<br>မောင်ညီမှိုင်း(သန်လျင်) | ၁ |
| ၂။ | သံယံသံရဏ်ဂစ္ဆာမိပါဘုရား<br>နုတ်လှဦး | ၄၈ |
| ၃။ | ကျွန်တော်နှင့်ရွှေဝါရောင်သမိုင်းအစောင့်များ<br>ထောင်မှူးကြီးသိန်းဝင်း | ၆၇ |
| ၄။ | လိပ်ပြာပွေလီ<br>ဆောင်းလုလင် | ၁၀၅ |
| ၅။ | ဥပါဒါန်<br>နေ့တမာန် | ၁၅၀ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အလွမ်းရောက်မကျန်သမျှပဌာန်းဆက်အကြံကိုစောင့်နေဦးမည်

ကျွန်ုပ်သည် ဖြစ်ရပ်ဆန်းကြယ် ဂမ္ဘီရဆန်ဆန်ကိစ္စများကို လွန်စွာစိတ်ဝင်စားလေ့ရှိ၏။ အဘယ့်ကြောင့်ဆိုသော် အချို့သော ဖြစ်ရပ်ဆန်းကြယ်ကိစ္စများသည် သိပ္ပံနည်းကျ ရုပ်ပိုင်းဆိုင်ရာ စူးစမ်းမှုမျိုး၊ ခွဲခြမ်းစိတ်ဖြာ သုတေသနပြုမှုမျိုးဖြင့် အတိအကျကောက်ချက်ချ အဖြေရယူရန် မရှိသည်ကို တွေ့ကြုံခဲ့ဖူးသောကြောင့်ဖြစ်၏။

ဥပမာပြောရလျှင် . . .

လက်က ကိုင်ဆွဲလာသည့် ဝက်သားတွဲ အမဲသားတွဲကို တစ်စုံတစ်ဦးက လုယူပြေးသည့်ကိစ္စ။

ဘယ်သူက လက်ထဲကနေ ဝင်လုသွားမှန်းမသိ။

ခွေးလည်းမဟုတ် . . .

မျောက်လည်းမဟုတ် . . .





လူလည်းမဟုတ်. . .

အလုံးအထည် ရုပ်သဏ္ဍာန်ဘာမှမမြင်ရဘဲ လက်ထဲက ဝက်သားတွဲ၊ အမဲသားတွဲ လေထဲမှာ တန်းလန်းကြီးပါသွားသည့်ကိစ္စ. . .

စဉ်းစားလို့မရ။ အဖြေရှာလို့ ခက်လှ၏။

ဤအဖြစ်အပျက်မျိုးသည် ကျွန်ုပ်တစ်ယောက်တည်း ကြုံခဲ့ရဖူးသည်မဟုတ်။ မြန်မာပြည်တစ်နံတစ်လျားမှ လူအတော်များများ (သို့မဟုတ်) လူအချို့ကိုယ်တွေ့ကြုံဖူးသည့် အဖြစ်အပျက်ဆန်းမျိုးဖြစ်၏။

ပြီး ပုဏ္ဏကတိုက်သည်ဆိုသည့် ဖြစ်ရပ်ဆန်းမျိုး။

လွန်ခဲ့သည့် ခေတ်တစ်ခေတ်က ကျွန်ုပ်နှစ်ကြိမ်ကိုယ်တွေ့ကြုံခဲ့ဖူး၏။ ကျွန်ုပ်နေထိုင်သည့်မြို့မှာတစ်ကြိမ်။

ကျောက်တန်းမြို့မှာ တစ်ကြိမ်ဖြစ်၏။ အုတ်အော်သောင်းနှင်းအကျော်ဒေးယျကို ဖြစ်ခဲ့ဖူး၏။

အိမ်ပေါ်ကိုခဲများကျ၏။

အိမ်ပေါ်ရှိ ပစ္စည်းများ လျှောင်မလှုပ်ဘဲ အလိုလိုတွန်းလှဲကျကွဲ၏။ အရပ်လေးမျက်နှာမှ ခဲများကျ၏။ သူကိုမထိ။

တစ်နေ့တည်းမဟုတ်၊ သုံးနေ့သုံးညဆက်တိုက်ဖြစ်၏။

ရပ်ကွက်လူထုနှင့် တာဝန်ရှိသူများ အဆပ်ထပ်ကင်းချ၍ စစ်ဆေး စောင့်ကြည့်နေသည့်ကြားမှ ခဲများကျ၏။ ပစ္စည်းကိုမှန်၏။ အိမ်ထဲမှာ ခဲများဖွေးနေ၏။ တရားခံကို ဘယ်လိုမှ ရှာလို့မရ။

ဆရာဆရာ့များ လက်မြှောက်လိုက်ကြ၏။

သုံးရက်ရှေ့မှ ပြီးသွား၏။

အနီးကပ်မြင်၍ လူပါရှူးသွပ်မတတ် ဖြစ်ခဲ့ရ၏။

ရင်းအဖြစ်မျိုးသည် မြန်မာပြည်သာမက သိပ္ပံနည်းပညာဖွံ့ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်သော ကမ္ဘာနိုင်ငံကြီးများမှာလည်း ဆန်းကြယ်စွာ ဖြစ်ခဲ့ဖူး၏။ အထင်ကရ ကမ္ဘာ့သမိုင်းမှတ်တမ်းများ ရှိခဲ့၏။

လွန်စွာအံ့သြဆန်းကြယ် ဖြစ်ရပ်များ. . .

ဖြစ်ရပ်ဆန်းကြယ်များစွာ ရှိခဲ့ကြ၏။ ရှိနေကြ၏။ နောင်လည်း ရှိနေဦးမည်ဖြစ်၏။

အချို့က ရုပ်ဝတ္ထုပစ္စည်းဆန်းကြယ်၏။

အချို့ပစ္စည်းများသည် ဆန်းကြယ်သော သိဒ္ဓိပြောက်ပစ္စည်းများ ဖြစ်နေ၏။

အချို့ . . .

လူပုဂ္ဂိုလ်များက ဆန်းကြယ်နေ၏။

ဘယ်လိုသိဒ္ဓိများပြောက်နေသည်ကို ကျွန်ုပ်မသိ။

တစ်နေ့သောအခါ. . .

လွန်စွာထူးခြားဆန်းကြယ်သော လူပုဂ္ဂိုလ်တစ်ဦးကို တွေ့ကြုံသိရှိခဲ့ရ၏။

ဆိုရလျှင် ကျွန်ုပ်ကား စပ်စပ်စုစု လေ့လေ့လာလာ ဝါသနာပါသူ ဖြစ်ရကား ကျွန်ုပ်အဖို့အံ့သြ၏။

ထိုအံ့သြဖွယ်ရာဖြစ်ရပ်ကို ပြန်ပြောပြချင်၏။

အကြွင်းမဲ့ယုံကြည်ပါဟု ကျွန်ုပ်မတိုက်တွန်း

ကိုးကွယ်အားထားရာ အစစ်အမှန်ဖြစ်သည်ဟု ကျွန်ုပ် မတိုက်တွန်း။ အနည်းနှင့်အများ အံ့သြစရာဖြစ်၍ ဝတ္ထုသဖွယ်ရေးသားလိုက်ရခြင်းဖြစ်ရကား စာဖတ်သူများ ခန့်မှန်းစဉ်းစားပြီး ဉာဏ်ဖြင့် သဘောပေါက်ရန်သာဖြစ်လေ၏။

➤ ➤ ➤

□

တစ်နေ့သောအခါ. . .

ကျွန်ုပ်တို့နေထိုင်ရာ ရပ်ကွက်ထဲသို့ လူထူးဆန်းတစ်ဦး ရောက်လာ၏။ လူကြီး၏ရုပ်သွင်ကား မျက်နှာလေးထောင့်သဏ္ဍာန်ရှိ၏။ တစ်တောင်ခန့်ရှည်သော ဆံပင်များက ကျောနောက်ဖက်ပေါ်မှာ ဖားလျားကျပြီး အချို့က မျက်နှာပေါ်အုပ်ဆိုင်းဆိုင်းရှိ၏။

ကိုယ်ပေါ်မှာ မီတ်ဖြူတိုက်ပုံ ညစ်ထေးထေးဝတ်ထားပြီး အောက်ခံစွပ်ကျယ်လက်စက အပေါက်အပြဲကို ဝတ်ထားရကား လက်ဝဲခန့်အပြဲအောက်မှာ အင်းစမကွက်ကြီးကို အထင်းသား မြင်နေရ၏။

လက်ခုံလက်ဝါး၊ လက်ဖျံနှစ်ဖက်ပေါ်မှာလည်း အင်းစမကွက်များရှိနေ၏။ ပုဆိုးက အဖြူရောင်မပေါ်သည့် အဖာဖာ အကွဲကွဲပုဆိုးဒူးပေါ်ပေါင်ပေါ်ရယ်နှင့်။

လွယ်အိတ်ညိုညို ဖောင်းဖောင်းကြီးကို စလွယ်သိုင်း လွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေး၏။ ပြီး လက်ထဲမှာ ရဟာန်းသုံးထန်း လက်ယပ်တောင်ကြီးလည်း ပါလိုက်သေး၏။

လှုပုံစံကား. . .

စိတ်မန္ဒသူကဲ့သို့ရှိ၏။

ခန့်မှန်းအသက် (၇၀)ခန့်ရှိပုံရ၏။ သည့်ထက်လည်း ကြီးနိုင်၏။ သူသည် နတ်ယိုင်သီချင်းတစ်ပုဒ်ကို အော်ကြီးဟစ်ကျယ်ဆို၍ ကခုန်ပြီး ရပ်ထဲသို့ ဝင်လာရကား

ခွေးများ ဥဒဟိုဝိုင်းဟောင်ကြ၏။

သားသည်အမေများက ကလေးခါးတစ်ခွင်ချီ၍ ထွက်ကြည့်ကြ၏။ နှပ်ချေးတွဲလောင်း၊ ချေးလက်လေးသစ်၊ သျှောင်ပေစူး၊ ကတုံး ကျောပြောင်၊ ဖင်ပြောင်၊ ပုဆိုးစလွယ်သိုင်း၊ ခွေလိမ့်၊ ဂေါ်လီပစ်၊ ဖန်ခုံ၊ ဖယ်တောက်၊ သားရေကွင်းပစ်၊ ကလေးအုပ်သည် ထူးခြားလှသော အရူးလိုလူကြီးရှိရာသို့ အာရုံရောက်သွားပြီး ခရီးဦးကြိုပြုကြ၏။

"ရွှေဖျင်းညီနောင် ×
ဖောင်တော်စီးပါလို့ × ×
ရေလှိုင်းတွေက တဖွေးဖွေး × × ရေလှိုင်းတွေက တဖွေးဖွေး
နတ်နန်းရယ် သာလှတယ် × ×
ရွှေနန်းရယ် သာလှတယ် × ×
ဆီးကြိုပါ့ နှမများရယ် × ×
ဆီးကြိုပါ့ ညီတော်များရယ် × ×
ရီလေးလေး × ရီလေးလေး × လေးလေး × ရီးလေးယို"

လူကြီးသည် ၎င်းနတ်ယိုင်သီချင်းကို အသံဝါကြီးနှင့်ဟစ်ပြီး နောက် နတ်ဝင်သည်ကဲ့သို့ အသံကောင်းကောင်းနှင့် ကနေတော့၏။





နှပ်ချေးထုတို့ အုပ်စုကား အဆိုတော် အက,သမားကြီး ရောက်ရှိလာ၍ လွန်စွာပျော်ရွှင်ကြ၏။

အငြိမ့် ဇာတ်ပွဲ ရုပ်သေးဖြင့် ဝေးနေ၍ ယခုလို မြေပေါ် အကသမားကြီးကို အိမ်တိုင်ရာရောက်နီးပါး ရှုစားရသောအခါ

စိန်အောင်မင်းကို ကြည့်ရသကဲ့သို့ နီးနီးပျော်ကြ၏။

ရွှေမန်းတင်မောင်အဆိုကို နားထောင်ရသကဲ့သို့ အားရကျေနပ် ကြ၏။

လူထုအရူးကြီးနံ့ဘေးမှာ ဝိုင်းလိုက်ကြ၏။ လူကြီးကလည်း လမ်းမပေါ်မှာ သီချင်းကို အခါခါကြော်၍ဆို၏။ မြောက်ကြွ မြောက်ကြွနှင့် ကနေ၏။

နတ်ပွဲမှာ ပခန်းကိုကြီးကျော်ဝင်သကဲ့သို့တည်း။

များမကြာမီ အရပ်ခွေးများ. . . ကာလသားများ. . . ကာလ သမီးများ. . . ကလေးအမေများ စူးစူးစမ်းစမ်း လူကြီးများပါ ရောက်ရှိ လာကြပြီး. . .

မြေဝိုင်းအကကို အားပေးသကဲ့သို့ ဖြစ်သွားခဲ့လေ၏။

"ရွှေဖျင်းညီနောင် × ×
ဖောင်တော်စီးပါလို့ × ×
ရေလှိုင်းတွေက တဖွေးဖွေး ရေလှိုင်းတွေကတဖွေးဖွေး× ×
နတ်နန်းရယ်သာလှတယ်× ×
ရွှေနန်းရယ်သာလှတယ်× ×
ဆီးကြိုပါ့ နှမများရယ်× ×
ဆီးကြိုပါ့ နှမများရယ်× ×
ရီးလေးလေး × ရီးလေးလေ × ရီးလေးရီးလေးယို. . .



www.burmeseclassic.com

www.burmeseclassic.com



ဟော့ . . . ညီဘွားတို့ နှမများတို့''

''ဗျာ. . ဗျ''

မှေးနှစ်ယောက်နှင့် ပေါချာချာနှစ်ယောက်က အသံပြုလိုက်၏။

''ဟဲ့. . . နှမတော်များ ခေါ်တာမကြားဘူးလားကွဲ့ ဟော့''

ဒီမှာ နတ်ကတော်ကြီး ဖွားနီလာမြင့်က. . .

''ရှင်. . . အဘ''

''အိမ်း. . . အဲဒီလိုလုပ်ကြပါဟ. . . ငါ့မှာအကျောင်ကြောင်ကြီးရယ် အနန္တောအနန္တငါးပါး မမေ့ကြနဲ့. . . ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ ငါးကြောင်စား ကျန်တဲ့ငါး ဘုရားမ, မတဲ့။ မကောင်းသူပယ် ကောင်းသူကယ်ချိန်ကွယ့် မေတ္တာကရုဏာမုဒိတာပွားကြ။ များကြ။ ဖေးမကြ။ ဒုစရိုက် အမှုကိုရှောင်ကြ။ သုစရိုက်ကုသိုလ်ပြုကြ ဒါကြောင့်မို့ ရွှေဖျဉ်းညီနောင်''

အရူးလို လူကြီးက ရူးသလိုလိုရှိနေပေမယ့် စကားပြောများက ခန့်၏။ သန့်၏။ လေးနက်၏။ အနှစ်သာရလည်း ရှိနေသဖြင့် အချို့က အချင်းချင်းကြည့်ပြီး ခေါင်းညိတ်ကြ၏။

ထိုစဉ်. . .

''ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း''

''ခွပ်. . . ခွပ်. . . ခွပ်. . ခွပ်''

''ဟီး. . . ဟီး. . . ဟစ်. . . ဟီး''

''မြင်းဟော့ . . . မြင်းဟ''

''ဟေး ရှောင်ကြ ရှောင်ကြ''

''ကိုပေသီး မြင်းသိုးကြီးထွက်လာတယ်ဟေ့ ပြေးကြဟ''

''သာအေးတို့ ခွေးပုတို့ ဟဲ့ ကလေးတွေ ပြေး. . . ပြေး''

စိတ်ကူးသစ်စာပေ



''ဟီ. . . ဟီး. . . ဟစ်. . . ဟစ်''

''ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း''

ကလေးအမေများ အော်သံခေါ်သံ၊ ပြေးသံလွှားသံများ ဆူညံသွားသည်။

''ကိုအောင်ကျော်ဦး ကိုအောင်ကျော်ဦး''

''အော့. . . ဘာ. . . ဘာ. . . ဘာလဲ. . . ဟ. . . အော့. . . ရော့''

''အော့တွေ ရော့တွေ လုပ်မနေနဲ့ မြင်းသိုးကြီးပြေးလာပြီ ပြေး''

''နည်းနည်းလောက်ဟေ့''

''ဟာ. . . မသာကြီးနှယ် လာမြန်မြန်''

စောစောက သီချင်းသည် အရူးလိုလူကြီးကို ဝိုင်းကြည့်ပြီး ပျော်နေသည့် လူအုပ်သည် မြင်းဟီသံ မြင်းခွာသံကို ကြားကြသောအခါ လွတ်ရာသို့ပြေးရှောင်ကြတော့၏။

ကိုပေသီး မြင်းသိုးကြီးသည် အလွန်ဆိုး၏။

တစ်ခါတစ်ရံ မြင်းလှည်းဆွဲရင်းမှ ထိန်းမရအောင် ခုန်ပေါက်ပြီး လှည်းကိုလှန်ချ၏။ ပြီး ခြေဦးတည့်ရာကို လူမပါသည့်လှည်းကြီးဆွဲ၍ ကဆုန်ဆိုင်းပြီး ပြေး၏။ စိတ်မလိုလျှင် မြင်းဇောင်းမှ ခုန်ထိုးကန်ကျောက်ထွက်ပြီး တွေ့သမျှလူကို တိုးဝှေ့ကန်ကျောက်လျက် ခြေဦးတည့်ရာ စွတ်ပြေးရကား

မြင်းပိုင်ရှင် ကိုပေသီးခမျာ ပေးလျော်ရသည့်အကြိမ်ကလည်း မနည်း။

အချို့သစ်သီးဆိုင်ကြီးများကို လျော်ရ၏။

မြင်းနင်းကန်သွား၍ ထိခိုက်ဒဏ်ရာရသူများကို ဆေးဖိုးဝါးခ ပေးလျော်ရ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြင်းသိုးကြီးကား အနက်ရောင်ဒေါက်မြင့်ကြီးဖြစ်၏။

လှလှကြွကြွ ဖီးဖီးနိုင်နိုင်ကြီးဖြစ်၏။

စိတ်ကောင်းဝင်လျှင် မြင်းလှည်းဆွဲကောင်း၏။

ဖွဲ့ဖောက်လာလျှင် အလွန်ကြောက်စရာကောင်းအောင် ဆိုး၏။ နလည်း ကိုပေသီးက မြင်းနောက်က ကြိုးနှင့်ကြိမ်နှင့် တရကြမ်းလိုက်နေ၏။ ပေသီးနောက်မှာ သူ့ယောက်ဖ စံကုလားနှင့် သားလုပ်သူ ညီညီထွန်းတို့က ပန်း၍လိုက်နေ၏။

မြင်းသိုးကြီးလည်း အရူးလိုလူကြီးရှိရာသို့ ဒုန်းစိုင်းလာနေ၏။

ဒီမှာ နတ်ကတော် ဒေါ်နီလာမြင့်က အကကောင်း အဆိုကောင်း နေသည့် အရူးလိုလူကြီးအတွက် စိုးရိမ်သွားပြီး. . .

"အဘ. . .ဘ. . .ဘ"

"အို. . .ဘကြီးရဲ့. . .ဘကြီး"

"ဆီးကြိုပါ. . .နှမများရယ်"

"ဒီမှာ. . .ဘကြီးရဲ့"

"ဆီးကြိုပါ. . .ညီတော်များရယ်"

"ဘကြီးရဲ့ ဒီမှာ. . .မင်းသားကြီးရဲ့"

"ဘာတုံးဟဲ့. . .နမရဲ့. . .လန့်လိုက်ပါဘိသနဲ့"

"ဟိုမှာ. . .မြင်းဆိုးကြီးလွတ်လာနေပြီ. . .ရှောင်တော့"

"ဘယ်မှာတုံး. . .သဟ"

"ဟိုမှာ ပြေးလာနေပြီ"

"တွေ့ပါဘူးဟာ. . ."

"ကိုင်း ကိုနားပင်းကြီး။ စုံကွယ်ကြီး။ တော်ဘာသာတော် မြင်းနင်းခံပြီး နတ်ရွာလားတော့"





နတ်ကတော်ကြီး အသည်းယားလာ၍ ပြေးတော့၏။ အရူးလိုလူကြီးကား မျက်နှာပေါ်လက်ဝါးကာပြီး တောင်ကြည့်မြောက်ကြည့်လုပ်နေ၏။

"ဖြောင်း. . .ဖြောင်း. . .ဖြောင်း"

"ခွပ်. . .ခွပ် ခွပ်. . .ခွပ်"

"ဟီးဟီး. . .ဟစ်. . .အစ်. . .ဟီး"

"ဗျို့. . .ရှေ့က အဘိုးကြီးဖယ်နေ ဖယ်နေ"

မြင်းဆိုးကြီးသည် လွှားခနဲ လွှားခနဲခုန်၏။ ပါးစပ်နှင့်လိုက်ကိုက်၏။ ခွာနှင့်ကန်၍ ပြေးနေ၏။

"ဒီအဘိုးကြီးတော့ မာလကီးယားတော့မှာပဲ"

အဘိုးကြီးက မရှောင်။

မြင်းသိုးကြီးသည် သူ့ရှေ့မှ ကိုးယို့ကားယား လုပ်နေသောလူကို မြင်လိုက်သောအခါ ရှေ့လက်နှစ်ချောင်းကိုမြှောက်ပြီး ခွာစုံခုတ်၍ ချလိုက်၏။

"ဟာ. . .သွားပြီ"

"သေပြီနဲ့ တူရဲ့"

"အဘ"

အလန့်တကြား၊ အော်သံများ စိုးရိမ်တကြီးအော်သံများ ပွက်လောရိုက်သွားသည်။ ဒီမှာပဲ အရူးလိုလူကြီးသည် ဦးခေါင်းနှင့် ရင်ဘတ်ပေါ်သို့ ခွာစုံကျလာသည့် မြင်းလက်နှစ်ဘက်ကို ရုတ်ချည်း ချောင်လိုက်ပြီး မြင်းနားကြီးကို ညာလက်နှင့်ကိုင်လိမ်ကာ ဆွဲလှဲချလိုက်ရာ ဒေါက်မြင့်မြင်းသိုးကြီးသည် မြေပြင်မှာ တုံးလုံးလဲကျသွားတော့၏။

"ဟာ"

"ဟယ်"

"အလိုလေး အံ့စရာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ဆန်းလိုက်တဲ့ လူကြီးတော်"

မြင်းသည် မြေပြင်မှာ လဲကျသွားရာမှ လက်နှင့်ခုတ်ရန်ပြင်လိုက်စဉ် လူကြီးမြင်းနှာကြိုးကို ဆောင့်ဆွဲပြီး မြင်းခေါင်းပေါ်လက်နှင့်အုပ်ချလိုက်သောအခါ

လွှန်စွာရိုင်းလှသော. . .

သူသည် သခင်မှတစ်ပါး မည်သူက ကိုင်ထိန်း၍ ထိ၍ အနားကပ်၍မရသော မြင်းဆိုးကြီး ချက်ချင်းငြိမ်ကျသွားခဲ့၏။

ဒီမှာ မြင်းပိုင်ရှင် ကိုပေသီးတို့ သမီးယောက်ဖရောက်လာ၏။

သူတို့လည်း ချွေးသံရွှဲရွှဲနှင့် မြေကြီးပေါ်မှာ တုံးလုံးငြိမ်ပြီး အရူးလိုလူကြီးမျက်နှာ မော့ကြည့်နေသည့် မြင်းသိုးကြီးကိုကြည့်ပြီး အံ့သြနေကြ၏။

"မင်းက မြင်းပိုင်ရှင်လားကွ"

"ဟုတ်. . .ဟုတ်ကဲ့. . .ခင်ဗျ"

"မင်း . . .မြင်းကို. . .မင်း. . .မနိုင်ဘူးလား"

"ဗွေဆိုးတယ် အဘရဲ့ ဗွေဖောက်ရင် အဲဒီလိုဖြစ်ရော"

"ဒီကောင်က ဗွေဆိုးတယ် ဟုတ်လား"

"ဟုတ်တယ် ခင်ဗျ"

"မင်း မြင်းနာမည်. . .ဘယ်လိုခေါ်သလဲကွ"

"မဟူရာတဲ့. . .အဘရဲ့"

ဒီမှာပဲ အရူးလိုလူကြီးက မြင်းနားရွက်ကို လက်နှင့်ဆွဲကိုင်ပြီးနောက်–

"ဟော့ကောင်. . .မဟူရာ"

"မ. . .ဟူ. . .ရာ. . .ငါခေါ်နေတယ်လေ. . .မဟူရာ"





"ဟီး. . .ဟီး. . .ဟစ်. . .ဟစ်"

အံ့ဖွယ်ကောင်းလေစွ။ အရူးလိုလူကြီးက နားရွက်ကို ကိုင်လှုပ်၍ခေါ်လိုက်သောအခါ မြင်းသိုးကြီးသည် အသံထွက်၍ ဟီလိုက်တော့၏။

"ဟော့. . .မဟူရာ ငါ့သားကြီး. . .မင်းဒီနေ့ကစပြီး ဗွေမဖောက်နဲ့ ကောင်းကောင်းနေ။ အရုပ်မြင်းလိုမနေနဲ့၊ နတ်မြင်းလိုနေစမ်း။ ငါ့သား မြင်းလိမ္မာကြီး ကြားလား"

"ဟီး. . .ဟီး. . .ဟစ်"

"ဟယ်"

"ကိုင်း. . .ကြားရင်. . .နားလည်ရင်. . .မင်းဖာသာထစမ်း ငါ့သား"

လူကြီးက ပြောရင်းကနဲ့ မြင်းနှာကြိုးကို လွှတ်ပေးလိုက်သောအခါ မြင်းဆိုးကြီးသည် ကျယ်လောင်စွာ ဟီလိုက်ပြီး ခေါင်းကိုမော့ ...က်ကိုကော့၍ ဝုန်းခနဲထလျက် ကိုယ်ပေါ်မှ မြေမှုန်များ သဲမှုန်များခါ ...လိုက်၏။

ပတ္တမြားမြေ ...က်နေသည့် လည်ဆံများသည် နေရောင်အောက်မှာ ပြိုးပြိုးပျက်ပျက် လက်နေ၏။

"ဟီး. . .ဟီး. . .ဟစ်. . .ဟစ်. . .ဟီး"

မြင်းပိုင်ရှင်ကိုပေသီးသာမက အနီးအနားမှာ ရပ်ကြည့်နေသူများပါ အကြီးအကျယ် အံ့သြသွားကြရ၏။ မြင်းကြီးသည် စောစောကလို ...ဆုန်မဆိုင်းတော့။ 'လူထူးဆန်းအဘိုးကြီး၏ လက်ကို နှာခေါင်းနှင့် ...မ်း၍ပွတ်နေလိုက်သေးသည်ကို ကျွန်ုပ်တို့ အရပ်သားများ မျက်ဝါးထင်ထင် ...ြင်လိုက်ရသောအခါ–

"ဟော့ကောင်. . .မင်းနာမည်. . .ဘယ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"ပေသီးပါ. . . အဘရယ်"

"မောင်ပေသီး"

"ခင်ဗျာ. . . အဘ"

"ဒီနေ့ကစ ခုချိန်ကစလို့ မင်းရဲ့မြင်းကြမ်းကြီးဟာ ချစ်စရာကောင်းတဲ့ မြင်းလိမ္မာကြီးဖြစ်သွားပြီ။ ခေါ်သွားတော့"

"မ . . . ဟု. . . ရာ"

"ဟီး. . . ဟီး"

"သားကြီး. . . လိမ်. . . လိမ်မာသွားပြီနော်။ အဘပြောသလိုလိမ္မာပြီနော်"

"ဟီး. . . ဟစ်"

"အ. . . ဘ"

"ဟေ"

"ကျေး. . . ကျေး. . . ဇူး. . . တင်လိုက်တာ အဘရယ်"

"မလိုပါဘူးကွ"

"အဘ. . . အဘ. . . နာမည် ဘယ် လို ခေါ် လဲ ဟင်"

"ငါ့နာမည်လား"

"ဟုတ်. . . ဟုတ်ကဲ့. . . ခင်ဗျား"

"အဘ. . . ပဲပေါ့ကွာ"

"ဗျာ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ရွှေဖျင်းညီနောင်ဖောင်တော်စီးပါလို့ ရေလှိုင်းတွေက တဖွေးဖွေး"

သူသည် ရယ်ရင်းတန်းလန်းမှ နတ်ချင်းကို အော်ဟစ်သီဆိုပြီး ဟန်ပြည့်မာန်ပြည့် က,၍ ပြေးထွက်သွားတော့၏။

စိတ်ကူးသစ်စာပေ



ကလေး လူကြီးအရွယ်မျိုးစုံထိုသည် ထူးဆန်းသော အရှုးလိုလူကြီးကို ငေးမောကြည့်ပြီး ကျန်ရစ်ခဲ့ကြ၏။

ဒီမှာကိုပေသီးက သူ့မြင်းကြီးမဟုရာကို နှာကြိုးကိုင်၍ ဆွဲလိုက်သောအခါ မြင်းကြီးမဟုရာသည် ရှင်လောင်းလှည့်လိုက်ရသကဲ့သို့ တစ်လှမ်းချင်းလှမ်း၍ လိုက်ပါသွားလေသည်။

➤ ➤ ➤

□

တစ်နေ့သောအခါ ထူးဆန်းတိုက်ဆိုင်သော ဖြစ်ရပ်တစ်ခုသည် ကျွန်ုပ်နေသော ရပ်ကွက်ထဲ၌ ဖြစ်ပေါ်လာပြန်၏။

သူဌေး ဦးချစ်စရာသောင်းဆိုသူသည် သူ့ရဲ့အိမ်တောင်သက်(၂၅)နှစ်မြောက် ငွေရတုကို သူ့တိုက်မှာကျင်းပ၏။

သူ့ဇနီးနာမည်က ဒေါ်သီတာမြင့်ဟူ၏။

ဒေါ်သီတာမြင့်သည် သုံးခွမြို့သူဖြစ်၏။ အရပ်ပုပု အသားညိုညိုနှင့် အရွယ်တင်ရကား အသက် ၅၀ ဟု မထင်ရ၊ အသက် ၃၀ ဟု ထင်ရ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်စရာသောင်းကား ဘိုးဘွားလက်ထက်ကတည်းက ချမ်းသာလာသူဖြစ်ပြီး ယခုလည်း ဆန်စပါးလုပ်ငန်းဖြင့် လွန်စွာချမ်းသာ၏။ ချမ်းသာသလောက် ကြွားကြွားဝင့်ဝင့်နေ၏။ ချမ်းသာသူများနှင့်ပေါင်း၏။ မကြာခဏလည်း သူမည်မျှချမ်းသာသည်ကို ပြလို၍ အကျွေးအမွေးများ မကြာခဏ ပြုလုပ်ပြီး ဖိတ်ခေါ်ကြွားဝါလေ့ရှိ၏။

သူ့ဇနီးချော ဒေါ်သီတာမြင့်ကား အေးအေးဆေးဆေး ရိုးရိုးလေးနေ၏။ ရတနာသုံးပါးမြဲ၏။ အင်ဂျင်နီယာ (လမ်းတံတား) ဘွဲ့ရပြီးသူဖြစ်ပြီး ချစ်ခင်ပွန်းအလိုကျ အလုပ်မလုပ်ဘဲ အိမ်မှာ အလှကြည့် ချစ်လင်အလိုပါရမီကို ဖြည့်နေရရှာ၏။

ယခုလည်း အိမ်ထောင်သက် ၂၅ နှစ်မြောက် ငွေရတုဆိုပြီး "ရှယ်"ကျွေး၍ တန်ရေးပြနေ၏။

တိုက်ဝင်းတွင်းမှာ အဖိုးတန်ပရိဘောဂများကို ပြထား၏။

မယားချောအလှ၏ ဟန်အမျိုးမျိုး ဓာတ်ပုံကြီးများကို ခင်းကျင်းထား၏။

သူကိုယ်နှိုက်ကလည်း အဝတ်အစား အမျိုးမျိုးနှင့် ဟန်ရေးပြ ဓာတ်ပုံများကို ချိတ်ပြထား၏။

ကြွရောက်လာသူများကား ဒံပေါက်နှင့် ရေခဲမုန့်တို့ တစ်ဝကြီး ကြိတ်ပြီး—

"ဦးချစ်စရာသောင်းက ဒေါ်သီတာမြင့်ထက်တောင် နုနေသေးသဗျ"

ဟု မြှောက်ပြောလိုက်သောအခါ ရှေ့ရွှေသွားလေးချောင်းစိုက်ကို မိုးကြိုးပစ်ချခမန်း ပေါ်အောင်ပြုံးပြီး တဟဲဟဲနှင့် သဘောကျနေ၏။

"အဲဒါတောင် ဒီမနက် ရေမချိုးသေးဘူးနော်"





"ရေတော့ မချိုးပါနဲ့ ကိုယ်ချစ်စရာသောင်းရာ"

"ဘာဖြစ်လို့လဲ ကိုမှိုင်းရ"

"ခင်ဗျား ရွှေသွားတွေ မိုးအုံ့သွားမှာစိုးလို့"

"ဝါး. . . ဟား. . . ဟား. . . ဟား"

"ဟာဗျာ ကိုမှိုင်းကတော့ လုပ်တော့မယ်။ ဒါရွှေသွားအစစ်တွေဗျ။ လေးချောင်းကို သုံးကျပ်သားရှိတာရယ်"

ကိုချစ်စရာသောင်းကလည်း ပြောနေသည့်ကြားမှ သူ့ရွှေသွားများ ရွှေအစစ်ဖြစ်ကြောင်း ကြွားနေပြန်၏။

"သိပ်မကြွားနဲ့ ဆရာကြီးရဲ့"

ဒီမှာ ကိုညွန့်ရွှေဆိုသူ ဦးစီးမှူးကြီးက လှမ်းပြောလိုက်၏။

"ဘာဖြစ်လို့တုံးဗျ ကိုညွန့်ရွှေရ ရွှေအစစ်မို့ အစစ်ပြောတာပါ"

"ယုံပါတယ်ဗျာ ခင်ဗျားတတ်နိုင်မှန်း အားလုံးယုံပါတယ်။ သိပ်မကြွားနဲ့ဆိုတာက ဓားပြကြီး မိုးနေပွားကြားရင် ခင်ဗျား သွားလေးချောင်းကို ရိုက်ချိုးပြီး ယူမှာစိုးလို့ဗျို့ ဟား. . . ဟား. . . ဟား. . . ဟား"

"ဟုတ်သားပဲ ကိုကိုကြီးကလည်း"

ဒီမှာ သူ့ဇနီးဒေါ်သီတာမြင့်က အသားမည်းမည်း မီးသွေးတုံးကိုရွှေသွားကြီးရဲ့ လက်မောင်းကို လက်ချင်းချိတ်၍ လှုပ်လိုက်သောအခါ—

"အေးပါ အေးပါ အချစ်ကလေးရာ အဟဲ ဟဲ ဟဲ"

နွားပြာကြီးအောက်သွားများ လွတ်သကဲ့သို့ ပါးစပ်ကြီးဖြဲ၍ တဟဲဟဲလုပ်ရင်း ဒေါ်သီတာမြင့်ပခုံးကို ဖက်လိုက်၏။

မှတ်တမ်းဓာတ်ပုံများက တဖျပ်ဖျပ် တဝင်းဝင်း။

ထိုစဉ်. . .

တိုက်ဝမှာ လူတစ်ယောက်လာရပ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးကား ဆံပင်ဖားလျား စွပ်ကျယ်အင်္ကျီလက်စက ပေါက်ပြဲ ပုဆိုးကွဲနှင့် လွယ်အိတ်ညိုကြီး လွယ်သိုင်းထားသည့် လူကြီး။

အလို. . ဟိုနတ်ချင်းများဆိုပြီးက.သည့် လူထူးဆန်းကြီးပါလား။ စုတ်ပြတ်သပ်သည့် အဝတ်အစားနှင့် သူတောင်းစားလိုလို အရူးလိုလို လူကြီးကို တိုက်အိမ်ဆင်ဝင်အောက် ဘာဂျာတံခါးရှေ့မှာ မြင်လိုက်ရသော အခါ စားသောက်နေသူအားလုံး အံ့သြစွာ လှမ်းကြည့်လိုက်ကြ၏။

ဒီမှာ ဦးချစ်စရာသောင်းနှင့် ကြားဘက်ပြိုင်ဘက်ဖြစ်သော ဦးကောင်းကြိုက်ဆိုသူက ၎င်းလူကြီးကို လက်ညှိုးထိုးပြပြီး. . .

"ကိုချစ်စရာ ခင်ဗျား ဧည့်သည်ရောက်နေတယ် ကြည့်လိုက်ပါဦးဗျ"

ဦးကောင်းကြိုက်ရဲ့ ရွဲ့သဲ့သဲ့ မချိုမချဉ်စကားကြောင့် တိုက်ဝသို့ လှမ်းကြည့်လိုက်သောအခါ စုတ်ပြတ်ပေရေ ညစ်ပတ်သည့် အဝတ်အစားနှင့် သူတောင်းစားလိုလို အရူးလိုလို ဟန်ပန်သဏ္ဍာန် အဘိုးကြီးကို ရုတ်ချည်းမြင်လိုက်ရသော်

မျက်နှာ ကွက်ခနဲပျက်သွားပြီး. . .

ချက်ချင်းနီရဲလာကာ ရှူးရှူး ရှားရှားနှင့် တိုက်ဝသို့ လှမ်းသွားလိုက်၏။

"အဘိုးကြီး. . . ခင်ဗျားဘာလာလုပ်တာလည်း"

"အလှူလုပ်နေတယ်လို့ ကြားလို့ဝင်လာတာပါ"

"သွား. . . သွား. . . အခုချက်ချင်းထွက်သွား သွားလေ"

"သွားဗျာ. . . ဒါ. . . ခင်ဗျားကိစ္စမဟုတ်ဘူး"

"အလှူလုပ်နေတာဆို"

"သွားဗျာ. . . ဒါ. . . ခင်ဗျားကိစ္စမဟုတ်ဘူး။ ခုထွက်သွားမသွားဘူးလား. . . သံချောင်းတို့. . . တုတ်ကြီးတို့လာကြစမ်းဟေ့"





"ထမင်း. . . ဆာ. . . ဆာနေလို့ပါကွာ။ နည်းနည်းလောက်"

"ဟေ့ကောင်တွေ ဒီသူတောင်းစားကြီးကို ဆွဲထုတ်လိုက်ကြစမ်း။ တောက်"

"လာ. . . အဘိုးကြီး. . . လာစမ်း"

အလုပ်သမား တပည့်များဖြစ်ကြသည့် သံချောင်းနှင့်တုတ်ကြီးတို့က အဘိုးကြီးကို တွန်းဆွဲ၍ အပြင်သို့ထုတ်လိုက်ကြ၏။

"ဆာလွန်းလို့ပါမောင်ရင်တို့ရာ အကြွင်းအကျန်လေးဖြစ်ဖြစ်"

"သွားစမ်းဗျာ လျှာမရှည်နဲ့သွား"

သည့်နောက် ခြံစည်းရိုးတံခါးကိုပိတ်၍ တံခါးဝမှရပ်ပြီး သီးသန့်ဖိတ်ကြားထားသည့် ဧည့်သည်များကို စောင့်နေကြ၏။

"ကိုကိုကြီး"

"ဘာလည်း သီတာ"

"သနားပါတယ်. . . ကိုကိုကြီးရယ်. . . ခုမြာဆာလွန်းလို့ပါတဲ့ အကြွပ်အိတ်နဲ့ထည့်ပြီး သွားပေးခိုင်းလိုက်ပါ"

"အိုကွာ သီတာကလည်း ကျက်သရေမင်္ဂလာရှိတဲ့ ငွေရတုများ သူတောင်းစား တိုက်ထဲဝင်လာတာ မင်္ဂလာမဟုတ်ဘူးကွ။ သူ့လိုလူနဲ့ ရော ဒန်ပေါက်နဲ့ ရေခဲမုန့်တန်လို့လား"

"သနားလို့ပါ ကိုကိုကြီးရယ်"

"နေစမ်းပါကွာ ဟိုမှာဧည့်သည်တွေလာနေပြီ"

ထိုနေ့က ဦးချစ်စရာသောင်းနှင့် ပြိုင်ဘက်ကြားဘက်များဖြစ်ကြသော ဦးကောင်းကြိုက်တို့ ကျော်ပွေးဆင့်တို့ အုပ်စုက

"ဖြုန်းခနဲဆိုတော့ ကိုချစ်စရာသောင်းရဲ့ ရွာက ဘကြီးဝင်လာတယ်မှတ်လို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား"

"ခန့်ချောကြီးပျနေဘု"

ကိုချစ်စရာသောင်းကား ကြားပင်ကြားသော်လည်း နားမကြား ဟန်ပြု၍ ဂုဏ်သရေရှိမိတ်ဆွေများကို ရွေသွားလေးချောင်းဖော်ပြီး အားရ ပါးရပြုံးပြနှုတ်ဆက်လျှက်–

➤ ➤ ➤

❒

အရှုးလိုလိုလူကြီးသည် တုန်ယင်သောခြေလှမ်းများဖြင့် ဈေးပ်ပျက်ထဲသို့ ဝင်လာလိုက်၏။ နဖူးမှချွေးသီးများအား ပုဆိုးခါးပုံစဖြည်၍ ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ပြီး ဈေးပ်ပေါ်တက်ထိုင်ကာ သက်ပြင်းများကို ချ၍ နေလိုက်၏။

လှည့်ကြား၍ မျက်စိဝေ့ကြည့်လိုက်တော့. . .

သူနှင့် မလှမ်းမကမ်းမှာ သူတောင်းစား မြေးအဘွားဒန်ခွက်ထဲ နှိုက်၍ထမင်းစားနေကြ၏။

အဘွားကြီးက အသက် ၅၀ ခန့်ရှိ၏။ ပိန်လှီပြီး အရိုးပေါ်





အရေတင် မြေးလုပ်သူကား အသက် ၅ နှစ်ခန့်ရှိ၏။ အင်္ကျီစုတ် ဘောင်း ဘီတိုစုတ်ကလေးနှင့်

"မောင်ကြီး စားပါဦးရှင်"

"ဟော"

"စားပါဦးလား တော် လာလေ"

အဘိုးကြီး အံ့သြသွား၏။ သူတောင်းစားအမယ်အိုက ထမင်း ခွက်ကိုမြှောက်၍ လှမ်းခေါ်နေ၏။

အရူးလိုအဘိုးကြီးက ကပျာကယာ ဝမ်းသာအားရ သူမတို့အနီး သို့ လှမ်းသွားလိုက်၏။

"ဘာနဲ့ စားနေကြတာလဲ နှမကြီးရဲ့"

"အိမ်တစ်အိမ်က ပေးလိုက်တာပါ မောင်ကြီးရယ်။ ဟင်းက ငါးပိရည်ပါပဲ"

"အို"

"စားလေမောင်ကြီး မောင်ကြီးကြည့်ရတာ ဆာနေပုံပဲ"

"မဆာပါဘူး နှမကြီးရယ် စား. . . စား။ နှမတို့မြေးအဘွားစား ကြ။ ခဏလေးနေဦး"

ဒီမှာ အဘိုးကြီးက လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်၏။ လက် ပြန်ထုတ်လိုက်တော့ လက်ထဲမှာ ဘယာကြော်သုံးခုပါလာသည်။ ၎င်း ဘယာကြော်သုံးခုကို မြေးအဘွားကို လှမ်းပေးလိုက်သည်။

"ဒါနဲ့ စားကြ. . . ရော့ ယူလေ နှမကြီးရဲ့"

"အို. . . ရှင်"

"ရော့ပါဟာ ကလေးလည်းကျွေး"

"မောင်ကြီးက ဘာစားမှာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါသေးတယ်ဟာ စားကြ ရော့"

အမယ်အိုက တုန်ယင်သောလက်ဖြင့် ဘယာကြော်ကို လှမ်းယူပြီး မြေးတို့နှစ်ခုပေး၏။ ကျန်တစ်ခုကိုကိုင်ပြီး ပါးစပ်မှာ ဆုတောင်းစကားများ ရွတ်နေ၏။

"ကျွန်မရဲ့မောင်ကြီး ကျန်းမာပါစေ. . . ဘယာဘေး ဒုက္ခဘေးများမှ ကင်းဝေးပါစေ လိုရာဆန္ဒများ ပြည့်ဝပြီး လှူနိုင်တန်းနိုင် သာသနာပြုနိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါစေသော်"

ဆုမွန်ကောင်းများ တောင်းရင်း ဘယာကြော်လေးကိုကြည့်၍ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာ၏။

၎င်းနောက် မြေးအဘွားနှစ်ဦး ဘယာကြော်လေးကို ကိုက်လိုက် ထမင်းကို နှိုက်စားလိုက်နှင့် ခေါင်းမျှ မဖော်နိုင်ကြ။

အဘိုးအိုလူထူးကြီးက ၎င်းတို့မြေးအဘွားနှစ်ဦး အားရပါးရ စားနေသည်ကိုကြည့်ပြီး ကျေနပ်ဝမ်းသာ ခေါင်းတညိတ်ညိတ်. . .

"နှမကြီး"

"ရှင် မောင်ကြီး"

"နေ့စဉ် စားရေးသောက်ရေးအဆင်ပြေရဲ့လား"

"တောင်းလို့ရမ်းလို့ရတဲ့နေ့လည်း ရသလိုပေါ့မောင်ကြီးရယ် မရတဲ့နေ့လည်း မရသလိုပေါ့"

"ဆွေမျိုးသားချင်းမရှိဘူးလား"

"မရှိပါဘူး မောင်ကြီး၊ မြေးရဲ့ အဖေနဲ့အမေလည်း ဆုံးသွားပြီ နောက်ဆုံးကျန်တာလည်း ကုန်ပါပြီ။ လူကလည်း လုပ်လို့လုပ်ရဲ့မှ အားကိုးမရှိတော့ တောင်းမစားချင်ဘဲ တောင်းစားနေရတာပေါ့ မောင်ကြီးရယ်။ တစ်နေ့ တစ်နေ့ကျရင် ဒီမြေးကို ဘုန်းကြီးကျောင်းမှာ အပ်ခဲ့ရမှာပဲ။





အင်း. . . သင်းကလေးကလည်း ဘွားအေနဲ့မခွဲနိုင်တော့ သူလည်း. . ."

"နှမကြီးရယ်"

"ရှင်"

"ရော့"

"ဘာလဲဟင်. . . ဟင်"

အမယ်အို လှမ်းကြည့်လိုက်တော့ လူကြီးရဲ့လက်ထဲမှာ မတ်စိကလေးတစ်စေ့ . . .

"မတ်စေ့ အဲဒါကိုသုံးမပစ်နဲ့ ကိုယ်နဲ့မကွာဆောင်ထား။ ငွေကြေးများရလာရင် ဘဝကို ဒီလိုဘဝမျိုးနဲ့ ဖြတ်မသိမ်းနဲ့၊ ဘဝကူးကောင်းအောင်လုပ် ထစ်နေ့ညည်းတို့ဆင်းရဲတွင်းက လွတ်မြောက်လိမ့်မယ်ကွဲ့။ ရတနာသုံးပါးမမေ့နဲ့. . . ယက်သွဲ့ကြားငါးတင်၊ တင်တဲ့ငါးကြောင်စား ကျန်တဲ့ငါးမှ ဘုရားမ, မတဲ့။ ဒါန သီလ ဘာဝနာ မမေ့မပေါ့ကြနဲ့ ကျုပ်သွားတော့မယ်ရော့"

"မောင်ကြီး"

"ဘာလဲ နှမ"

"မောင်ကြီး ဘယ်ကိုသွားမှာလဲ ဟင်"

"ဟို ဟို. . . ဒီ ဒီပဲပေါ့"

"မောင်ကြီးကို နှမတွေ့ချင်သေးတယ်"

"ဘာလုပ်ဖို့"

"မောင်ကြီးရဲ့ကျေးဇူးရှိခဲ့ဖူးလို့ တစ်နေ့ ကျွန်မ ချွေးနည်းစာနဲ့ ထမင်းကျွေးချင်လို့"

"သာဓု. . . သာဓု. . . သာဓု. . . နှမ ဒီအသိတရားရှိရုံ ကြားရုံမျှနဲ့ မောင်ကြီးနှမကို လေးစားခင်မင်ရပါတယ် နှမရယ်။ မင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သာပါတယ်။ ကံကြုံရင် ပြန်ဆုံကြတာပေါ့ သွားပြီဟေ့''

''မောင်ကြီး'

''ဘိုးဘိုး ဘိုးဘိုးကြီး''

ထွက်သွားမလို လုပ်နေသည့် သူ့ကိုမြေးအဘွားနှစ်ယောက်က အော်၍ ခေါ်ကြပြန်၏။

''ဘယ်နှယ်လဲ. . . နှမနဲ့မြေးလေး''

''မောင်ကြီး မောင်ကြီး နာမည်လေး ပြောခဲ့ပါ မောင်ကြီးရယ်''

''မောင်ကြီးနာမည်လား''

''အင်း''

''မောင်ကြီးနာမည်က 'မောင်ကြီး'ပဲပေါ့ နှမရယ်''

''ရှင်''

သူချာခနဲ လှည့်၍ပြေးထွက်သွား၏။ ဇရပ်ပေါ်မှာ မြေးအဘွား နှစ်ယောက် မတ်စေ့လေးကို ဆုပ်ကိုင်ရင်း ပါးစပ်အဟောင်းသားနှင့် ငေးမော၍ ကျန်ရစ်ခဲ့လေသည်။

➤ ➤ ➤

□

ဖြစ်ပုံများက ဆန်းကိုဆန်းနေ၏။

ကြည့်စမ်း. . .

(၂၅)နှစ်မြောက် အိမ်ထောင်သက် ငွေရတုကျွေးမွေးပွဲအပြီး ညနေစာစားချိန်မှာ ကိုချစ်စရာသောင်းတစ်ယောက် လည်ပင်းတစ်လျှောက် နာကျင်လာ၏။ ပထမ ရိုးရိုးနာသည် ထမင်းလုပ်ကို မျိုချတော့ နင်နေသလိုရှိ၏။

သို့နှင့် ဇနီးသည်လှမ်းပေးသည့် သောက်ရေနှင့်မျောချလိုက် သည်။

ရုတ်ချည်း ထမင်းနှင့်ရေများ ပြန်အန်ထွက်လာပြီး အန်တော့ ၏။ အန်လိုက်သမှ တဝေါ့ဝေါ့။ အန်ပြီး မကြာခင်မှာလည်း ပါးစပ်များ လေးလာကာ နောက်ဆုံးပါးစပ်ဟာမရတော့။

ဇနီးသည် သီတာမြင့်လည်း လန့်သွားသည်။

''ကိုကိုကြီး ကိုကိုကြီး ဘာဖြစ်သွားတာလဲဟင် ဟင်''

''အူး ဟူး''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်မှ စကားပြောထွက်၍မရ။ နှာခေါင်းမှ တအူးအူးအသံပြုရင်း ပါးစပ်ဟ၍ မရတော့ကြောင်း လက်ညှိုးထိုး၍ ပြောတော့၏။

ဒေါ်သီတာမြင့်အိမ်ဖော်များကို လှမ်းခေါ်ရင်း အိမ်နီးချင်းကျွန်ုပ်ကိုလှမ်းခေါ်၏။ ကျွန်ုပ်ရောက်သွားချိန်၌ ကိုချစ်စရာသောင်းသည် အံကြိတ်နေသလို ပါးစပ်ကြီးပိတ်ပြီး လည်ပင်းကို လက်နှစ်ဖက်နှင့် အုပ်လိုက်ကာ လန့်ဖျပ်ကာ မျက်လုံးပြူးနေ၏။ နောက်ဆုံးဆေးခန်းသို့ပြေးရ၏။ ပြနေကျ မိသားစုဆရာဝန်က လိုအပ်သလိုစစ်ဆေးပြီး ဆေးရုံကြီးသို့လွှတ်လိုက်၏။

ဆေးရုံကြီးရောက်တော့ တာဝန်ကျဆရာဝန်က သေသေချာချာ မေးမြန်းစစ်ဆေး၏။ မကြာခင် ဆရာဝန်ကြီးရောက်လာသည်။ လိုအပ်သောဆေးဝါးများ ညွှန်ကြား၍ ဆေးထိုးပေးသည်။

ဆေးသောက်၍မရ။

အကြောင်းကား ပါးစပ်က မေးစေ့နေ၏။

မေးခိုင်ရောဂါဟု ထင်ကြသော်လည်း မေးခိုင်ရောဂါမဟုတ်။ သို့နှင့် ပိုက်နှင့်အကြောများကို ဆေးသွင်းကြထိုးကြသည်။

ဆေးရုံ၌သုံးရက်ကြာသည့်တိုင် ပါးစပ်က ဘယ်လိုမှဟ၍မရ။ ဖွင့် ၍မရ။ ကိုချစ်စရာ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးလိမ့်ကျနေပြီ။ အစဉ် ရှိုက်ငိုကာ နှာခေါင်းသံနှင့်အော်ဟစ်နေ၏။

''မသီတာ''

''ရှင်. . . ကိုကျော်ငြင်းလူ''

''ကျုပ်တော့ တစ်ခုခုပဲလို့ ထင်တာပဲဗျာ''

''ဘယ်လိုထင်လို့လည်း အစ်ကိုကျော်ငြင်းလူရယ် ဟီး ဟီး''

မသီတာမြင့်သည် လင်သားလုပ်သူ၏ ဇောဂါအဖြစ်ဆန်းကို ကြည့်ပြီး ချုံးမည်းချငိုနေ၏။





''ကျုပ်အထင်ကိုပြောရရင်. . . ခင်ဗျားတို့ အလှူနေ့ကလာပြီး ထမင်းတောင်းတဲ့ဟို လူထူးဆန်းကြီးကို မှတ်မိလား''

''ဆံပင်ရှည်ရှည် ရင်ဘတ်နဲ့ လက်ဝါးခုံပေါ်မှာ အင်းစမကွက်နဲ့ အရူးလို လူကြီးလားဟင်''

''အေးပေါ့. . . ဒီလူကြီးကိုများ စော်ကားမော်ကား ပြောဆိုနှင်ထုတ်လို့များ ဖြစ်သလား မသိဘူး''

''အဲဒီလိုဖြစ်ရအောင် ဒီလူကြီးက ဘာမို့လို့လဲ ကိုကျော်လူရဲ့''

''ဒါတော့ ကျုပ်လည်းသေသေချာချာ မသိဘူးဗျ''

''ဒုက္ခပါပဲရှင် မသိဘဲနဲ့များ ခက်လိုက်ပါဘိတော်''

''ဒါပေမဲ့ ဒီလူကြီးနဲ့ ပတ်သက်ပြီး ထူးဆန်းတာကို ကျုပ်မျက်စိနဲ့ ကိုယ်တိုင်တွေ့ဖူးလို့ဗျာ. . . မသီတာရ''

''ပြောရှင်. . . ဘာလို့လဲပြော''

ဒီမှာ ကျွန်ုပ်က ကိုပေသီး မြင်းဆိုးမြင်းကပ်မြင်းဖွေဆိုးကြီးကို ချက်ချင်း ထိုလူကြီးကောင်းသွားအောင် လုပ်လိုက်သည့် ဖြစ်စဉ်ကို ပြောပြလိုက်၏။

''အဲဒီတော့''

''ဒီလူကြီးဟာ အရူးလိုလိုတော့ အရူးရူးလိုလိုပဲ။ ဒါပေမဲ့ သူဟာ အနည်းနဲ့အများ ထူးဆန်းတဲ့ပုဂ္ဂိုလ်လို့ ကျုပ်ထင်တာပဲ။ ခုကိစ္စကလည်း သူက အလှူအိမ်လို့မှတ်ပြီး ထမင်းလာတောင်းစားတာ။ ဒါကို ခင်ဗျား ယောက်ျားက အော်ငေါက်တွန်းထိုးနှင်လွှတ်လိုက်တယ်။ ကျုပ်က ဒီအရူးလိုလူကြီး ပြုစားလိုက်တာလို့ ပြောတာမဟုတ်ဘူးနော်။ သူဟာ ဘာပုဂ္ဂိုလ်လည်းကျုပ်မသိဘူး။ ဒါပေမဲ့ သူ့မှာ အကျင့်သီလနဲ့ စပ်လျဉ်းတဲ့ ဒါမှမဟုတ် ရှေးဂမ္ဘီရစကားနဲ့ပြောရရင် သိဒ္ဓိသီလတစ်ခုခုနဲ့ အစွမ်းရှိထားပုံ



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျုပ်ကောက်ချက်ချချင်တယ်။ အဲဒီလို ပုဂ္ဂိုလ်ကို စော်ကားမော်ကား ပြောဆိုမိလို့များ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာက ဒဏ်ခတ်လိုက်လေရော့သလားလို့''

''ဒါ. . . ဒါဆို ဟုတ်သော်ရှိ မဟုတ်သော်ရှိ အဲဒီလူကြီးကို ရှာဖွေပြီးတောင်းပန်ရင် ကောင်းသွားနိုင်မလားဟင် ကိုကျောင်းလူ''

''တပ်အပ်တော့ မပြောနိုင်ဘူးပေါ့ဗျာ. . . သိပ္ပံနည်းနဲ့ ကြန့်ကြာနေရင် ဝိဇ္ဇာနည်းနဲ့တော့ စမ်းကြည့်ရမှာပေါ့''

''ဒါဆို အစ်ကိုကျောင်းလူ အဲဒီအဘိုးကြီးကို တွေ့အောင်လိုက်ရှာပေးပါ။ အစ်ကိုကျောင်းရယ်နော်. . . နော် အစ်ကို''

''အေး. . . ကျုပ်လိုက်ရှာပေးမယ်။ ချစ်စရာကို အကျိုးအကြောင်းပြောပြထား''

သို့နှင့် ကျွန်ုပ်သည် လူထူးဆန်းအရူးလိုလို လူကြီးကို အရှာထွက်ခဲ့၏။ ဦးစွာ ဈေးဝန်းကျင်မှာရှာ၏ မတွေ့။

ဆိုက်ကားသမား ကားသမားများကိုမေး၏။ မသိပါ မမြင်ပါဟု ပြောကြ၏။

တစ်နေကုန်လိုက်ရှာရာမှ ကံကောင်းချင်တော့ အသုဘပို့ပြန်လာသည့် လူများနှင့်ကြုံပြီး ( ) သင်္ချိုင်းမှာတွေ့ခဲ့ကြောင်း အသုဘအလောင်းချခါနီး ရွှေဖျင်းညီနောင်နတ်ချင်းကို အော်ဆို၍က နေကြောင်း ပါးစပ်မှလည်း အပါယ်လေးပါးအကြောင်း အကုသိုလ် ကုသိုလ်အကြောင်း တဘောင်လိုလို သိုက်စာလိုလို စကားများ ဂူပေါ်တက်အော်ပြောပြီး. . .

ခေါင်းပေါ်မှ စားမြိန်အထုပ်ကို အလှူခံ၍ ဂူတစ်လုံးပေါ်မှာ ထိုင်စားနေကြောင်း သတင်းရလိုက်သောအခါ

မြင်းလှည်းစီးလုံးငှားပြီး ( )သင်္ချိုင်း ရှိရာသို့ အားချင်းထွက်





လာခဲ့လိုက်သည်။ သင်္ချိုင်းရောက်တော့. . .

သူတောင်းစားကြီးကို ဂူကြီးတစ်လုံးပေါ်မှာ အခန့်သင့်တွေ့ရ၏။

လူကြီးမင်းကား လွယ်အိတ်ကြီးကို ခေါင်းအုံး၍ အိပ်ပျော်နေ၏။ ပါးစပ်မှ တခူးခူးတခေါ်ခေါ် ဟောက်နေ၏။

ပုဆိုးကား ဒူးအထက်ထိလန်နေ၏။

တောင်လေလာရာ အရပ်ကို ခြေပေးပြီး အိပ်နေ၍ အခြေအနေက ကြာလျှင် မြင်မကောင်းနိုင်တော့။

သူ့ဂူအနီးမှာ သင်္ချိုင်းခွေးနှစ်ကောင်က ခွေ၍နေ၏။ ကျွန်ုပ်ကို မြင်တော့ တိုးဟောင်ပြီး ပြေးကြ၏။

''အဘ အဘ''

''ခူး. . . ခလော. . . ဂူး. . . ဂူး''

''ဘကြီး. . . ဗျို့. . . ဘကြီး. . . ထပါဦးခင်ဗျ''

''ဂူး. . . ဂူး. . . ခလော. . . ဂူး. . . ခလော''

အလိုလေး အော်နိုးမှပို၍ပင် ဟောက်နေသေး၏။ သို့နှင့် သူ့နားနားကပ်၍ အော်ရတော့၏။

''ဗျို့ ဘကြီး''

''အင်း. . . ခလူး. . . ခေါ''

''အဘ. . . ဘကြီး. . . ဗျို့. . . အဘ''

ခေါ်မရသည့်အဆုံး လှုပ်နိုးရတော့၏။ ဒီမှာသူလန့်၍ နိုးလာပြီး မြန်းခနဲ ငုတ်တုတ်ထထိုင်တော့၏။

''သောက်ကျိုးနည်းလန့်လိုက်တာကွာ။ အိပ်မက်ကောင်းနေတုန်း မင်းက ဘာလို့ လာနှောင့်ယှက်ရတာလဲကွ။ မင်းဘယ်ကလည်း အာဘကောင်လှည်း''



www.burmeseclassic.com

www.burmeseclassic.com



"အဘနဲ့တွေ့ချင်လို့ပါ"

"ဘာကြောင့်မင်းက ငါနဲ့တွေ့ချင်ရတာလဲ. . . ဘာကိစ္စလည်း"

"အရေးတကြီး ကိစ္စကြောင့်ပါ. . . အဘရာ သိပ်အရေးကြီးလို့ပါ"

"ဒါဆို. . . မြန်မြန်ပြောကွာ ပြောပြီးရင်ပြန် မြန်မြန်သာပြန်၊ ငါစောစောက မင်းကြောင့် ပြတ်သွားတဲ့အိပ်မက်ကို ပြန်ခေါ်ပြီး ဆက်မက်ရဦးမယ်"

ဒုက္ခာ. . . ဘယ်လိုလူထူးလူဆန်းမျိုးနဲ့ လာတွေ့နေမှန်းမသိ။ ပြတ်သွားတဲ့ အိပ်မက်ကိုပြန်ခေါ်ဆက်မက်ရဦးမည်တဲ့။

သို့နှင့် ကျွန်ုပ်က သူ့ဒွေး ကိုချစ်စရာသောင်း ပါးစပ်ဟာမရဘဲ ဆေးရုံတင်ထားရသည့်အကြောင်းကို ပြောပြလိုက်၏။

"ဆေးရုံတင်ထားရင် ဆရာဝန်ကုလိမ့်မှာပေါ့ကွ"

"ဆရာဝန်ကြီးကလည်း ရောဂါရှာမရဘူးတဲ့ အဘရယ် ."

"ဟ–ငါက ဗိန္ဒောမှုနားမလည်တာ ဉစ္စာ။ သွားစမ်းပါကွာသွား"

"အဘကလည်း ကိုပေသီးရဲ့ တစ်သက်လုံးထိန်းမရ သိမ်းမရ ဖွေဆိုးမြင်းကြမ်းကြီးကိုတောင် ချက်ချင်း မြင်းလိမ္မာ မြင်းယဉ်ကျေးကြီး ဖြစ်သွားအောင် အဘပဲ လုပ်ပေးလိုက်သေးတာဉစ္စာ ခုဟာကလည်း ဘာပဲဖြစ်ဖြစ် ကိုချစ်စရာက အဘကို သူမှားသွားကြောင်း ဝန်ချတောင်းပန် ကန်တော့ချင်လို့ပါဘဲ. . . သူ့ဇနီးကလည်း အဘကို အပါခေါ်ခဲ့ပါလို့ မှာလိုက်လို့ပါခင်ဗျာ"

"ဩော်. . . ဟို အသားညိုညို ကောင်မလေးလား"

"ဟုတ်ကဲခင်ဗျ. . . မသိတာမြင့်လို့ ခေါ်ပါသဗျ"

"အင်း သင်းကလေးက စိတ်ကောင်းနှလုံးကောင်းရှိပုံလေးပဲ"





"ဘာကယ့်ကို စိတ်ကောင်းရှိတာပါ အဘရယ်။ သင်းယောက်ျားကသာ လူမှန်းသူမှန်း သူတော်ကောင်းမှန်း ဘာမှန်းညာမှန်း မသိတာ အဘရဲ့"

"ဒီမှာ လူထူးဆန်းကြီးက ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်ပြီးနောက်–

"ဒါဆို မင်းက ဘာမှန်းညာမှန်း သိတယ်ပေါ့"

"အဲ. . . အဲ အဟဲ အဲ. . . အဘကိုတော့"

"ဘာဖြစ်လဲ၊ ငါက ဘာဖြစ်လဲ ရှိုးပါဦး ဖြီးပါဦး။ မင်းလည်း ဇလွန်ကျော်ဦးနဲ့ ကြည့်တင့်နိုင်ဆိုတဲ့ တရုတ်ဘိန်းစား နှစ်ကောင်လိုနေမှာ။ ရှိုးနဲ့ ဖိန့်တာ မြှောက်တာတော့ သိကြားမင်း ဦးမာဃပလ္လင်နဲ့ ခေါင်းနဲ့တောင် ဆောင့်မိအောင်ကို ပင့်တဲ့ကောင်တွေ ထို့"

"ခဏလေးပါအဘရာ အကန်တော့ခံရုံလေးပါ လာပါဗျာ"

ကျွန်ုပ်က ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသကဲ့သို့ ချွဲပင့်ပြီး ဆွဲချတော့မှ သူ့လွယ်အိတ်ကြီးကောက်လွယ်ပြီး မြင်းလှည်းပေါ်တက်လိုက်၏။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

□

ဆေးရုံရောက်တော့ ကိုချစ်စရာတို့ မရှိတော့။ လန့်သွားဏ်။ မေးကြည့်မှ ဆင်းသွားပြီတဲ့။ သို့နှင့် အိမ်ကိုတန်းလိုက်သွားခဲ့ကြရသည်။

အိမ်ရောက်တော့ သူတို့ကိုတွေ့ရ၏။

''ဘာလို့ဆင်းလာရတာလဲ မသီတာ''

''ဆရာဝန်ကြီးက အိမ်မှာ အနားယူပါ. . . စိတ်ကို အပန်းဖြေပါတဲ့။ အာရုံမများနဲ့တဲ့ တစ်ပတ်တစ်ခါ ပုံမှန်လာပြပါတဲ့။ အာရုံကြောနဲ့ ဆိုင်ပုံရလို့ ဆေးပတ်လည်လို့ မသက်သာရင် အာရုံကြောဆိုင်ရာနဲ့ ဆက်လက် စမ်းသပ်စစ်ဆေး ကြည့်သင့်ကြည့်ရမယ်လို့ ပြောလိုက်တယ်အစ်ကို ကျောင်းလု။ လူနာအတွက် သီးသန့်သူနာပြု ဆရာမက နာခေါင်းပိုက်နဲ့ သီးသန့်စီစဉ်ပေးမှာပါ''

''ချစ်စရာရော''

''အခန်းထဲမှာ ကျွန်မခေါ်လိုက်ပါ့မယ်. . . အဘထိုင်ပါရှင် ထိုင်ပါ''

လူထူးဆန်းကြီးသည် အခု သူ့ကိုနှင်လွှတ်ခဲ့သည့်တိုက်ခန်းအိမ်





ထဲပြန်ရောက်လာရ၍ သူ့ဘာသာသူ အံ့သြနေ၏။

တောက်ပပြောင်လက်နေသည့် ဆက်တီများပေါ် မထိုင်ဝံ့၍ လျှာ ထိုးကြမ်းခင်းပေါ် တင်ပျဉ်ခွေထိုင်ရန် ပြင်လိုက်စဉ်–

''အို. . . အဘ ဒီဆက်တီပေါ်မှာထိုင်ပါ. . . အဘရဲ့ထိုင်ပါ''

သို့နှင့် လူထူးဆန်း ပြူတ်စဖျင်းတောင်းကြီးက ဆိုဖာဆက်တီပေါ်သို့ မဝံ့မရဲ ထိုင်ချလိုက်၏။ ဆိုဖာထဲ သူ့တင်ပါးမြုပ်သွား၍ လန့်ပြီး ပြန်ထ၏။ ၎င်းနောက် ကျွန်ုပ်ကို စပ်ဖြဲဖြဲရယ်ပြရင်း ထိုင်ချလိုက်လေသည်။

အဘိုးကြီးစဉ်းစား၏။

စောစောအချိန်က အုတ်ဂူမာမာပေါ်မှာ အိပ်စက်ခဲ့၏။ ယခု အကောင်းစား ဆိုဖာအိအိပေါ်မှာ သူရောက်နေသည်။

ဘဝဆိုသည် မတည်ငြိမ်ပါကလား။

မတည်တန့် မတည်ငြိမ်၍ ဘဝဟု ခေါ်ကြရော့သလား။

ဘဝဆိုသည် နိမ့်တုံမြင့်တုံ သဘောရှိနေပါကလား။

သို့ကလို သုံးသပ်နေစဉ် လူမမာကိုချစ်စရာသောင်း၏ ဇနီးသည် အထူးသီးသန့်သူနာပြုဆရာမနှင့်အတူထွက်လာ၏။ ကိုချစ်စရာသောင်း သည် သူနှင်ထုတ်လိုက်သည့် ဆံပင်ရှည်ရှည် အင်းစမကွက်ကြီးနှင့် လူကြီးကို တွေ့မြင်လိုက်ရသောအခါ မျက်နှာအလွန်ပျက်၍ ရှက်သွား၏။

တိုက်ပုံရင်ကွဲနှင့် ဆံရှည်အဘိုးကြီးကိုလည်း သူတစ်ချိန်က အော်ငေါက် နှင်လွှတ်ခဲ့သည်။

အိမ်ရှင်သူဌေး ကိုချစ်စရာသည် ဘဝတိုက်ပုံလူထူးဆန်းအဘိုးကြီး ရှေ့မှာထိုင်၍ ဦးသုံးကြိမ်ချလိုက်၏။

အဘိုးကြီး လွန်စွာအံ့သြသွား၏။

သူ့ကိုထိုင်၍ ကန်တော့နေသူသည် သာမန်လူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုကျိုတက်ချမ်းသာသော သူဌေး . . .

စောစောပိုင်းက သူဌေးက သူ့ကိုနှင်ထုတ်၏။

အခု သူဌေးက သူ့ကိုထိုင်ကန်တော့နေ၏။

ဘဝတွေဆန်းပြားလှချေကလား. . .

သံသရာအတုံ့အလှည့်က ဒါတဲ့လား. . .

"လူကလေး မင်းဘာဖြစ်လို့တုံး"

ဒီမှာ ကိုချစ်စရာက သူ့ပါးစပ်ကို လက်ညှိုးနှင့်ထိုး၍ စကားပြောမရ၊ ဟမရကြောင်း ရှင်းပြနေ၏။ နှာခေါင်းပိုက်က တန်းလန်းကျနေရကား အသားကလည်း မည်းနေတော့ ဆိတ်တစ်ကောင်နှင့် တူလွန်းနေ၏။

သူ့ပါးပြင်မှာ မျက်ရည်များ စီးကျနေ၏။

ပြီးနောက် အဘရဲ့ခြေအစုံကို လှမ်းကိုင်ပြီးငိုလေရာ လူထူးဆန်းကြီး အဘသာမက ကျွန်ုပ်တို့ပါ စိတ်ထိခိုက်သွားခဲ့ရ၏။

"လူကလေး"

အဘလူထူးဆန်းကြီးက ချစ်စရာရဲ့ ပခုံးကိုကိုင်၍ ကြင်နာစွာ ခေါ်လိုက်၏။ အသံက ဖခင်က သားကိုခေါ်လိုက်သည့်အသံမျိုး. . .

"မပူနဲ့ အဘကြိုးစားပြီးလုပ်ပေးမယ် ဟဲ့ ကလေးမ"

"ရှင် အဘ"

"သောက်ရေသန့်သန့်တစ်ခွက် ယူခဲ့စမ်း"

"ဟုတ်ကဲ့ အဘ"

မကြာခင် မသီတာမြင့် သောက်ရေဖန်ခွက်နှင့် ရောက်လာ၏။ အဘလူထူးဆန်းကြီးက သောက်ရေဖန်ခွက်ကို လှမ်းယူပြီး ဘုရားစင်ရှေ့မှာ ရပ်လိုက်၏။

ဘုရားရှင်ကို ဦးသုံးကြိမ်ချ၏။





ရတနာမြတ်သုံးပါးကို တိုင်တည်၏။

အနန္တော အနန္တငါးပါးကို တိုင်တည်၏။

"ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးနှင့် မွေးကျေးဖူးရှင် မိဘနှစ်ပါးအပါအဝင် သင်ဆရာ မြင်ဆရာ ကျေးဇူးရှင် အနန္တတန်ခိုးတော်ရှင်အပေါင်းတို့ ဘုရား ဘုရားတပည့်တော်သည် ယနေ့တိုင်ကံငါးငါးကိုလုံခြုံအောင် စောင့်စည်းပါ၏။ ပြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပါ၏။ ကိုးတောင်ပြည့်စေတီများ လိုအပ်သလို တည်ထားကောင်းမှု ပြုပါ၏။ ဒါန သီလ ဘာဝနာ အချိန်ရသမျှ ဆောက်တည်ပါ၏။ ကြုံကြိုက်သလို လူသတ္တဝါများ၏ ရောဂါဝေဒနာများကို ရေစင်ရေမန်း သစ္စာရေနှင့် ကုသပေးခဲ့ဖူးပါ၏။ ဤသူငယ် တနင်္လာသား မောင်ချစ်စရာသည် မာန်မာနတရားနှင့် ကျွန်ုပ်အား စော်ကားခဲ့သည်ဟု ရိုးသားစွာဝန်ခံခဲ့ပါ၏။ သူ၏သစ္စာအသိတရားကြောင့်အား လည်းကောင်း၊ အကျွန်ုပ်၏ မှန်သောသစ္စာစကားကြောင့်လည်းကောင်း အနန္တောအနန္တငါးပါးနှင့် ကျေးဇူးတော်ရှင် ဆရာသခင်ပုဂ္ဂိုလ်အပေါင်းတို့က ဤသူငယ်၌ဖြစ်နေသည့် ပါးစပ်ဟမရသည့် ရောဂါအား ပျောက်ကင်းချမ်းသာစေမည့် သစ္စာရေစင် မေတ္တာရေစင်တို့အား ခီးမြှင့်ပေးသနားတော်မူပါဘုရား။ ဤသစ္စာရေစင်မြတ်၏ သိဒ္ဓိတန်ခိုးကြောင့် ကံနာဝဋ်နာ အမှောင့်ပယောဂ အနာတို့သည် ချက်ချင်း လက်ငင်း ပျောက်ကင်းချမ်းသာ ပါစေသတည်း။

သူသည်သောက်ရေခွက်ထဲသို့ လက်ညှိုးနှစ်ချောင်းနှင့် မှုတ်လိုက်၏။ ၎င်းနောက် လူနာရှိရာသို့ ပြန်လာပြီး ခေါင်းပေါ်သို့ ရေစင်ကိုတောက်လိုက်၏။

"ဉုံ. . . ကံနာဝဋ်နာပျောက်ပါစေသတည်း။

"ဉုံ. . . ကံသုံးပါးနှင့် ပြစ်မှားမိသော ဝေဒနာသည် ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာသစ္စာကြောင့် ပျောက်ကင်းချမ်းသာပါစေသတည်း။

"ဦ ကာယကံရှင်၏ ဝန်ချတောင်းပန်စကားကြောင်လည်း ဒဏ်သင့်သမျှတို့သည် ပိန်းကြာဖက်မှာ ရေမတင်သကဲ့သို့ ပြေစင်လျော့ကျ၍ ပျောက်ကင်းချမ်းသာပါစေသတည်း။ အနန္တော အနန္တငါးပါး အမိန့်တော်"

သို့ကလိုပြောဆိုပြီး ရေစင်များကို ချစ်စရာ၏ ဦးခေါင်းပေါ်သို့ လောင်းချလိုက်၏။ ချစ်စရာကျင်စက်နှင့်အတို့ခံရသကဲ့သို့ဖြစ်ပြီး. . .

"အား"

"ဟာ"

"ဟယ်"

"အလိုလေး. . . အဲ"

"အား အား"

"ဘာဖြစ်လို့လဲကွ ပါးစပ်က ပြောလိုက်စမ်းဟေ့"

"အား. . . အေး အေး လွန်းလို့ ရေခဲရေလို. . . အေးလွန်းလို့"

"ဟား. . . ဟား. . . ဟား. . . ဟား"

"ဟင်. . . ကို. . . ကို. . . ကြီး. . . ကိုကိုကြီး စကားပြန်ပြောနိုင်ပြီ. . . ကိုကိုကြီး ပါးစပ် ဟ. . . ဟ နိုင်ပြီ. . . အို. . . ကိုကိုကြီး"

မသီတာမြင့်က ဝမ်းသာလွန်း၍ ချစ်လင်ကိုပြေးဖက်လိုက်၏။

ကျွန်ုပ်တို့အားလုံးနှင့် သူနာပြုဆရာမလေးလည်း အံ့ဩလို့မဆုံး။ အဘကား ကိုချစ်စရာတို့ လင်မယားဖြစ်အင်ကိုကြည့်၍ တဟားဟား အော်ဟစ်ရယ်မောနေလိုက်၏။

နောင်မှ သတိရပြီး. . .

လင်မယားနှစ်ယောက် အဘရဲ့ခြေအစုံကိုအားရပါးရ ပြေးဖက်





ပြီး ဝမ်းသာလုံးများ ဆို့နေကြလေသည်။

ကိုချစ်စရာသည် အဘလူထုးဆန်းကြီးရဲ့ ခြေအစုံကိုမက်ထားရာမှ. . .

"အဘ"

"ဘာတုံး လူကလေး"

"အဘအမည် ဘယ်. . . လို. . . ခေါ်. . . ပါ. . . သလဲ အဘရယ် ဟင်။ သားကြီးမှားခဲ့ပါတယ် အဘရယ်"

"အဘအမည်လား"

"ဟုတ်ကဲ့ခင်ဗျာ"

"အဘအမည် အဘပဲပေါ့ကွာ"

"ဗျာ"

"ရှင်"

"ဟား ဟား. . . ဟား ဟား. . . ဟား ဟား ငါ့လူများ ကျန်းမာချမ်းသာ၍ ကောင်းမှုကုသိုလ်များ ပြုနိုင်ကြပါစေ။ သူတစ်ပါး စားရသောက်ရခြင်းကို နှောင်ဘယ်တော့မှာ မပိတ်ဆို့ကြနဲ့။ ဆင်းရဲ တော်မှတ်သူများ လိုအပ်လို့ လာတောင်းရင် ရှိတဲ့ထဲက ဖဲ့ပေးဖဲ့ကျွေးကြ သားတို့ သမီးတို့ ကုသိုလ်ဆိုတာ ယူတတ်ရင် အများကြီးကွ"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

□

ကိုချစ်စရာသောင်းတို့ အခြေအနေ ကောင်းသွားပြီးနောက် လ အတန်ကြာပြီးသောအခါ ကျွန်ုပ်တို့အိမ်သို့ အသက်(၅၀) (၆၀)ခန့်ရှိသော မိန်းမကြီးတစ်ဦးနှင့် ကျောင်းသားအရွယ် လူငယ်လေးတစ်ဦး ရောက်လာ၏။

"ဦးကျောင်းလှူဆိုတာများလားရှင်"

"ဟုတ်ပါတယ်. . . ခင်ဗျား၊ အိမ်ပေါ်ကိုတက်ပါ။ ဘာကိစ္စရှိလို့ပါလည်းခင်ဗျ"

အမယ်အိုက မြေးလုပ်သူကိုကိုင်၍ အိမ်ပေါ်သို့ တက်လာထိုင်၏။

"မောင်ငယ် ကိုကျောင်းလှူက အဘဆိုတဲ့ လူကြီးနဲ့ ရင်းနှီးကျွမ်းဝင်တယ်လို့ ကြားလို့ပါကွယ်"

"ဗျာ. . . အဘ ဘယ်အဘလည်းခင်ဗျာ"

"ဟို. . . တိုက်ပုံရင်ကွဲ ဆံပင်ရှည် အင်းစမန်နဲ့လူကြီးပေါ့ကွယ်"

"ဪ. . . အဘကိုပြောတာကိုး၊ ဘာကိစ္စနဲ့ တွေ့ချင်လို့ပါလဲခင်ဗျာ"





သို့နှင့် အမေအိုကြီးက အထက်မှာ ကျွန်ုပ်ရေးခဲ့သည့်အတိုင်း သူတောင်းစားမြေးအဘွားမှန်းသိခဲ့၏။

အမေအိုကြီး၏ အမည်မှာ ဒေါ်ဖွားညွန့်ဟုခေါ်ပြီး မြေးလေး၏ အမည်မှာ မောင်မြချွန်ဟု သိရ၏။

သူတို့မြေးအဘွားသည် အဘနှင့်တွေ့ပြီး ဇရပ်ပေါ်မှာ ထမင်းခေါ်ကျွေးမိရာမှ နောက်ဆုံးအဘက ထူးဆန်းသော မတ်စေ့တစ်စေ့ကို ပေးသွားခဲ့၏။ ထိုမတ်စေ့လေး ရသည့်နေ့မှစ၍ ကူညီစောင့်ရှောက်သူများ တစ်ဦးပြီး တစ်ဦးတွေ့ခဲ့ရပြီး စားရေးသောက်ရေးများ အဆင်ပြေလာခဲ့ကြောင်း။

ငွေကြေးများလည်း စုဆောင်းလာမိပြီး အိမ်ငှားနေကာ မုန့်ဟင်းခါးရောင်းနေကြောင်း မြေးလေးလည်း ကျောင်းထားနိုင်ပြီဖြစ်ကြောင်း။

မုန့်ဆိုင်မှာလည်း လက်မလည်အောင် ရောင်းရ၍ လူငှားမိန်းကလေးခေါ်ပြီးရောင်းနေရသည်အထိ အခြေအနေများ တိုးတက်ခဲ့ကြောင်း။

ထိုတိုးတက်အောင်မြင်မှုများသည် အဘပေးခဲ့သည့် မတ်စေ့လေး ရောက်ရှိလာသည့် နောက်နေ့မှစ၍ ယနေ့တိုင် အရှိန်မသေသေးကြောင်း။

လှူလည်းလှူ စားလည်းစား စုလည်းစုမိပြီမို့ ကျေးဇူးရှင်အဘခေါ် "မောင်ကြီး" အားကျေးဇူးဆပ် ကန်တော့ချင်၍ လိုက်လံစုံစမ်းပါသော်လည်း စုံစမ်း၍မရ။

"နောက်ဆုံး. . . ဟောဒီ မောင်ငယ်ကိုကျောင်းလှူနဲ့ အဆက်အစပ်အရင်းအနှီးရှိတယ်လို့ ကြားတာနဲ့ လာခဲ့ရတာပါမောင်ငယ်ရေ။ ကျေးဇူးပြုပြီး မောင်ငယ်တို့အဘ. . . အမရဲ့ကျေးဇူးရှင်မောင်ကြီးရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလမ်းညွှန်ပါကွယ်နော်. . . ဒါနဲ့ မောင်ငယ်ရယ် သူ့ရဲ့နာမည်က ဘယ်လို ခေါ်သတဲ့တုံးကွယ်"

"မှန်ရာပြောရရင်. . . အဲဒီအဘ လူထူးဆန်းရဲ့အမည်ကို ကျွန်တော် မသိပါဘူး အစ်မကြီးခင်ဗျာ"

"ဟင်"

"ကျွန်တော်သာ မဟုတ်ပါဘူးဗျာ။ သူ့နာမည်ကို ဘယ်သူမှ မသိကြပါဘူး. . . ခေါ်ကြတာတော့ ဘတိုက်ပုံလို့ပဲ ခေါ်ကြတာများတာပဲဗျ"

"ဘတိုက်ပုံ"

"နောက်တစ်ချက် သူဘယ်နေရာမှာ နေတယ်ဆိုတာလည်း အတိအကျ ပြောရခက်သလို သူဘယ်အရပ်သားလည်း သူဆေးဆရာလား ဂမ္ဘီရပညာရှင်လား၊ ဝိဇ္ဇာလား၊ သဘင်သည်လား နတ်ကန္နားစီးလားဆိုတာလည်း ဘယ်သူမှမသိကြဘူး။ နေတာထိုင်တာတော့ မြင်တဲ့အတိုင်းပဲ၊ အရူးလိုလို အူကြောင်ကြောင်လိုလိုနဲ့ပဲဗျ။ သို့သော် ထူးတာတော့ အတော့်ကို ထူးတယ်။ သူ့ကိုကြည့်ရတာ သိဒ္ဓိ(၁၀)ပါးထဲက တစ်ခုခုပြီးမြောက်တတ်မြောက်နေသလိုပဲ"

"ဒါဆို. . . အစ်မ. . . သူ့ကိုဘယ်လိုတွေ့ရင် ရနိုင်မလဲဟင် မောင်ငယ်"

"ကျွန်တော်ကြိုးစားရှာဖွေပြီး. . . ခေါ်ခဲ့ပါ့မယ် အစ်မ"

"ကျေးဇူးပါပဲ မောင်ငယ်ရယ် သူ. . . အဲ ဘယ်သူ ဘတိုက်ပုံ မောင်ကြီးဟာ အရူးလိုလိုပေမယ့် သူတော်ကောင်းစစ်စစ်ပါ မောင်ငယ်"

အစ်မကြီးဒေါ်ဖွားညွှန့်ကို ကတိပြုထားသည့်အတိုင်း ကျွန်ုပ်သည် လူထူးဆန်းဘတိုက်ပုံဆိုသူကို နောက်တစ်ကြိမ် လိုက်ရှာရပြန်၏။





ဘတိုက်ပုံကြီးအပေါ် ကျွန်တော်စိတ်ဝင်စားမှုသည် အရာထင်ခဲ့ပါပြီ။ ကျွန်တော့်မျက်စိရှေ့မှောက်မှာ သူ လူနှစ်ယောက်နဲ့ မြင်းဆိုးတစ်ကောင်ရဲ့ ဘဝကို အကောင်းဆုံးဖြစ်သွားအောင် ထူးဆန်းသော သူ၏ ဂမ္ဘီရဆေးအတတ်၊ စိတ်ပညာ၊ သစ္စာ သမာဓိနှင့် ကုသပြုပြင်ပေးခဲ့၏။

သည်တစ်ကြိမ် သူ ဘယ်မှာရောက်နေသည်ကို စုံစမ်းရသည်မှာ လွန်စွာခက်ခဲကြာခဲ့၏။

ညောင်သုံးပင်သချိုင်း

ဗိုလ်ချုပ်ကျေးရွာသချိုင်း

ပျဉ်ထောင်ကျောင်းသချိုင်း

အုတ်ဖိုစုသချိုင်း

တရုတ်သချိုင်း. . . ကုလားသချိုင်း ခရစ်ယာန်သင်္ချိုင်း စုံခဲ့ပြီ။ ရှိရှိသမျှ ဘုန်းကြီးကျောင်းနှင့် ဈေးကြီးဈေးလေးများလည်း စုံခဲ့ပြီ။ သူ့သတင်းကို စုံစမ်းလို့မရ။

သဲလွန်စတစ်ခုတော့ ရခဲ့၏။

ကုလားဝဲကျေးရွာမှာ ဝမ်းရောဂါဖြစ်တုန်းကတဲ့။

အပျက်အစီးများ များပြီး သချိုင်းမှာလူစည်ခဲ့သည့်အချိန်။ အချို့ရွာမှပင် ပြေးကြ၏။ ဒီအချိန်မှာ ဘတိုက်ပုံခေါ် အရူးလိုလူကြီး ရောက်လာခဲ့၏။

ကုလားဝဲသား ဦးကျော်ဖေယျက ဤသို့ပြောပြ၏။

"ကျုပ်တို့လည်း ရွာကနေပြေးဖို့ ပြင်နေကြချိန်မှာ ရွာထဲကို အရူးလိုလူကြီးတစ်ဦး ရောက်လာတာရယ် ဆံပင်ရှည်ရှည် မျက်နှာလေးထောင့်ကြီးနဲ့ ဖျင်ကြမ်းတိုက်ပုံရင်ကွဲကြီးနဲ့ သူ့တစ်ကိုယ်လုံး အင်းစမကွက်တွေနဲ့ရယ်. . . အဲဒီနေ့က အသုဘ ငါးခုချတဲ့နေ့။ လက်လတ်ဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



မြေပုံပေါ်မှာ နတ်ချင်းတစ်ပုဒ်ဆိုပြီး ကနေတာ...

"ဘာ နတ်ချင်းလည်း ဦးကျော်ဖေယျ"

"ရွှေဖျင်းညီနောင် နတ်ချင်းဗျ"

"ဟုတ်ပြီဗျို့ ဆက်ပါဦးဗျာ"

"အဲဒီကာနေ ရွာရိုးကိုးပေါက် အဲဒီနတ်ချင်းအော်ဆိုပြီးကနေ၊ ပြောနေလိုက်တာ စုံနေတာပဲ။ စိတ်ညစ်ကြောက်လန့်နေတဲ့ ရွာသူရွာသား များအဖို့ ဒါ အားဆေးပဲ။ စိတ်အပန်းဖြေစရာပါပဲ။ သူ့ကို ဝိုင်းကြည့် အကဲခတ်နေကြရော ဘာပြောမှတ်တုံး"

"ဟေ့... သားတို့သမီးတို့... ယက်သဲ့ကြားငါးတင်၊ တင်တဲ့ ငါးကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမမှာကွ။ ရတနာသုံးပါးမမေ့ကြနဲ့ မိဘဆရာသမားကို ရိုသေ... မင်းတို့ရွာကိုမွှေနေတဲ့ 'ဝမ်း' ငါ 'မန်း' ပြီး နှင်မယ်။ ရော့... ဟောဒါ သီကြားမင်းချီးမြှင့်တဲ့ ဆေးသီကြားလုံး၊ တစ်ယောက်မကျန် အဲဒါကိုစားကြ... မစားတဲ့ကောင်သေ။ စားတဲ့ကောင် နေ၊ ကြွားတဲ့ကောင် ကြွေမယ်... ဟေ့ ရော့ဗျ သီကြကြားကြ သီကြားလုံး ဟေ့... ရော့"

"အဲဒီလို အော်ဟစ်ပြောဆိုပြီး လွယ်အိတ်ညိုကြီးထဲက သကြား လုံးများကို မန်းမှုတ်ပြီး ကြဲပါရော... အဲဒါ ကလေးရော လူကြီးရော ကောက်ပြီးစားကြတာပေါ့။ အများကြီးကို ကြဲတာ။ နှိုက်ကြဲတိုင်း သီကြား လုံးက မကုန်နိုင်ဘူး"

"ထူးရဲ့လားဗျ"

"သိပ်ထူးတာပေါ့ဗျာ... သူ့သီကြားလုံးစားပြီး သူတို့ ဝမ်း ရောဂါရပ်သွားကြတယ်။ မကြာဘူး ကျန်းမာရေး အင်စပက်တော် များရောက်လာပြီး ရွာကို သန့်ရှင်းရေးလုပ်... ဆေးမှုန့်ဖြန်း... အမှိုက်





ဘွမ်းရှို့... အိမ် သာနဲ့ရေတွင်းများ ဆေးဖြန်း တစ်ရွာလုံး တက်ညီ သက်ညီ ဝိုင်းလုပ်လိုက်ကြတာ အဘကိုက်ပုံကြီးပြောသလို ဝမ်းရောဂါပြေး ရောခင်ဗျာ... ပိုထူး ခြားတာက သူ့သကြားလုံးစားပြီးသူတိုင်း အချိန် အတော်ကြာ... ဖျားခြင်း နာခြင်း... အမှောင့်ပယောဂဝင်ခြင်း လုံးဝကို မရှိတာပဲဗျာ"

ကျွန်ုပ်ကြားရသည့် စကားများကြောင့် အဘအတွက် ဂုဏ်ယူ သိမ့်ဆုံး။ အဘ လူထူးဆန်းကြီးအကြောင်းကို တစ်ယောက်ပြီးတစ်ယောက် ထောက်ခံပြောဆို ချီးကျူးကြ၏။ သာဓုခေါ်ကြ၏။ ဆုမွန်ကောင်းများ တောင်းကြ၏။

"ဦးကျော်ခေသျ"

"ဗျာ ဘာလဲ ကိုရင်ကျောင်း"

"အဲဒီအဘ အခုဘယ်မှာရှိနေလဲဗျ ဟင်"

"မသိဘူးဗျ သကြားလုံးကို ရွာအနှံ့လျှောက်ဝေကြဲပြီး နောက် ပိုင်း ပျောက်သွားလိုက်တာ ဒီနေ့အထိပဲ၊ ကျုပ်တို့ တစ်ရွာလုံးက ထူးဆန်း အံ့သြလွန်းလို့ သီကြားမင်းများ လူယောင်အရှုးယောင်ဖန်ဆင်းပြီး ရွာ ကိုလာကူညီတာပဲ့တောင် ထင်မှတ်နေကြတာ ဒီနေ့အထိပဲ ကိုကျောင်း သူရဲ"

"ဟူး"

လမ်းစက ပြတ်သွားပြန်၏။ သို့နှင့် ကျွန်ုပ်သည် အဘသတင်း ကိုနားစွင့်ပြီး စုံစမ်းနေ၏။ ဒီအဘတိုက်ပုံကြီးထံမှာ ထူးဆန်းသော ပညာ စွမ်းများ ရှိနေသည်။ သူသည် လူသားများအကျိုးကိုဆောင်ရွက်နေ၏။

သူ့ဆီက ဒီပညာများယူနိုင်လျှင် ကိုယ်လည်းကုသိုလ်ရနိုင်၏။ အသေမြတ်နိုင်၏။ အရှင်ကောင်းနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟော. . . ကံများကောင်းချင်တော့ အတိအကျ သတင်းကို ရခဲ့ပြီ။

''အပျိုကြီးပတုတ်''ကျေးရွာမှာ ကိုးတောင်ပြည့်စေတီထီးတော် တင်ပွဲလုပ်ခဲ့သတဲ့။ အဲဒါ မနေ့ကဆိုပဲ .

အလှူရှင်က ကျုပ်တို့ရဲ့အဘ ဘတိုက်ပုံကြီးပဲ။

သုံးခွကားသမားများထံမှာ သတင်းရခဲ့တာ. . .

သို့နှင့် ''အပျိုကြီးပတုတ်''ကျေးရွာကို သုံးခွကားစီးပြီး ရောက်သွားခဲ့၏။

ဒီမှာပဲ ဥပသကာကြီး လူသူတော် ဦးအောင်ဗလနှင့် တွေ့ခဲ့ရ၏။ ဒါနှင့်အတူ လွန်စွာ သပ္ပာယ်ဖွယ်ကောင်းလှသည့် ထုံးဖြူဖွေးဖွေး ကိုးတောင် ပြည့်စေတီလေးကိုလည်း ဖူးမြော်ခဲ့ရ၏။

''ခင်ဗျား. . . နာမည်. . . ကိုကျောင်းလှ. . . မဟုတ်လား''

လူသူတော် ဦးအောင်ဗလက ကျွန်ုပ်ကို မြင်သည်နှင့် တန်းမေးလိုက်၏ ကျွန်ုပ်အံ့သြသွားခဲ့ရသည်။ လူသူတော် ဦးအောင်ဗလကို ကျွန်ုပ် အခုမှမြင်ဖူးခြင်းဖြစ်၏။

''ဦးသူတော်က ကျွန်တော့်ကို သိနေတယ် ဟုတ်လား''

''မောင်ရင် လာလိမ့်မယ်လို့ ကြိုပြောခဲ့သူ ရှိလို့ပါ''

''ဗျာ. . . ကြိုပြောခဲ့တယ် အဲဒါ ဘယ်သူလည်းဟင်. . . ဟင်''

''ဘတိုက်ပုံ''

''ဗျာ. . . ဘတိုက်က ပြောခဲ့တာ၊ အ. . . ခု. . . အခု. . . အဘ ဘယ်မှာလဲဟင် ဦးသူတော်၊ ကျွန်တော်သူနဲ့ တွေ့ချင်လို့ လိုက်ရှာ နေတာပါ ဦးသူတော်ရာ။ အဘဘယ်မှာလည်း. . . ဗျာ. . . ဟင်''

ဒီမှာပဲ လူသူတော် ဦးအောင်ဗလက ယွန်းပုံးလေးကိုဖွင့်၍





စာရွက်ခေါက်လေးတစ်ခု လှမ်းပေးခဲ့၏။

''ဒါ. . . အဘပေးသွားတာ ''ကျောင်းလှ''ဆိုတဲ့ ပိန်ပိန်ရှည်ရှည် နားရွက်ကားကားနဲ့ လူလာရင် အဲဒီစာပေးလိုက်တဲ့. . . ရော့''

''အဘရော. . . ဦးသူတော်''

''အဲဒီစာကိုသာ ဖတ်ကြည့်ပါ မောင်ရင်''

သို့နှင့် ကျွန်ုပ်က စာရွက်ခေါက်လေးကို အလျင်အမြန် ဖြန့်၍ ဖတ်လိုက်၏။ ခဲတံနှင့်ရေးထားသည့် အလွန်ရှေးဆန်သော လက်ရေးစာ သုံးများ. . .

''လူကလေး. . . မောင်ကျောင်းလှ. . .

လူကလေး အဘကို လိုက်ရှာနေတာ အဘ အကုန်ကြားတယ်။ သိတယ်။ လိုက်မရှာနဲ့။ ပဌာန်းဆက်မကုန်ရင် တစ်နေ့ပြန်ဆုံရမှာပေါ့ကွယ်။ ဒီမှာဟော့ မောင်ကျောင်းလှ မဘွားညွှန့်တို့ မြေးအဘွားကို မင်းပြန်ပြော လိုက်. . .

အဘကို ကျေးဇူးဆပ်ချင်ရင်. . . အဘကို လိုက်မရှာနဲ့၊ ရတနာသုံးပါးကိုမြဲမြဲ၊ ရတဲ့ထဲကနေလှူ၊ မရှိဆင်းရဲသား ဒုက္ခ ရောက်သူများကို ကူညီပေးကမ်း. . .

ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားလို့ ပြောလိုက်။ ပြီး ငါပေးခဲ့တဲ့ မတ်စေ့ သားအစဉ်မြေးအဆက် ပညာရှိသလို ဉာဏ်ရှိသလို သုံးလို့ပြောလိုက်။

ကျောင်းလှ လူကလေး. . .

မင်းလိုချင်တဲ့ပညာလည်း ငါပေးချင်ပါရဲ့။ ဒါအပြင် မင်းအတွက် တ်စေ့လေးတစ်စေ့လည်း ပေးခဲ့ချင်ပါရဲ့။ ဒါပေမဲ့ မင်းနဲ့ထိုက်တန်သည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရောက်သေးဘူး စောင့်ဦး၊ ငါ့လူ ကြိုးစားဦး . . .

တစ်နေ့ကကောင်းရင် ပြန်ဆုံကြသေးတာပေါ့ကွာ . . . နော့ . . .

လူသတ္တဝါများအားလုံး (၃၁)ဘုံသားများအားလုံး ဝေနေယျ သုခိတာ ဒုက္ခိတအားလုံး ကျမ်းမာချမ်းသာကြပါစေ။

အဘ

ထိုနေ့က ကျွန်ုပ်အဘပေးခဲ့သည့် စာရွက်ကလေးကို လက်ဝါး ကြားမှာ ညှပ်၍အဘကိုယ်တိုင် ဦးစီးတည်ထားခဲ့သည့် ကိုးတောင်ပြည့် စေတီရှေ့မှာ လက်အုပ်ချီမိုးပြီး ရှိသေစွာ ရှိခိုးခဲ့၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ကျေးဇူးရှင် မိဘနှစ်ပါးနှင့် ဆရာသခင် ကျေးဇူးရှင်တို့အား လည်းကောင်း . . . သီလ သမာဓိ ပညာ မေတ္တာတရား ကသိုလ်တရား မမ္မတရားနှင့်ကုံလုံလျက်ရှိသော အဘကိုလည်း ရှိသေစွာရှိခိုးပါ၏။

ပြီး . . .

ဆုတစ်ဆုတောင်းခဲ့၏။

အဘနှင့် ကျွန်တော် ဟောဒီပစ္စုပ္ပန်သံသရာမှာ လက်ငင်းမှချ ပြန်ဆုံရပါလို၏ဘုရား

☐ မောင်ညိုမှိုင်း(သန်လျင်)




www.burmeseclassic.com

www.burmeseclassic.com

# သံဃံသရဏံဂစ္ဆာမိပါဘုရား

ကျွန်တော်သည် စင်္ကာပူနိုင်ငံမှာ ၉ နှစ်ကျော် အလုပ်လုပ်ကိုင်ဆောင်ရွက်ခဲ့စဉ် မတ်တပ်ရပ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား အလှအပပစ္စည်း, ထီး, အင်္ကျီချိတ်စရာ ပစ္စည်းအမှတ်ဖြင့် အသုံးပြုခဲ့ရင်း မိသားစုတစ်စုလုံး ရောဂါရှာမရသော ဝေဒနာဆန်းဖြင့် ငွေကုန်ကြေးကျများကာ စိတ်ညစ်နေသည့် နိုင်ငံခြားသားလုပ်ငန်းရှင် မစ္စတာလီအကြောင်းကို ပထမစာအုပ်မှာ ဦးစွာရေးသားခဲ့ပါသည်။

အကြောင်းသင့်ချင်တော့. . .

မြန်မာလုပ်သား ဗုဒ္ဓဘာသာဝင် ကျွန်တော်နှင့် စကားစပ်မိပြောဆိုမိရာမှ ၎င်းတို့ ပြုမူနေသည့်အမှားကို ပြင်လိုက်လျှင် နေပြန်ကောင်းသွားနိုင်ဖွယ်ရှိကြောင်း အကြံပြုလိုက်မိ၏။

အလုပ်ရှင် နိုင်ငံခြားသား သူဌေးသည် ကျွန်တော်အကြံပြုသည့်အတိုင်း အိမ်အဝင်မှာ ထီး၊ အင်္ကျီချိတ်ရန် ပြုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွား





လက်ဆန့်တန်းရပ်တုကို ရေမွှေးများဖြင့်လည်းကောင်း၊ ရေသန့်များဖြင့်လည်းကောင်း မိသားစုတို့က သန့်စင်ကြ၏။

၎င်းနောက် ပန်းရေချမ်းများဖြင့် တောင်းပန်လိုက်ကြ၏။

ပြီးသည်နှင့် တိုပါးယိုးရှိ မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းသို့ကားဖြင့် သယ်ယူပင့်ဆောင်ပြီး (မြန်မာလို) ရေစက်ချ လှူဒါန်းလိုက်ပြီးချိန်မှစ၍. . .

ခေါင်းကြီးခဲ၍ ကိုက်သောဝေဒနာ။

လက်မြှောက်၍ မရအောင် နာကျင်ကိုက်ခဲသော ဝေဒနာ။

ခေါင်းမထူချင်အောင် ထိုးနေသည့် ဖက်ကြောထိုးဝေဒနာ။

အိပ်မပျော်နိုင်ကြဘဲ ဗုဒ္ဓရုပ်ထုကိုသာ အိပ်မက်မြင်မက်နေသည့် ဆရာဝန်များ ဖြေရှင်းကုသ၍ ပျောက်နိုင်ခဲဖြစ်နေသော ဝေဒနာဆန်းများချက်ချင်း ယူပစ်သလို ပျောက်သွားပြီး အံ့သြဝမ်းသာရွှင်လန်း ဝမ်းမြောက်သွားခဲ့ကြ၏။

ဒီမှာ ကျွန်တော်က–

ဗုဒ္ဓ၏ဂုဏ်တော်

ဓမ္မ၏ဂုဏ်တော်

သံဃာ၏ဂုဏ်တော် ကျေးဇူးများအကြောင်းကို ၎င်းတို့ ဘာသာနှင့်ရော အင်္ဂလိပ်လိုပါ ပြောဆိုရှင်းပြခဲ့ရာ လွန်စွာအံ့သြခဲ့၏။

ပြီးနောက် ရွှေတိဂုံစေတီတော်အကြောင်း. . .

ကျိုက်ထီးရိုးစေတီအကြောင်း. . .

မဟာမြတ်မုနိ ဘုရားရှင်အကြောင်း. . .

လက်ညှိုးထိုးမလွဲသည့် ပုဂံဘုရားများအကြောင်း. . .

ဗုဒ္ဓစွယ်တော်အကြောင်း. . .



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ကဿပအကြောင်းများကို ဆက်လက်ရှင်းပြလိုက်သောအခါ မိသားစုများပို၍ အံ့သြသွားခဲ့ကြ၏။

ဒီမှာ အလုပ်ရှင်သူဌေး မစ္စတာလီက

"မစ္စတာထွန်းတို့ ဗုဒ္ဓဟာ ရုပ်ထုအဖြစ်နဲ့တောင် ဒီလောက်တန်ခိုးကြီးရင် သက်ရှိထင်ရှားသာဆို အလွန့်ကို အံ့သြစရာကောင်းမှာပဲ။ အင်တာနက်မှာ မြန်မာပြည်အကြောင်း စီဒီရွှန်များမှာ မြန်မာရေမြေသဘာဝနဲ့ အလှအပ အဆန်းအကြယ်များအကြောင်း မကြာခဏကြည့်ရှုဖူးပါတယ်။ မစ္စတာထွန်းပြောတဲ့နေရာကို ကျွန်ုပ်တို့ သွားရောက်လည်ပတ်ချင်ပါတယ်။ အလျဉ်းသင့်တဲ့အချိန် အရောက်လာခဲ့ပါမယ်။ မစ္စတာထွန်း ကူညီပါနော်" ဟု ပြောခဲ့၏။

သို့သော် လုပ်ငန်းများ မအားလပ်၍ သူတို့လည်းမလာနိုင်ခဲ့။

ကျွန်တော်လည်း မများမကြာမီ မြန်မာပြည်သို့ ပြန်လာခဲ့တော့သည်။

➤ ➤ ➤

❒

ဒီဇင်ဘာလသို့ ရောက်သောအခါ ကျွန်တော့်ထံသို့ နိုင်ငံရပ်ခြားမှ စာတစ်စောင် ရောက်ရှိလာ၏။

စာကား

ကျွန်ုပ်တော့်အလုပ်ရှင် သူဌေးရေးလိုက်သည့်စာဖြစ်၏။

သို့

မစ္စတာထွန်း

ကျွန်ုပ်တို့မိသားစု မစ္စတာထွန်းတို့ရဲ့မြန်မာနိုင်ငံကို အလည်အပတ် လာရောက်လေ့လာရန် စီစဉ်ပြီး ဖြစ်ပါသည်။

ဒီဇင်ဘာ ၃၀ ရက်နေ့ ရောက်ပါမည်။ ကျေးဇူးပြု၍ လေယာဉ်ကွင်းမှ အသင့်ကြိုစေချင်ပါသည်။

မစ္စတာထွန်း ဝန်မပိစေရန် အစစရာရာ ကုန်ကျစရိတ်များကို ကျွန်ုပ်တို့ ကုမ္ပဏီမှ ပေးချေသွားပါမည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်လေ့လာသင့်သည့် နေရာများကို မစ္စတာထွန်း အနေဖြင့် လိုက်လံ့စွာ ကူညီစီစဉ်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည့်ခင်ဗျား။

မစ္စတာလီ

အမှတ်−၆၂−A

ဘာသလေဒရိုက်

စီရန်ဂွန်း၊ စင်္ကာပူနိုင်ငံ။

ကျွန်တော်လွန်စွာ ဝမ်းသာသွားခဲ့၏။

သို့နှင့် ဒီဇင်ဘာ ၃၀ ရက်နေ့သို့ ရောက်သော် လေယာဉ်ကွင်းမှာ သွားရောက်ကြိုဆိုနေလိုက်၏။ မကြာမီ စင်္ကာပူမြန်မာလေကြောင်းလိုင်း လေယာဉ်ကြီး ဆိုက်ရောက်လာသည်။

လေယာဉ်လှေကားပေါ်မှ မစ္စတာလီကို တွေ့လိုက်ရသောအခါ ကျွန်တော်က လက်ပြလိုက်၏။ သူ့အရမ်းလည်း ဝမ်းသာသွားခဲ့သည်။

၎င်းနောက် အကောက်ခွန်ဌာနမှာ လိုအပ်သည်များကို စစ်ဆေးမှုခံယူပြီး ကျွန်ုပ်၏ကားနှင့် သူတို့ကြိုတင် ဘွတ်ကင်လုပ်ထားသည့် စင်ထရယ်ဟိုတယ်သို့ သွားရောက်ခဲ့ကြ၏။

နောက်နေ့ နံနက်ရောက်တော့

ရွှေတိဂုံစေတီတော်ကို ဖူးမျှော်ကြ၏။

မိသားစုငါးဦးသည် ရွှေတောင်ကြီးအလား မိုးပေါ်ထိုးတက်နေသည့် ရွှေစေတီတော်ကြီးကို ကြည့်၍ အံ့သြကြပြန်၏။ ကမ္ဘာမှာ အခြားနိုင်ငံများ၌မရှိဟုလည်း တဖွဖွပြောကြ၏။

မြန်မာလို လက်အုပ်ချီ၍ ပူဇော်ကြ၏။





ရွှေးဟောင်းယဉ်ကျေးမှု လက်ရာပန်းဆွဲဇရပ်ကြီးများ၊ တန်ဆောင်းကြီးများကိုကြည့်၍ ကျွန်တော်တို့ မြန်မာ့ဆောက်လုပ်ရေးလက်ရာများကို ချီးမွမ်းကြ၏။

သူတို့သည်

စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးကိုကြည့်၍ အံ့သြနေကြပြန်၏။

ကျွန်တော်က စဉ့်ကူးမင်းခေါင်းလောင်းကိုယ်ထည်ပေါ်မှ စာကြောင်းများကို အင်္ဂလိပ်လို ရှင်းပြလိုက်သောအခါ မြန်မာ့ရဲ လုံ့လ၊ အသိဉာဏ်ကို လေးစားသွားကြပြန်၏။

စဉ့်ကူးမင်းကောင်းမှုတော် ၎င်းခေါင်းလောင်းကြီးကို အင်္ဂလိပ်နယ်ချဲ့တို့က သင်္ဘောနှင့်နိုင်ငံခြားသို့ သယ်ဆောင်သွားစဉ် ရန်ကုန်မြစ်သုံးဆိုင်မှာ သင်္ဘောမှောက်၍ ခေါင်းလောင်းကြီး မြစ်ထဲသို့ ပြုတ်ကျသွားခဲ့၏။

ကြေးခေါင်းလောင်းကြီး၏ အလေးချိန်မှာ မြန်မာကြေးပိဿာချိန် ခပါင်းများစွာဖြင့် သွန်းလုပ်ထားရကား အလွန်ကို လေးလှ၏။ မြန်မာပြည် ရာဇဝင်မင်းများကောင်းမှု မင်းကွန်းခေါင်းလောင်းကြီးပြီးလျှင် ဒုတိယ အကြီးဆုံးဖြစ်၏။

ပြောရလျှင်ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်သော ကြေးခေါင်းလောင်းကြီးတစ်ခုလည်း ရန်ကုန်ရေအောက် မြစ်သုံးဆိုင်မှာ နစ်မြုပ်နေဆဲဖြစ်၏။

၎င်းခေါင်းလောင်းကြီးကား

သာသနာပြု ဓမ္မစေတီမင်းကောင်းမှု ခေါင်းလောင်းကြီးဖြစ်၏။

နယ်ချဲ့များသည် မြန်မာပြည်အောက်ပိုင်းကို သိမ်းပိုက်ပြီးနောက် ရွှေတိဂုံစေတီပေါ်ရှိ ဓမ္မစေတီမင်း ကောင်းမှုတော်ခေါင်းလောင်းကြီးကို ဖြုတ်ယူကာ နိုင်ငံခြားရှိ သူတို့အရှင်သခင်ထံ လက်ဆောင်ဆက်သရန်



www.burmeseclassic.com

www.burmeseclassic.com



သဘော်နှင့် သယ်ကြ၏။

လွန်စွာလေးလှသည့် ဖြစ်သောကြောင့်. . .

မြစ်သုံးဆိုင်မှာ ရေထဲပြုတ်ကျခဲ့၏။

နိုင်ငံခြားသားများ မည်သို့မျှ ဆယ်ယူလို့မရခဲ့။

ယနေ့တိုင် ရန်ကုန်မြစ်သုံးဆိုင် ရေအောက်နွံအတွင်းမှာ ရှိနေ၏

နှစ်ပေါင်းရာကျော်ခဲ့ပြီ။

ဒီအကြောင်းရှင်းပြလိုက်တော့ သူတို့က မြန်မာပြည်သားများ နဂိုကတည်းက ချမ်းသာတာကိုးဟု ပြောကြ၏။

ယခုတွေ့မြင်ရသည့် စဉ့်ကူးမင်းခေါင်းလောင်းသည်လည်း ရေထဲသို့ ပြုတ်ကျသွားခဲ့ရာ အင်္ဂလိပ်လူမျိုးများ နည်းအမျိုးမျိုးနှင့်ကြိုးစည် ဆယ်ယူသော်လည်း ဆယ်လို့မရကြောင်း. . .

"ဘာလို့ မရတာလည်း. . . မစ္စတာထွန်း"

"မြန်မာလူမျိုးများရဲ့ သစ္စာအဓိဋ္ဌာန်ကြောင့်ပါ မစ္စတာ"

"သစ္စာအဓိဋ္ဌာန်"

"ဟုတ်ပါတယ် မစ္စတာလီ၊ ဒီ ခေါင်းလောင်းကြီးဟာ မြန်မာရှင်ဘုရင် စဉ့်ကူးမင်းနဲ့ တိုင်းသူပြည်သားများ ကောင်းမှုပါ။ ဘုရားရှင်ကို ရည်မှန်းပြီး လှူဒါန်းထားသည့် ကုသိုလ်ကောင်းမှု ရုပ်ဝတ္ထုပစ္စည်းပါ။ ဒါကို မြန်မာတိုင်းရင်းသားများပဲ ပိုင်ပါတယ်။ နယ်ချဲ့ကိုလိုနီများက အမွေသိမ်းလို့ သယ်ယူရင်းရေထဲကျတော့ မြို့သူမြို့သားများက သစ္စာပြုကြတယ်။ မြန်မာမင်းနှင့် မြန်မာတိုင်းရင်းသားပိုင် ကြေးခေါင်းလောင်းကြီးအား မတရားနယ်ချဲ့တို့ အံမွဆယ်ယူ၍ မရပါစေသားလို့ သစ္စာပြုဓိဋ္ဌာန် လိုက်ကြရောခင်ဗျ"

"ဒီတော့"





"ဘယ်လိုမှ ဆယ်လို့ မရဘူး"

"နည်းအမျိုးမျိုးနဲ့ မဆယ်ကြဘူးတဲ့လား"

"ဘယ်နေမှာလည်း မစ္စတာလီရယ်. . . ပညာရှင်အမျိုးမျိုးနဲ့ ...အင်အားအများကြီးနဲ့ သဘော်တွေ ဝိုင်းရံရေငုတ်ပြီး ဆယ်ကြတာ ...သုံးဝကို ဆယ်လို့မရပဲ လက်မြှောက်သွားကြရော"

"နောက်ဆုံး ဘယ်သူရသွားလဲ မစ္စတာထွန်း။ သူလည်း ဟို ဘာတဲ့ ဓမ္မစေတီခေါင်းလောင်းလို ရေအောက်မှာပဲလား ခင်ဗျာ"

"ပြောပါမယ် မစ္စတာလီ ဒီမှာပဲ မြန်မာအကြီးအကဲများက နိုင်ငံခြားကျူးကျော်သူ အကြီးအကဲများကို ပြောတယ်။ သင်တို့ ဆယ်ယူလို့ ...ရတဲ့ ခေါင်းလောင်းကြီးအား ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားများက ဆယ်ယူပါရစေလို့ ပြောတော့. . . ငါတို့တောင် နည်းအမျိုးမျိုးနဲ့ ဆယ်လို့ ...ရတာ. . . မင်းတို့လို ခေတ်နောက်ကျတဲ့ ကျွန်လူမျိုးများက ဘယ်လိုလုပ် ဆယ်လို့ရမှာလဲတဲ့. . . ပြောရော အခွင့်သာပြုပါ၊ ပိုင်ဆိုင်ခွင့်သာပြုပါ ...အောင်ဆယ်ပါ့မယ်လို့ ပြောတော့ ဘယ်ယုံမှာလည်း. . . ရရင်ယူကြ လို့. . . ခွင့်ပြုလိုက်ပါရောခင်ဗျ"

"ရရဲ့လားဟင်"

"သိပ်ရတာပေါ့ဗျာ"

"အလို ဘယ်လိုများဆယ်ကြပါလိမ့် မစ္စတာထွန်းရယ်"

"ဒီရေအကျမှာ ခေါင်းလောင်းကြီးကို ကြိုးများနဲ့ သိုင်းချီပြီး ...းဖောင်များနဲ့ ညှပ်သိုင်းတွဲချည်လိုက်ကြတယ်။ ပြီးသစ္စာပြုကြတယ်"

"စောစောကလို သစ္စာမျိုးပဲလားဟင်"

"ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမယ့် မတူဘူး။ ခုသစ္စာ ...စ္စာရင်းကို ပြန်လိုချင်လို့ သစ္စာပြုဆုတောင်း အဓိဋ္ဌာန်သည့် စကားခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဤခေါင်းလောင်းတော်ကြီးသည် မြန်မာ့ရှင်ဘုရင် စဉ့်ကူးမင်းနှင့် မြန်မာတိုင်းသားများ ကောင်းမှုတော်အစစ်ဖြစ်ပါသည်. . . အပိုင်အဆိုင် အစောင့်အရှောက်များခင်ဗျား မြန်မာလူမျိုးတို့ ကောင်းမှုတော်အား မြန်မာလူမျိုးတို့ ကေန်အမှန် ပိုင်ဆိုင်ခွင့်ရှိပါက ရေအောက်မှ ဆယ်ယူရရှိပါစေသားလို့ အဓိဋ္ဌာန်သစ္စာစကားနဲ့ ဆုတောင်းလိုက်ရော ဒီရေများ တက်လာ ပါရောခင်ဗျာ. . ."

"ဒီရေတက်လာရော ဝါးဖောင် သစ်ဖောင်များနဲ့ တွဲချည်ထားသည့် ခေါင်းလောင်းကြီးလည်း ရေထဲကနေ ကြွပါလာပါရော။ ဖောင်အောက်မှာ တန်းလန်းကြီးပေါ့။ အဲဒါ ပင်လယ်ရေအတက်နဲ့ သယ်ယူလာပြီး ခုမြင်ရတဲ့အတိုင်း ရွှေတိဂုံစေတီရင်ပြင်ပေါ်မှာ တွေ့ရတယ်ခင်ဗျာ"

"အို ဗဲရီးဂွတ် ဗဲရီးဝမ်းဒါးဖူးလ် မစ္စတာထွန်း ခင်ဗျားတို့ မြန်မာလူမျိုးများက အလွန့်ကို ဉာဏ်ကောင်းပြီး ကတိသစ္စာတည်တဲ့ မှန်တဲ့ အကျိုးပေးတဲ့ လူမျိုးပါပဲ မစ္စတာထွန်း။ ဒါမျိုးကမ္ဘာမှာ ခင်ဗျားတို့ မြန်မာလူမျိုးပဲ စွမ်းဆောင်နိုင်ပါပေတယ် ခင်ဗျာ"

➤ ➤ ➤

❒

တစ်နေ့သောအခါ မစ္စတာလီတို့ ဇနီးမောင်နှံက ကျွန်တော့်အား စကားတစ်ခု ဖွင့်ဟဝန်ခံခဲ့၏။

"မစ္စတာထွန်း"

"ပြောပါ မစ္စတာလီ"

"ကျွန်ုပ်ရဲ့ ဇနီးသည်မှာ. . . အလွန်ထူးဆန်းတဲ့ ဖြစ်စဉ်တစ်ခု ကျွန်ုပ်တို့ နိုင်ငံမှာနေကတည်းက ဖြစ်ခဲ့ပါတယ် မစ္စတာထွန်း"

"ဘယ်လိုဖြစ်ရပ်များပါလိမ့် ခင်ဗျား"

"ကျွန်ုပ်ဇနီးသည်မှာ အိပ်မပျော်တဲ့ ရောဂါတစ်ခုဖြစ်ခဲ့ရတယ်"

"ဟုတ်သလား မာမာ. . . ဘာကြောင့်ပါလိမ့်ခင်ဗျာ"

ကျွန်တော်က အလုပ်ရှင်သူဌေး မစ္စတာလီရဲ့ ကတော်ဇနီးကို လေးစားစွာဖြင့် မာမာ(အမေ) ဟု ခေါ်လေ့ရှိ၏။

"ဟုတ်ကဲ့ မစ္စတာထွန်း"

"ကျေးဇူးပြုပြီး ရှင်းပြပါလား မာမာ"

"ဒီလိုပါ မစ္စတာထွန်းရယ်. . . တစ်ည အိပ်မက်ထဲမှာ မိပ်ဝဝ

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုန်းတော်ကြီးတစ်ပါးကို မြင်ရတယ်။ အလွန့်ကို ကျက်သရေရှိတာပဲ။ သူ့အနားမှာ ကျားကြီးနှစ်ကောင်က ငုတ်တုတ်ထိုင်လို့. . . သူက တည်တည်ငြိမ်ငြိမ်နဲ့ ထိုင်ပြီး မျက်စိကို အကြာကြီးမှိတ်ထားတယ်။ နေရာကတောင်ကုန်းတောင်တန်းလို နေရာမှာ သူ့ကိုယ်ပေါ်မှာ အလင်းရောင်တွေ ဖြာထွက်လို့ ပြောရရင်. . . အဲဒီအိပ်မက်ကို မကြာခဏ မြင်မက်ပြီး ကျွန်မက သူ့ကိုအရမ်းတွေ့ချင်နေတယ်။ သူ့ကိုမြင်ရတာ စိတ်လည်း ချမ်းသာတယ်။ သူ့ကိုအိပ်မက်မြင်မက်ခွင့်မရရင် အိပ်မပျော်သလိုခံစားခဲ့ရတယ်။ ကြာတော့ အိပ်ဆေးသောက်ပြီး အိပ်ရတယ်။ ဒါပေမဲ့ အိပ်လို့မရဘူး။ အဲဒီဘုန်းကြီးကို မြင်မက်တဲ့ညမျိုးကျမှ ကောင်းစွာ အိပ်ပျော်ခဲ့ရတယ်။ ဆရာဝန်ကလည်း စိတ်ငြိမ်ဆေးကျွေးတယ်။ မရပါဘူးရှင့်။ ဒါနဲ့ ခရီးထွက်ပေးပါတဲ့။ အဲဒါနဲ့ တိဘက်ကိုခရီးထွက်ပြီး အဲဒီဘုန်းကြီးကို စုံစမ်းမေးမြန်းပေမယ့် ရှာလို့မရဘူး။ ကျွန်မ သီဟိုဠ်သိရိလင်္ကာလည်း ရောက်ခဲ့ပြီးပြီ။ အိန္ဒိယ ဗုဒ္ဓဂယာလည်းရောက်ခဲ့ပြီးပါပြီရှင့်။ အိပ်မက်ထဲက ထူးဆန်းတဲ့ ဘုန်းတော်ကြီးကို လုံးဝမမြင်မတွေ့ခဲ့ရပါဘူး။ ဒါနဲ့ မြန်မာ ပြည်မှာရှိမလား မသိဘူးဆိုပြီး ထွက်လာခဲ့တာပါ။ မစ္စတွန်း အဲဒီထူးဆန်းတဲ့ ဘုန်းတော်ကြီးကို တွေ့ဖူးပါသလားရှင် ဟင်''

''မာမာ''

''ရှင်''

''များမကြာခင်မှာ မာမာတွေ့ချင်ဖူးချင်တဲ့ ထူးဆန်းသော ဘုန်းတော်ကြီးကို တွေ့ခွင့်ဖူးခွင့် ရလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ် ဒီလိုလုပ်ပါလား''

''ပြောပါ မစ္စတာထွန်း ဘယ်လိုဆောင်ရွက်ရမှာလဲ''

''ညအိပ်ရာဝင်ရင် အိပ်မက်ထဲမှာ မြင်ဖူးခဲ့ရတဲ့ ဘုန်းတော်ကြီး





ကို ဦးစွာ မေတ္တာပို့ပါ''

''မေတ္တာပို့ရမယ်. . . ဘယ်လိုဆိုလိုတာပါလဲ ထွန်း''

''အိပ်မက်ရှင် ထူးဆန်းသော ဘုန်းတော်ကြီး ကျန်းမာချမ်းသာပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းပါစေ. . . အရှင့်အား ကျွန်မလေးစားပါ၏။ မြန်မာပြည်က မပြန်ခင် ဖူးမျှော်ခွင့်ရပါစေသားလို့ မေတ္တာပို့ဆုတောင်းလိုက်ပါ မာမာ. . .''

''အဲဒီလို ဆုတောင်းမေတ္တာပို့ရင် တွေ့ရမယ်လားဟင်''

''ကျွန်တော်တို့ကတော့ ဗုဒ္ဓဘာသာဝင်များမို့ သစ္စာအဓိဋ္ဌာန်ဆုတောင်းကို လေးလေးနက်နက် ယုံကြည်လို့ ထားကြပါတယ် မာမာ။ ဒါဟာ စိတ်ပညာနဲ့လည်း အကျုံးဝင်ပါတယ်။ စိတ်အားထက်သန်မှုဝယ် ပါဝါ(Well Power)စွမ်းအင်ဟာ အကြောင်းသင့်ရင်. . . မြန်မာလိုတော့ ပဋ္ဌာန်းဆက်ရှိရင် တိုက်ဆိုင်စွာ ကြုံဆုံခွင့်ရကြပါတယ် မာမာ။ မာမာ ယုံကြည်စွာလုပ်ဖို့ပဲ အရေးကြီးပါတယ်ခင်ဗျာ''

''ကောင်းပြီး မစ္စတာထွန်း။ မာမာ ဒီညကစလို့ မစ္စတာထွန်း ပြောတဲ့အတိုင်း လုပ်ပါ့မယ်။ ဘယ်နှစ်ရက်လုပ်ရမလဲဟင်''

''အချိန်အားလပ်တိုင်း မေတ္တာပို့ပေးပါ မာမာ''

ထိုနေ့က ကျွန်တော်တို့ ရှေ့သွားမည့် ခရီးစဉ်များကို ရေးဆွဲပြီး စားသောက်ဆိုင်သို့ သွားရောက်ခဲ့ကြလေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

□

မစ္စတာလီနှင့် မာမာတို့ မိသားစုသည် ပုဂံသို့ရောက်သောအခါ ဝမ်းသာနေကြ၏။ ရွှေစည်းခုံဘုရားမှလည်းကောင်း၊ ကောင်းမှုတော်မှာလည်းကောင်း၊ အာနန္ဒာမှာလည်းကောင်း၊ ဧရာဝတီမြစ်ရဲ့ နေဝင်ဆည်းဆာ အလှကိုမြင်ရပြီး ဓာတ်ပုံများရိုက်ကြ၏။

မြင်းလှည်းစီးရသည့် အရသာကို ခံစားရင်း ပျော်နေကြ၏။

မြန်မာဗိသုကာ အတတ်ပညာကို ကြည့်ပြီး ဆောက်လုပ်ရေးသူဌေးကြီး မစ္စတာလီ လွန်စွာအံ့သြနေ၏။ ထုတ်, ယောက်, ဒိုင်း, မြား မပါဘဲ အုတ်နှဲ့သပ်စီဆောက်သွားသည့် မြန်မာဗိသုကာလက်ရာကိုလည်းကောင်း နှစ်ပေါင်းများစွာ ခိုင်ကျည်နေသည့် မြန်မာမြေအုတ်နှင့် ဘိလပ်မြေသရိုးလက်ရာများကိုလည်းကောင်း လွန်စွာအံ့သြပြီး ချီးကျူး၍မဆုံး။

ထိုနေ့က စွယ်တော်မြတ်စေတီကို ဖူးမျှော်ကြသည်။
ပြီးနောက် မနူဟာမြတ်မုနိကို ဝင်ဖူးကြသည်။
အင်းလေးဖောင်တော်ဦးသို့ ရောက်အောင်သွားကြသည်။
ရေပေါ်အိမ်များ စိုက်ခင်းများကိုလည်းကောင်း, လှေကို လက်





နှင့်မလှော်ပဲ ခြေနှင့်အုပ်စုဖွဲ့ လှော်ကြသည့် အင်းသားများရဲ့ ဘဝကိုကြည့်၍ သူဌေးကြီးဇနီးမောင်နှံ သားသမီးလူငယ်များ ဓာတ်ပုံရိုက်လို့မဆုံး၊ ကြည့်နူးလို့ မဆုံး။

ဖောင်တော်ဦးဘုရားများကို ကြည့်၍မေးကြ၏။

''ဒီရွှေတုံးကြီးများက အစစ်ပဲလားဟင်''

''အဲဒါ ရွှေတုံးမဟုတ်ဘူး မာမာ''

''ဒါဖြင့် ဘာလဲဟင်''

''ဗုဒ္ဓရုပ်ပွားတော်များကို ဘုရားဖူးများက ရွှေချလှူဒါန်းရင်း နှစ်ပေါင်းများလာတော့ ရွှေတုံးလိုဖြစ်သွားခဲ့တာပါ ခင်ဗျား''

''အို:. . . ဒီလိုလား''

ထိုနေ့က ကျွန်တော်တို့အားလုံး အင်းလေးဟိုတယ်မှာ တည်းခိုကြ၏။ ညဘက်ရောက်တော့ တိုင်းရင်းသားရက်ကန်းစင်များရှိရာ အိမ်များသို့ သွားရောက်လည်ပတ်ကြ၏။ အဲဒီမှာ ကျွန်တော်တို့ အသံများရှိနေသည်ကို။

ထိုစဉ် အသံချဲ့စက်မှ ပရိတ်ရွတ်သံများကို ကြားလိုက်ရ၏။

''မစ္စတာထွန်း အဲဒါ ဘာလဲဟင်''

''မြန်မာဗုဒ္ဓတရားပွဲပါ မာမာ''

''မြန်မာဗုဒ္ဓတရားပွဲ။ သူတို့ ဘာတွေပြောကြသလဲဟင်''

''ဗုဒ္ဓဘုရားရှင်ဂေါတမရဲ့ အဆုံးအမတရားများကို ဘုန်းကြီးကလူ(တရားနာသူ) များကို ရှင်းလင်းပြောပြတာပါ။ ပြီး အန္တရာယ်ကင်း ပရိတ်တရားများ ရွတ်ဖတ်ပါတယ် မာမာ''

''နားထောင်လှေလာချင်တယ် မစ္စတာထွန်း''

''လာ. . . လာ. . . မာမာ. . . သွားကြစို့''



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်တော်လူစုသည် တရားပွဲကျင်းပရာ မဏ္ဍပ်ကြီးသို့ ရောက်ရှိခဲ့ကြ၏။ တိုင်းရင်းသား ပရိသတ်များသည် တရားမဏ္ဍပ်ထဲမှာ ပြည့်လျှံနေ၏။

တရားဟော ဓမ္မကထိက ဆရာတော်ကြီးကား တောင်တန်းသာသနာပြု ဆရာတော်ကြီး အရှင်ဦးဥတ္တမသာရ အရှင်သူမြတ်ဖြစ်၏။

ဒီမှာ မစ္စတာလီနှင့် မာမာတို့က ဆရာတော်ဘုရားကြီးရှေ့မှ တန်းစီနေသော ပုလင်းများကိုကြည့်၍ မေးလိုက်၏။

"ဟို ပုလင်းတွေက ဘာလုပ်တာလဲဟင်"

"ပြောပါမယ် မာမာ. . . ဒီဆရာတော်ကြီးရဲ့ ဘွဲ့အမည်က တောင်တန်းသာသနာပြု ဆရာတော်လို့ ခေါ်ပါတယ်မာမာ"

"ဘယ်လို အဓိပ္ပာယ်လဲဟင်"

"သူဟာ အလွန်ဝေးလံသီခေါင်လှတဲ့ ချင်းတောင်တန်း. . . ချင်းတောင်တန်းလိုနေရာက ကျေးရွာရှိလူအများကို ယဉ်ကျေးသိမ်မွေ့အောင်၊ ဓမ္မရဲ့အနှစ်သာရကိုသိအောင်၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို သိရှိနားလည်ပြီး ဗုဒ္ဓဘာသာဝင်များဖြစ်အောင် ဒုက္ခဆင်းရဲခံပြီး လိုက်လံတရားဓမ္မဟောပြတဲ့ ရှားရှားပါးပါး သာသနာပြုပုဂ္ဂိုလ်ပါ မာမာ. . သူဟာ ဒါန သီလ ဘာဝနာလို့ခေါ်တဲ့ကျင့်စဉ် မေတ္တာကျင့်စဉ်များ အားကောင်းလွန်းလို့. . . သီလအားကောင်းလွန်းလို့ သမာဓိအား ကောင်းလွန်းလို့ သူမေတ္တာပို့ရင် လူတိုင်းဘေးအန္တရာယ်ကင်းကြတယ်။ ဘယ်လောက် မေတ္တာဘာဝနာ အားကောင်းသလဲဆိုရင် ကျားတွေ ဆင်တွေ ကျားသစ်တွေဟာ သူ့အနားမှာထိုင်ပြီး စောင့်ရှောက်ကြရတယ်"

"ဟင်. . . ကျားတွေ၊ ဆင်တွေက သူ့အနားမှာ ထိုင်စောင့်ရှောက်ကြတယ်"





"ဟုတ်ပါတယ်ခင်ဗျား"

"မစ္စတာထွန်း. . ."

"ခင်ဗျား. . ."

"မာမာ သူ့ကို အနီးကပ်ကြည့်ပါရစေ"

"ရပါတယ်. . . မာမာ။ ဒီဘက်နားကနေလာပါ"

ကျွန်တော်က ဦးဆောင်ပြီး နံဘေးဝဲဘက် လူသွားလမ်းမှ ခါး ကုန်းပြီးသွားလိုက်တော့ သူတို့အားလုံး လိုက်ပါလာကြ၏။

ပြီးနောက် ကွက်လပ်ဖြစ်နေသော နေရာလေးမှာ ဝင်ထိုင်၍ ကျွန်တော်က ဦးချလိုက်၏။

ဒီမှာ မာမာ(ခေါ်) မစ္စလင်းသည် တရားပြနေသည့် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရ၏ မျက်နှာတော်ကိုဖူးမျှော်ကြည့်ရင်းမှာ ပါးပြင်ပေါ်သို့ မျက်ရည်ဥများ လိမ့်ဆင်းလာခဲ့၏။

သူ့ဖခင်ကြီး မစ္စတာလီသည်လည်းကောင်း. . . သူ့သားသမီးသုံးဦးတို့သည် လည်းကောင်း. . .

ဇနီးသည်–မိခင်သည် ဘုန်းတော်ကြီးကိုကြည့်ပြီး မျက်ရည်များ လိမ့်ဆင်းကျလာသည်ကို ရုတ်ခြည်းမြင်လိုက်ရသောအခါ လွန်စွာစိုးရိမ်သွားကြပြီး. . . မိခင်ဖြစ်သူကို ဝိုင်းမေးကြ၏။

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

"မာမာ မာမာ ဘာလို့ မျက်ရည်ကျတာလဲဟင်"

"မာမာ မာမာ မျက်စိထဲ ပိုးကောင်ဝင်လို့လား ဟင် ဟင်"

ဒီမှာ ကျွန်တော်က စိုးရိမ်ကြီးစွာဖြင့်အနီးသို့ တိုးကပ်သွားလိုက်၏။

"မာမာ မာမာ ဘာဖြစ်လို့ပါလဲခင်ဗျာ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မ...စွ...တာ...ထွန်း"

"ခင်ဗျာ မာမာ ဘာလဲဟင်"

"တွေ့...ပြီ"

"ခင်...ဗျာ"

"ကျွန်မရှာနေတဲ့ သူကို...တွေ့ပြီ"

"ဘာကိုတွေ့တာလဲ...မာမာရဲ့ ...ဟင်...ဟင်"

"ဟို...ဟို ကျွန်မအိပ်မက်ထဲမှာ မကြာခဏ ဖူးမြင်ရတဲ့ ကျားတွေ့ရှိနေတဲ့ ဘုန်းတော်ကြီးဟာ ဇီ...ဒီ ပုဂ္ဂိုလ်ကြီးပဲ"

"ဗျာ"

"ဟင်"

"ဟယ်"

"တ...တ...ကယ်လားဟင်...မာမာ"

ကျွန်တော်တို့အားလုံး အံ့ဩဝမ်းသာသွားကြ၏။ သူမရဲ့ခင်ပွန်း သူဌေးကြီးကား အံ့ဩဝမ်းသာ၍မဆုံး။ မာမာသည် တောင်တန်း သာသနာပြု ဆရာတော်ဘုရားကြီး၏ ကြည်ညိုလေးစားဖွယ်ရုပ်သွင်နှင့် တရားသံများ နားစွင့်ကြည်ညိုရင်း တခြားတရားနာသူများကဲ့သို့ လက်အုပ်ချီ၍ ဖူးမျှော်ကြည်ညိုလိုက်ကြ၏။

ကျွန်တော်တို့အားလုံးနှင့် ပရိသတ်များကြည်ညိုဖူးမျှော်နေစဉ်မှာပင် ဆရာတော်ဘုရားကြီးရှေ့ရှိ ရေပုလင်း ဆီပုလင်းများသည် အလိုလိုအဖုံးများပွင့်လာပြီး ရေများ ဆီများ လျှံဖိတ်ကျလာသည်ကို မစွတာလီနှင့် မာမာတို့ မိသားစု ရုတ်ခြည်းမြင်လိုက်ရသောအခါ မျက်လုံးများ ကျယ်သွားခဲ့တော့၏။

"မစ္စတာထွန်း ဒါ...ဒါ ဘာဖြစ်လာတာလဲဟင်"





"ဆရာတော်ဘုရားကြီးရဲ့ မေတ္တာအစွမ်း သိဒ္ဓိတန်ခိုးအစွမ်းကြောင့် ပရိတ်ရေတို့ ပရိတ်ဆီမန်းတို့ အလိုလို ဆူပွက်ပြီး လျှံကျလာတာပါ မာမာ အဲဒီပရိတ်ရေကို ပရိတ်ဆီကို ဆောင်ရင်, လိမ်းရင်, သောက်ရင် မကောင်းသော အနှောင့်အယှက် ပယောဂဘေးဆိုးများ ချက်ချင်းလက်ငင်း ကင်းစင်ပျောက်ပြီး ကောင်းကျိုးချမ်းသာ သုခကို ခံစားရတာ ဒီအရှင်သူမြတ်ရဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကြောင့်ပါပဲ မာမာ"

"အို ကျေးဇူးကြီးလှပါပေ့ အရှင်သူမြတ်ဘုရား"

➤ ➤ ➤

❒

တရားပွဲသိမ်းသောအခါ ကျွန်တော်တို့အားလုံး တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး အရှင်သူမြတ်ကို အနီးကပ်ဖူးတွေ့ကြ၏။

ကျွန်ုပ်က လေးစားစွာဖြင့် ဤနိုင်ငံခြားသူတစ်ဦး ကြုံခဲ့ရသည့်ဖြစ်စဉ်ကို လျှောက်ထားလိုက်သောအခါ ဆရာတော်ကြီးက ခေါင်းညိတ်တော်မူ၏။

"ခု ဖူးတွေ့ရတော့ ကျေနပ်ပါပြီလား တကာမကြီး"

"ကျေနပ်ဝမ်းသာပါ၏ ဘုရား"

"နောင်ဆို ကောင်းမွန်စွာအိပ်ပျော်နိုင်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဘုရား"

"ကောင်းစွာနေ ကောင်းစွာကျင့်ကြံရလျှင် အလှူ့ဒါနပြု အားလုံးကို မေတ္တာထားပါ တကာမကြီး"

ကျွန်တော်က ဘာသာပြန်ပေးလိုက်၏။

"စိတ်ချပါ ဘုရား. . . အရှင်မှာသည့်အတိုင်း ပြုမူပါမည်ဟု ကတိပြုပါသည် ဘုရား"

"သာဓု သာဓု. . . သာဓု နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ"

သို့ကလို ဆုပေးပြီး ဆရာတော်ကြီး ပြန်ကြွသွား၏။ မစွက် လင်းကား ဝမ်းသာကြည်နူးလို့မဆုံး၊ ကျေနပ်လို့မဆုံး။

ပို၍ ကျေနပ်စရာကောင်းသည်ကား. . .

တိုင်းရင်းသား ဥပသကာတစ်ဦးက သူဌေးကြီးတို့ မိသားစုအား လှူကျလာသည့် ပရိတ်ရေတစ်ပုလင်း လက်ဆောင်ပေးလိုက်သောအခါ–

"သိုင်းကျူး သိုင်းကျူး ဘဲရီးမတ်ချ်"

မိသားစုအားလုံး ဝမ်းသာလို့မဆုံး။ ပရိတ်ရေပုလင်းကို ရင်ဘတ်မှာပိုက်၍ ဝမ်းသာမျက်ရည်များ စီးလိမ့်ကျလျက်. . .

ကျွန်တော်ကား. . .

အရှင်သူမြတ်ကြီးအတွက်လည်းကောင်း၊ နိုင်ငံခြားသား မိသားစုရဲ့ အိပ်မက်ဆန်း ကေန်မုချ အကောင်အထည်ပေါ်၍ ဖူးမြင်ခွင့်ရခြင်းကိုလည်းကောင်း အားရကျေနပ် အံ့သြဝမ်းသာဖြစ်၍ မဆုံးနိုင်တော့ပါလေ။

¤ နတ်လှဦး



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နှင့်ရွှေဝါရောင်ထစ်ခွအစောင့်များ

ကျွန်တော်ယခုနေ့မနက် ၆ နာရီခန့်ထဲ၌ ထောင်ဖွင့်ပေးပြီး
နောက် ရဲဘက်ဆူးကြိုးဝင်းအား စစ်ဆေးပါသည်။ ယာယီဆူးကြိုး
ဝင်းသာဖြစ်၍ အခိုင်အမာ မဟုတ်ပါ။ နှစ်ထပ်ဝင်းဖြစ်သော်လည်း
စိတ်မချရ။ နေ့စဉ် ညစဉ် စစ်ဆေးပါမှ တော်ကာကျပါသည်။ စခန်းအတွင်း
မိလ္လာစနစ်နှင့် စွန့်ပစ်ပစ္စည်းများထည့်ထားသည့် မြေကျင်းများအားလည်း
စစ်ဆေးပြီးနောက် အလုပ်ခွဲဝေ၍ ရဲဘက်ဘုတ်များအား ရဲဘက်တစ်
စိတ်မှူး၊ ဝန်ထမ်းအစောင့်များနှင့် တာဝန်ကျရာ နေရာအသီးသီးသို့
ထုတ်ပေးရသည်။ ယနေ့ ဒရုခချောင်းအတွင်း ကျရောက်နေသည့် ဘီလံယံ
သံပေါင်ကြိုးတံတားအပျက်မှ သံပေါင်များအား ဆယ်တင်ရန် ထောင်မှူး
ဦးအောင်ကြီးအား မနေ့ညကတည်းက တာဝန်ပေးထားပြီးဖြစ်သည်။

ထောင်မှူး ဦးအောင်ကြီးမှာ ခလရ (၃၇)မှ ဗိုလ်မှူးကျော်ဝင်း





ခေတ္တပေးထားသည့် M-22 တရုတ်စက်သေနတ်ကြီးအား ထမ်း၍ ဘုတ်
ထုတ်သွားပါသည်။ ယနေ့ ရဲဘက်နှင့် ဝန်ထမ်းများပင်ပန်းကြမည်ဖြစ်၍
ဟင်းကောင်းကောင်းဖြင့် ထမင်းကျွေးလိုလှပါသည်။ သို့သော် ငွေကြေး
ရှိသော်လည်း သားငါးဝယ်ယူ၍ ရသောနေရာမဟုတ်ပါ။

ဆွမ်ပရာဘွမ် တောနက်ကြီးထဲဖြစ်၍ မုဆိုးကျော်ထွန်းကိုသာ
အားကိုးနေရပါသည်။ ငြိမ်းချမ်းရေး မရသေးသော အချိန်ဖြစ်သဖြင့်
ကျွန်တော်လည်း တောမလည်ရဲပါ။

အေးလွန်းသော ဒေသဖြစ်သော်လည်း သားကောင်က ပေါလှ
သည်။ ကြောင်ဝံပိုက်၊ ကြောင်နံ့သာ၊ သစ်ကြွက်၊ တောဝက်၊ တောကြွက်၊
ရစ်ဒေါင်း၊ ဆင်နှင့် မျောက်ဝံကြီးများ ပေါလှကြောင်း မုဆိုးကျော်ထွန်းက
ပြောသည်။ သူနှင့် ကျွန်တော် ဒရုခချောင်းအတွင်း ထွက်ခဲ့ကြရင်း
ချောင်းတစ်ဘက်ကမ်းကူးကြ၍ ကျွန်တော်က လုပ်ငန်းစစ်ဆေးရန် ကျန်ခဲ့ပြီး
မုဆိုးကျော်ထွန်းက ကိုင်းလည်ရန်တောဝင်သွားပါသည်။

တစ်ဘက်ကမ်းတံတားပျက်ကြီးထိပ်၊ ကျောက်ပုံပေါ်တွင် ထောင်
မှူးအောင်ကြီးက သေနတ်ကောက်ကြီး၊ ကျည်ဘြောက်အကောက်ကြီးကို
ထမ်း၍ ဝန်ထမ်းနှင့် ရဲဘက်များအား လုပ်ငန်းခွင်တွင် ကြီးကြပ်ညွှန်ကြား
နေပါသည်။ ဒရုခချောင်းမှာ ကမ်းပေါင်မှ ပေ ၅၀ ခန့် နက်ပြီး၊
အကျယ်ပေ ၃၀၀ ခန့်ရှိသည်။ ယခုလို နွေဦးပေါက်ရာသီတွင် ဒူးခေါင်း
နစ်ရုံသာ ရေရှိသော်လည်း မနက်ခင်းဖြစ်၍ ရေမှာ အေးစိမ့်နေသည်။

ဘီလီသံပေါင်တံတားမှာ သောင်းကျန်းသူများ မိုင်းခွဲဖျက်ဆီး
ထားသဖြင့် သံထည်ကြီးများ ချောင်းထဲကျနေပြီး နှစ်အတန်ကြာ
ရေမြှုပ်နေခြင်းဖြစ်သည်။ ၁၀'x ၄' ပေ သံပေါင်ကြီးများဖြစ်၍ လူ
၁၀ ယောက် ထမ်းမှနိုင်ပါသည်။ ရေထဲမှ ဖော်သူဖော်၊ ကမ်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ထမ်းသူ ထမ်းဖြင့် အလုပ်ရှုပ်နေကြရာ ထမင်းလုံးတစ်လုံးစီအား သယ်ယူနေသည့် ပုရွက်ဆိတ်တန်းကြီးနှင့် တူနေပါသည်။

၁ နာရီခန့်အကြာတွင် မုဆိုးကျော်ထွား ကျွန်တော့်ထံရောက်လာပြီး သတင်းပို့ပါသည်။ မနေ့ညနေက ထားဝယ်လင်မယားထံမှ နိုင်လွန်ကြိုးငှား၍ ထောင်ထားသော သုတ်ကိုင်း(နင်းကိုင်း)တွင် တောဝက်ကြီးတစ်ကောင် မိနေကြောင်းဖြစ်သည်။

"ကျော်ထွားရေ အကောင်ကြီးသလားကွ"

"ကြီးတယ် ဆရာ၊ ပိဿာ ၆၀ လောက်ရှိမယ်၊ တောဝက်သိုးကြီး ဆရာ၊ အစွယ်ကြီးကလည်း ကော့ပြန်နေတာဘဲ။ သေနတ်နဲ့ပစ်မှရမယ် ဆရာ"

"အတော်ဝေးသလားကွ"

"မဝေးဘူးဆရာ၊ ဟိုးရှေ့က ချောင်းကွေ့နားတင်၊ ဆရာလိုက်ခဲ့ပါ"

"အေး-မဝေးရင်တော့လိုက်ခဲ့မယ်၊ နေဦး ငါ့မှာသေနတ်မပါဘူး"

"ဆရာ ကျွန်တော်လိုက်ပြီး ပစ်လိုက်မယ်။ ဒီသေနတ်ကြီးလည်း စမ်းရင်းပေါ့"

"အောင်ကြီး မင်းတောဝက်ပစ်ဖူးလို့လား"

"မပစ်ဖူးဖူးဆရာ၊ ကျွန်တော်က TATGET SHOOTING ပဲပစ်ဖူးတာ"

"အဲဒါဆို မင်းနေခဲ့တော့၊ မင်းသေနတ်ကြီးငါ့ပေး။ တောဝက်ကို ကိုင်းမိနေပေမယ့် မပစ်ဖူးရင် အန္တရာယ်အရမ်းကြီးတယ်။ ငါက ပဲခူးမိုမန်း တနင်္သာရီရိုးမမှာ ပစ်ခဲ့ဘူးတော့ တောဝက်အထာသိနေပြီ။ ငါနဲ့





မုဆိုးပဲသွားပစ်မယ်။ မင်းနေခဲ့တော့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်နှင့်မုဆိုးတို့ချောင်းကမ်းပါးအား ပတ်၍ ချောင်းကွေ့သို့ သွားကြပါသည်။ အမြင်နီးသော်လည်း ခရီးမှာဝေးလှသည်။ ခြေသံလုံလုံဖြင့် တောတိုးသွားခြင်း ဖြစ်သော်လည်း ကျွန်တော်တို့ဘက်က လေတင်ဖြစ်နေ၍ တောဝက်ကြီး လူနံ့ရသွားဟန်တူပါသည်။

တရှူးရှူးနှင့် အတင်းရုန်းကန်နေသဖြင့် အနီးတွင်ရှိသည့် တောငှက်ပျောပင်များ လှုပ်ရမ်းနေသည်။ ချောင်းကမ်းပါးဖြစ်၍ အကာအကွယ်ယူရန် သစ်ပင်ကြီးကြီးလည်း မရှိပါ။ အနီးတွင် တောငှက်ပျောရုံနှင့် ကင်ပွန်းချုံ၊ ဝါးနက်ဝါးရုံတစ်ရုံသာရှိသည်။ မုဆိုးအား လုံခြုံရာတွင် ထားခဲ့ပြီး ကျွန်တော်ဝါးနက်ဝါးရုံအောက်သို့ ပြေးကပ်ရပါသည်။ M-22 စက်သေနတ်ကြီးအား REGULAR တစ်တောင့်ခြင်း အမှတ်သို့ ရွှေ့ပြီး မောင်းထိန်းခလုတ်အား ဖြုတ်၍ ထိုးချိန်ပစ်ခတ်ရာ-

"ဖောင်း"

ဟူသော သေနတ်သံနှင့်အတူ လက်ပြင်နောက်ကျောကို ကျည်ဝင်သွားသော်လည်း တောဝက်သိုးကြီးမှာ ဆောင့်ရုန်းသဖြင့် ထောက်ကိုင်းကျိုးသွားပြီး ကြိုးတန်းလန်းနှင့် ကျွန်တော်ပုန်းခိုနေရာ ဝါးရုံပင်ကို ဝင်တိုးပါတော့သည်။

"ဝုန်း"

ဝါးရုံပင်ကြီးမှာ လှုပ်ရမ်းသွားပြီး ကျွန်တော့်ရှေ့ဝါးရုံပင်ရင်းတွင် တောဝက်သိုးကြီးမှာ ပုဆစ်တုတ်၍ ခေါင်းစိုက်ဝင်သွားရာ နားတွင်းသို့ အနီးကပ်ပစ်သွင်းမှ ငြိမ်သွားပါတော့သည်။

"ဖောင်း"



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကျော်ထွားမှာ အပြေးလာပြီး ဝက်ကြီးအား ကြုံးထမ်းသော်လည်းမနိုင်ပါ။ ချက်ချင်းပင် ဝက်သိုးကြီး၏ သိုအုံအား ဓားနှင့် ဝိုက်လှီး၍ ထုတ်ပစ်လိုက်ပါသည်။ ထိုသို့မထုတ်ပစ်ပါက ၁၅ မိနစ်အတွင်း ကိုယ်တွင်းပျံ့နှံ့ကာ ဝက်သိုးနံ့ နံ၍ စားမရတော့ပါ။

သေနတ်သံကြား၍ထင့် ခလရ ၃၇ မှ တပ်ကြပ်ကြီးစိန်သောင်းနှင့်အဖွဲ့ဆင်းလာကြပါသည်။ ဟုတ်ပါသည်။ ကျွန်တော်ပစ်သော သေနတ်မှာ ရန်သူ့ဘက်မှ သိမ်းဆည်းရမိထားသော သေနတ်ဖြစ်၍ ကျွန်တော်တို့ကိုင်ဆောင်သော သေနတ်များနှင့် အသံမတူပါ။

"ထောင်ပိုင်ကြီးရယ် စောစောကပြောရောပေါ့။ ကျွန်တော်တို့လိုက်ပစ်ပေးမှာပေါ့၊ အခုတော့ ကိုယ်တိုင်ပစ်ရတယ်လို့။ သေနတ်သံကလည်း ရန်သူသေနတ်သံမို့ ကျွန်တော်တို့ စိုးရိမ်သွားကြတာ၊ ချောင်းပစ်ခံရတယ် မှတ်တာ၊ တော်ပါသေးရဲ့ဗျာ"

"ဟုတ်ပါရဲ့ ဆရာကြီးရေ ရုတ်တရက်ကြီး မုဆိုးက လာခေါ်လို့ လိုက်ပစ်ပေးရတာပါ။ သေနတ်လည်း မပါတာနဲ့ နီးစပ်ရာ ထောင်မှူးအောင်ကြီးဆီက ဆွဲပြီးလာရတာ။ ကိုအောင်ကြီး မပြောဘူးလား"

"ပြောပါတယ်ဆရာ၊ အဲဒါကြောင့် စိတ်အေးသွားရတာ၊ ဗိုလ်မှူးလည်း အတော်စိတ်ပူနေရှာမယ်။ ကဲ–ရဲဘော်တို့ လာကြစမ်းကွာ။ ဝက်ကြီးကို ဝိုင်းထမ်းပြီး စခန်းပြန်ရအောင်"

"ဟုတ်ကဲ့ ဆရာကြီး"

ဝက်ကြီးအား မြယာပင်လျှော်များဖြင့် ဝက်တုတ်, တုတ်ပြီး အနီးဝါးပင်မှ ဝါးနက်ဝါး ဖြောင့်ဖြောင့်တစ်လုံးအား ခုတ်၍ စခန်းသို့ သယ်လာကြပါသည်။ ကျွန်တော့်ရည်မှန်းချက်လည်း ပြည့်ပါပြီ။ ယနေ့ ပင်ပန်းကြသောဝန်ထမ်းနှင့် ရဲဘက်များအား ကုလားပဲဟင်းအပြင်





ဝက်သားဟင်းလည်း ကျွေးနိုင်တော့မည်ဖြစ်သည်။

စခန်းရိက္ခာတဲအနီး မုဆိုးကျော်ထွားဦးဆောင်၍ ဝက်ဖျက်နေကြပါသည်။ ကျွန်တော်ရောက်ရှိသွားပြီး–

"ကျော်ထွားရေ တပ်ကုန်းနဲ့ ခလရ ၃၇ က ကိုကျော်တို့ကိုပါ ခွဲဝေပေးလိုက်ကွာ။ ဝက်သည်းခြေကတော့ ငါ့အတွက် ဖယ်ထားလိုက်နော်"

"ဟုတ်ကဲ့ဆရာ၊ ဆရာခေါင်းကိုက်နေလို့လား"

"မဟုတ်ပါဘူးကွာ မင်းပြောတဲ့ဆေးနည်းအတိုင်း တောဝက်သည်းခြေနဲ့ ကနစိုရွက်ခြောက်ဆောင်ထားပြီး ခေါင်းကိုက်နေတဲ့ သူတွေကို ပေးဖို့ပါ။ အဲဒီနှစ်ခု ခေါင်းအုံးထဲ ထည့်အိပ်ရင် ခေါင်းကိုက်ပျောက်တယ်ဆိုကွ"

"ဟုတ်ပါတယ် ဆရာ။ ဆောင်ထားသင့်ပါတယ်။ အဲဒီဆေးနည်းက နှစ်နဲ့ချီပြီး ခေါင်းကိုက်တာတောင် ပျောက်ပါတယ်။ ဆရာ ဝက်သားဘယ်လိုစားချင်သလဲ"

"မင်းတို့ မုဆိုးချက်ပဲ ချက်ပါကွာ။ နူးတော့ နူးပစေပေါ့။ ဝက်သိုးကြီးဆိုတော့ အသားက မာလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

နေ့လယ်စာကိုတော့ တောဝက်သားဟင်းနှင့် စခန်းတစ်ခုလုံး မြိန်ရှက်စွာ စားသုံးကြပါသည်။ သူများအသက်ကို သတ်ရသော်လည်း ကျွန်တော်တို့ ပျော်ပါသည်။ အသက်တစ်ချောင်းသတ်ပြီး လူ ၅၀၀ ကျော် စားသုံးနိုင်သောကြောင့် ဖြစ်သည်။ စခန်းအနီးတွင် အမဲလိုက်ခြင်းသဖြင့် ကျွန်တော်၏ မုဆိုးဗီဇပြန်ထလာပါသည်။ ချမ်းအေးသော တောက်များဒေသတွင် ကုပ်နေ၍မရပါ။ ချွေးကလေးစို့စို့နှင့် တောတိုးမှ ကျန်းမာရေး ကောင်းမွန်ပေမည်။ ဆွမ်ပရာဘွမ်တောကိုလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မနှံ့စပ်သေး။ လေ့လာစရာတွေလည်း အများကြီးရှိသေးသည်။ ရှာပဲ သစ်ခွပန်းများကိုလည်း ရှာလိုသေးသည်။ နယ်မြေမအေးချမ်းသဖြင့် တောမလည်နိုင်ဘဲ မုဆိုးကျော်ထွားပြောသမျှသာ ကြားနေရသည်။

ယနေ့ညနေ ကချင်ဈေးသည်များလာသဖြင့် အဆင်ပြေပြေ သည်။ ကချင်အရက်ပြင်းနှစ်လုံး ဝယ်ထားလိုက်သည်။ ညနေတွင် မုဆိုးကျော်ထွား ချက်ပြုတ်ပေးသော ဝက်ကလီစာဟင်းနှင့် ဝက်ခေါင်း သုပ်မှာ အမြီးအတွက် အလွန်အရသာရှိသည်။ စားသောက်နေရင်း–

"ကျော်ထွားရေ မနက်ဖြန် မင်းတောဝင်ရင် ငါပါလိုက်မယ်ကွာ မုဆိုးစျာန်ဝင်လာပြီ။ ဒုသ္သမ ၃၀၃ အမေရိကန် ရိုင်ဖယ်ကြီးယူခဲ့မယ် အောင်ကြီးသေနတ် M-22 က ပေါ့ပေမယ့် ထိရောက်မှု အားနည်းတယ် ငါက ရိုင်ဖယ်ကြီးနဲ့ တောလည်နေကျဆိုတော့ ရိုင်ဖယ်ကြီးကိုပဲ အား တယ်"

"ဟုတ်ကဲ့ ဆရာ၊ ဆရာပါတော့ ပိုကောင်းတာပေါ့၊ ကျွန်တော် မှာ သေနတ်မပါတော့ အမဲကောင်တွေ့တာတောင် မပစ်နိုင်ဘူး။ တော ဝက်အုပ်တွေ့ရင် ရှောင်နေရတယ်"

"အမဲတွေ့လည်း ပစ်တာပေါ့ကွာ။ အဓိက.က ငါသစ်ခွပန်း ဂမုန်းပင်တွေလိုချင်တယ်"

"ရှိပါ့ဆရာရယ်။ မြေပြန့်မှာမရှိတဲ့ သစ်ခွတွေတောင် ကျွန်တော် တွေ့ထားတယ်။ အရောင်မျိုးစုံပဲ။ ဒါပေမဲ့ သစ်ပင်အမြင့်ကြီး တွေပေါ်မှ ခူးဖို့တော့ ခက်လိမ့်မယ်"

"မင်း တက်စရာမလိုပါဘူး။ ငါ သစ်ပင်တက်ကျွမ်းတဲ့ "မျော တင်သောင်း"ကို ခေါ်ခဲ့မယ်။ သူက မတ္တရာနယ်သား ပျားဖွပ်သမားကွ

"အင်း တင်သောင်းဆိုရင်တော့ စိတ်ချရတာပေါ့။ ဒီကောင်





သစ်ပင်တက်ကျွမ်းလို့ "မျောက်ဘွဲ့"တောင်ရထားတာပဲ။ ကျွန်တော်တွေ့ ထားတဲ့ ပျားအုံတွေကိုလည်း သူ့တက်နိုင်းရတော့မှာပဲ။ နောက်ပြီး ဆရာကြိုက်တဲ့ မက်လင်ချဉ်သီးလည်း ခူးခိုင်းရမယ်"

"အေး– ကောင်းတာပေါ့။ သူ့အတွက် ဓားထက်ထက် တစ် လက်တော့ ရှာခဲ့ကွာ"

"ဟုတ်ကဲ့ ဆရာ၊ ကပ်ကြပ်ဦးထွေးမောင်ဓားကို ငှားခဲ့မယ်"

ထိုနေ့ညက ညစာစား မီးခဏလှုံပြီး အိပ်ရာဝင်ခဲ့ပါသည်။ ဘက်ပစ်စဉ်က အတန်ငယ်ပင်ပန်းသွားပြီး နေ့လယ်စာ၊ ညစာ စားကောင်း လှသဖြင့် အဆီယစ်ပြီး စောစောအိပ်ရာဝင်ခဲ့ခြင်းဖြစ်သည်။ အိပ်၍လည်း ကောင်းလှပါသည်။ နွေဦးပိုင်းဖြစ်၍ အအေးပေါ့သွားသော်လည်း ဂွမ်းကပ် စောင်ကြီးကိုတော့ လက်လွှတ်၍ မရသေးပါ။ မီးဖိုနှင့်ဝေးသည်နှင့် ချမ်းအေးတုန်းပင်၊ ရာသီဥတုသာယာပြီး နယ်မြေအေးချမ်းလျှင်တော့ အဝေါ်နေထိုင် ကောင်းမည့်ဒေသဖြစ်သည်။

မနက် ၆ နာရီထိုးခန့် အိပ်ရာက နိုး၍ မျက်နှာသစ်တော့ မုဆိုးကျော်ထွားက မနက်စာစော အသင့်ပြင်ပြီးပါပြီ။ ထမင်းကြော်နှင့် ညက ဝက်သားဟင်းကျန် နွေးနွေးကြမ်းတို့ဖြစ်သည်။ ကျွန်တော်တို့ စားသောက်နေကြစဉ် ထောင်ဖွင့်ပြီး၍ ဆူးကြိုးဝင်းအတွင်းမှ ဘုရားရှိခိုး သံနှင့် အမှုပေးဝေသံတို့ကို ကြားနေရသည်။

နေ့စဉ်ထောင်ဖွင့်ရသည်မှာ အိပ်ရေးပျက်လှသဖြင့် ထောင်မှူး ဦးအာဂွန်၊ ထောင်မှူး ဦးအောင်ကြီးနှင့် ကျွန်တော်တို့ တစ်ရက်စီ ထောင်ဖွင့်၊ ထောင်ပိတ်ဝင်ရန် တာဝန်ခွဲထားသည်။ ယနေ့ ဦးအာဂွန် အလှည့်ဖြစ်သည်။ မကြာမီ မျောက်တင်သောင်း ရောက်ရှိလာပါသည်။

"ဆရာကြီး ကျွန်တော်ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ကျော်ထွားရေ မျောက်တင်သောင်းပါ ထမင်းကြော်ကျွေးလိုက်ကွာ။ ဒီကောင် ဒီနေ့ပင်ပန်းမှာ"

"ဟုတ်ကဲ့ ဆရာ။ တင်သောင်း လာဟေ့"

မျောက်တင်သောင်း ထမင်းကြော်စားနေစဉ် ကျွန်တော်က ဘုရားဝတ်ပြု၍ တောဝင်ရန် ပြင်ဆင်ပါတော့သည်။ ယူနီဖောင်းအဟောင်းကို ဝတ်သော်လည်း ကြယ်ပွင့်များမတပ်ပါ။ တောစီးဖိနပ်ကိုတော့ တရုတ်ပြည်မှလာသည့် ဗကပဖိနပ်ကို ရွေးလိုက်သည်။ သူက ကုပ်အားကောင်းသည်။ ဦးထုပ်ကတော့ တောဆောင်းဦးထုပ်၊ ခါးတွင် ညာဘက်တွင် ဓားမြှောင်တစ်ချောင်း ချိတ်ဆွဲ၍ ဘယ်ဘက်တွင် စစ်သုံးရေဘူးကို ချိတ်လိုက်သည်။ သေနတ်က အမေရိကန်လုပ် ဒဿမ ၃၀၃ ရိုင်ဖယ်ကြီး၊ ကျည်ဆံကတော့ ကျည်ဘောက်အပြည့် ၁၀ တောင့်ပဲယူခဲ့သည်။

"ကျော်ထွားရေ ငါအသင့်ဖြစ်ပြီ။ မင်းရော အသင့်ဖြစ်ပြီလား"

"အသင့်ပါပဲ ဆရာရေ ကျွန်တော့်မှာဆိုးလွယ်အိတ်ထဲမှာ မီးခြစ်ရေဘူး၊ ဓားမြှောင်၊ ကြိုးခွေ အသင့်ပါပြီးပြီ။ မျောက်တင်သောင်းကိုတော့ ဆရာဦးထွေးမောင်ရဲ့ ပသျှူးဓားကောက်ကို ပေးလိုက်ပြီဆရာ"

"အေး ဒါဆို သွားကြစို့"

ထိုစဉ် ထောင်မှူး ဦးအာဂျွန် ထောင်ဖွင့်လူပေါင်းစာရင်း လက်မှတ်လာထိုးသဖြင့် ထိုးပေးလိုက်ပြီး–

"အာဂျွန်ရေ ငါတို့ ဒီနေ့တောထဲဝင်ပြီး အမဲလိုက်မလို့ ဗိုလ်မှူးကိုလည်း သတင်းပို့ထားလိုက်ပါဦး။ တော်ကြာ သေနတ်သံကြားလို့ စိုးရိမ်နေဦးမယ်"

"ဟုတ်ကဲ့ဆရာ ရိုင်ဖယ်ကြီးပဲ ယူသွားမှာ မဟုတ်လား"

"အေး ဟုတ်တယ် ရိုင်ဖယ်ကြီးပဲ။ ဒါကြီးက လက်တွေ့တယ်





စိတ်ချရတယ်။ မနေ့က အောင်ကြီးသေနတ်က ပေါ့ပြီး ယမ်းအားမပြင်းတော့ တောဝက်လိုအကောင်မျိုးနဲ့ တိုးရင် စိတ်မချရဘူးကွ။ ကဲငါတို့ သွားတော့မယ်။ ဒီနေ့ မင်းတာဝန်မှူး မဟုတ်လား။ စခန်းကို စိတ်ချမယ် နော်။ ဂရုစိုက်လိုက်ဦး"

"စိတ်ချသွားပါဆရာ၊ ဆရာတို့ ဘယ်အချိန်ပြန်ရောက်မလဲ"

"နေ့လယ် ထမင်းစားချိန်ပေါ့ကွာ။ အဝေးကြီးမသွားပါဘူး။ ဒရုခချောင်း ပတ်ဝန်းကျင်ပါပဲ"

ကျွန်တော်တို့အုပ်စု ဒရုခချောင်းဘက်ဆင်းလာကြရာ ချောင်းကမ်းပါး ကင်းတဲတွင် ခလရ ၃၇ မှ တပ်ကြပ်ကြီး ဦးသောင်းစိန်နှင့် တွေ့သဖြင့်–

"ထောင်ပိုင်ကြီး ဘယ်လဲဗျ။ တပည့်လက်သား အစုံအလင်နဲ့ပါလား"

"ဒရုခချောင်းတစ်ဝိုက်ပါဗျာ၊ သစ်ခွပန်းရှာမလို့။ အမဲတွေ့ရင်လည်း ပစ်ရတာပေါ့ဗျာ"

"အင်း ထောင်ပိုင်ကြီးတို့ကတော့ လျှိုထားတာပဲ။ မနေ့က ဝက်ပစ်မှ ဆရာ့လက်ကိုသိတယ်။ ဝက်ကို တော်ရုံမှဆိုးမပစ်ရဲဘူးဗျ"

"မုဆိုးထောင်လို့ ကိုင်းမိနေတဲ့ ဝက်ပါဗျာ။ အလွတ်ပစ်ရတာမှ မဟုတ်ဘဲ ကြောက်စရာမရှိပါဘူး"

"မဟုတ်သေးဘူး ထောင်ပိုင်ကြီးရဲ့။ တောဝက်ဆိုတာ ကိုင်းမိနေပေမယ့် မာန်အပြည့်ပဲ၊ တစ်ချက်ပစ်တာနဲ့ သူက ဆောင့်ရုန်းတော့တာ ချက်ကောင်းမထိလို့ကတော့ မုဆိုးမလွယ်ဘူးဗျ"

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ။ ကျွန်တော်က ရိုးမမှာ ဝက်ပစ်ခဲ့ဖူးတော့ အတွေ့အကြုံရနေလို့ပါ။ ကဲ–ဆရာကြီး ဦးသောင်းစိန်ရေ၊



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးတွေ့ရင်လည်း သတင်းပို့လိုက်ပါဗျာ။ ကျွန်တော်တို့ အဝေးကြီး မသွားပါဘူး။ ဒီအနီးအနားတင်ပါ။ တော်ကြာ စိတ်ပူနေပါဦးမယ်"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး၊ ကျွန်တော်သတင်းပို့လိုက်ပါဦးမယ်၊ စိတ်ချသွားပါခင်ဗျ"

ဒရခချောင်းရေမှာ မနက်စောစော ရေငွေ့ပျံနေသဖြင့် ချောင်းထဲတွင် မှုန်မှုန်မှိုင်းမှိုင်းဖြင့် ရေငွေ့ဝေနေသည်။ နွေဦးရာသီဖြစ်သော်လည်း မနက်ခင်းဖြစ်၍ ချောင်းရေမှာ ရေခဲရေတမျှ အေးလှသည်။ ဒူးဆစ်ခန့်နက်သော ချောင်းရေကိုဖြတ်၍ တစ်ဘက်ကမ်းကူးကြပြီး မနေ့က ဝက်ပစ်သောလမ်းအတိုင်း ချောင်းကမ်းပါးပေါ်မှ မုဆိုးကျော်ထွားဦးဆောင်၍ လမ်းလျှောက်ကြပါသည်။ ချောင်းကွေ့အလွန်တွင် ထားဝယ်လင်မယားတဲလေးအား တွေ့ရသည်။ မီးခိုးတလူလူနှင့် မနက်စာချက်ပြုတ်ပြင်ဆင်နေကြဟန် တူပါသည်။ ကျွန်တော်တို့ကို မြင်သဖြင့် မိန်းမလုပ်သူမှ–

"ကိုကျော်ထွားတို့ပါလား . . . စောစောစီးစီး တောဝင်မလို့လား ရေနွေးကြမ်း သောက်သွားကြပါဦးလား"

"မသောက်တော့ဘူး အစ်မရေ။ အပြန်မှ ဝင်တော့မယ်"

"ဟုတ်ကဲ့ရှင် အပြန်ဝင်ခဲ့ပါ။ ကျွန်မ အမြည်းလည်း လုပ်ထားပါ့မယ်"

ကျွန်တော်တို့အဖွဲ့ ချောင်းကွေ့ကျော်ပြီး တောင်ခြေရောက်သည်နှင့် မတ်စောက်မြင့်မားလှသော မဟော်ဂနီနှင့် ပျဉ်းကတိုးပင်ကြီးများမှာ တောင်ထိပ်ကိုပင် ကျော်လွန်၍ အလုအယက် အပြိုင်းအရိုင်း တက်နေပါသည်။ ထိုအထဲတွင် ကျွန်းပင်နှင့်တူသော အပင်တစ်ပင်မှာ နီညိုရောင်အပွင့်များ ဝေဝေဆာဆာနှင့် အတော်မြင့်မားလှသည်။ ကျွန်တော်တို့





ထိုအပင်ကြီးအနီးရောက်သည်နှင့် နနွင်းနံ့မှာ နံလှသည်။

"ကျော်ထွားရေ၊ ဒီအပင် ဘာပင်လဲကွ။ ကျွန်းပင်နဲ့တော့ အတော်တူတယ်။ ပင်စည်ကလည်း အနက်ရောင်ကြီး။ အပွင့်တွေကလည်း နီညိုရောင်၊ အရွက်ကလည်း ကျွန်းရွက်နဲ့ တူပေမယ့် အရွက်သေးတယ်။ ငါတို့ အောက်ပြည်က ကျွန်းပင်တွေက အပွင့်ဖြူဖြူပွင့်တယ်။ ပင်စည်ကလည်းအဖြူရောင်၊ နောက်ပြီး နနွင်းနံ့ရတာက ဒီအပင်ကြီးအပွင့်တွေက အနံ့လား"

"ဒါ ကျွန်းနက်ပင် ဆရာ၊ အောက်ပြည်မှာ မရှိဘူး။ အောက်ပြည်မှာရှိတာက ကျွန်းဝါနဲ့ ကျွန်းဖြူပဲ။ နနွင်းနံ့က ဒီအပင်ကြီးက အပွင့်တွေ့မဟုတ်ဘူး ဆရာ၊ တခြားကပါ။ လာပါဆရာ ဒီနေရာက မြန်မြန်သွားကြစို့"

"ဟ နေပါဦးကွ။ ငါကျွန်းနက်ပင်မမြင်ဖူးလို့ လေ့လာပါရစေဦး"

"ဆရာ ဒီနေရာက မကောင်းဘူး။ တောထဲမှာ နနွင်းနံ့ရတာ နေရာမသန့်လို့ပဲ"

"မင်းကလည်း မဟုတ်ကဟုတ်ကကွာ။ ဒီကျွန်းပင်က အပွင့်နံ့မဟုတ်ရင် တခြားအပွင့်နံ့ပဲ၊ လာ ငါရှာပြမယ်"

ကျွန်တော် ကျွန်းပင်ကြီးအောက်ဝင်၍ မော့ကြည့်ရာ ခွဆုံတစ်နေရာတွင် အဝါရောင်ပွင့်နေသော သစ်ခွပန်းအုံအား တွေ့ရပါသည်။

"ကျော်ထွား–လာ ကြည့် အဲဒီသစ်ခွပန်းက နနွင်းနံ့ထွက်နေတာ မင်းဘာဘာညာညာတွေထင်မနေနဲ့။ အဲဒါ ဖယောင်းပန်းလက်တံရှည်မျိုးထဲက ရှားပါးသစ်ခွတစ်မျိုးပဲ။ တစ်ခြားသစ်ခွတွေက အနံ့မရှိတာများတယ်။ အဆင်းပဲရှိကြတာ။ ကဲ– မျောက်တင်ခေါင်းတက်ကွာ။ ဓားနဲ့ကြိုးလည်းယူသွားပါ။ ငါ–အဲဒီသစ်ခွပန်းအုံကိုအုံမပျက်



www.burmeseclassic.com

လိုချင်တယ်။ ပန်းပွင့်တွေလည်း မပျက်စီးစေနဲ့။ ငါ ပဲခူးရိုးမမှာ တွေ့ဖူးတယ်။ အပင်မြင့်လွန်းလို့ မတက်နိုင်တာနဲ့ လက်လျှော့ပြီး ပြန်ခဲ့ရတာ၊ အခုမှ တိုက်တိုက်ဆိုင်ဆိုင် ရတော့တယ်''

တင်သောင်းမှာ မျောက်တစ်ကောင်ကဲ့သို့ ကျွမ်းကျင်စွာ တက်သွားပါသည်။ ပသျှူးဓားကောက်ဖြင့် သစ်ခွအုံအားခွာပြီး အောက်သို့ကြိုးနှင့်ချပေးပါသည်။ မုဆိုးကျော်ထွားက သစ်ခွပန်းအုံအား ထိန်းယူပြီး မွှေးကြူ ကြည့်ရာ–

''ဟုတ်ပါ့ ဆရာရယ်၊ နှင်းနံ့ကိုလှိုင်နေတာပဲ။ ဆရာက သစ်ခွပန်းအကြောင်း အတော်သိတာပဲ။ ကျွန်တော်ကတော့ ဒီနားက ဖြတ်သွားရင် နှင်းနံ့ နံလွန်းလို့တောခြောက်တယ်ထင်ပြီး သုတ်သုတ်ပြေးရတော့တာပဲ ဆရာရေ''

မျောက်တင်သောင်းက အပင်ပေါ်မှဆင်းလာသည်နှင့်ကျွန်တော်တို့ တောင်ပေါ်သို့ ကုပ်တွယ်တက်ရပါသည်။ တောင်ပေါ် အရောက်တစ်ဘက်တောင်စောင်းတွင် ပေါက်နေသည့် ပေ ၂၀၀ ကျော်မြင့်မားသော အရွက်ထူထူကြီးကြီး အပင်ကြီးအား မုဆိုးကျော်ထွားက လက်ညှိုးထိုးပြပြီး လေသံတိုးတိုးဖြင့်–

''အဲဒါ ဆေးဖက်ဝင် မက်လင်ချဉ်ပင်ကြီးဆရာ၊ ကြွေကျတဲ့ အသီးတွေကိုစားနေတဲ့ တောဝက်အုပ်ရှိတတ်တယ်။ ခြေသံလုံလုံနဲ့တဖြည်းဖြည်းချဉ်း ကပ်ကြရအောင်''

ကျွန်တော့်ရိုင်ဖယ်သေနတ်ကြီးအား မောင်းကြိတ်တင်၍ လုံခြုံရေးသော့အားဖွင့်ကာ တဖြည်းဖြည်း တိုးကပ်လာခဲ့ကြပါသည်။ တောဝက်အုပ်၏ တအီအီအော်သံနှင့် အသီးဝါးစားသံများအား ကြားလာရပါသည်။ ကျွန်တော်တို့က လေအောက်ကဖြစ်၍ ဝက်အုပ်ကြီး လူနံ့ရဟန်မတူပါ။





အသံသာကြားရသော်လည်း မြယာချုံနှင့် ဆူးရစ်ချုံနွယ်များခံနေ၍ မမြင်ရသေးပါ။

အကွာအဝေးမှာ ကိုက် ၁၀၀ ခန့်အတွင်းရှိသဖြင့် အထူးသတိထားရပါသည်။ မုဆိုးကျော်ထွားနှင့် မျောက်တင်သောင်းတို့အား လုံခြုံရာတွင်ထားခဲ့ပြီး ကျွန်တော်တစ်ဦးတည်း တောတိုးခဲ့ပါသည်။ ၈၅ ၁၀ ကိုက်ခန့်တွင်ရှိသည့် မဟော်ဂနီပင်ကြီးအား အကာအကွယ်ယူ၍ ပစ်ခတ်ရန်ဖြစ်သည်။

မဟော်ဂနီပင်ကြီးအား ကွယ်၍ ခေါင်းထွက်အကြည့်တွင် အချိန် ၅၀ ခန့် ဝက်သိုးကြီးခေါင်းဆောင်သော ဝက်အုပ်မကြီးအား တွေ့ရသည်။ ဝက်မများမှာ အချိန်လေးငါးဆယ်ခန့် စီးမည်ဖြစ်သည်။ ဝက်သိုးကြီးမှာ ငြိမ်ငြိမ်မစားဘဲ ဝက်အုပ်မကြီးအား လှည့်ပတ်လိုက်၊ မက်လင်ချဉ်ပင်ကြီးအား ပတ်လိုက်လုပ်နေသဖြင့် မြင်ကွင်းမှာ မရှင်းပါ။ ထို့ကြောင့် အနီးဆုံးမှ အချိန် ၅၀ ခန့်ရှိမည့် ဝက်မကြီးလက်ပြင်အား အသေအချာချိန်၍ မောင်းခလုတ်အား အသေအချာ ဆွဲလိုက်ရာ–

''ဒိုင်း''

ဟူသော ကော်ဒိုက်ယမ်းအားပေါက်ကွဲသံနှင့်အတူ ဝက်မကြီးမှာ ဘေးစောင်းလဲကျသွားပါသည်။ ကျွန်တော်ကျည်ခွံအမြန်ထုတ်၍ ကျည်သစ်လဲ မောင်းထိုးအပြီး၌ပင်–

''ဒုန်း''

ဟူသော အသံကြီးနှင့်အတူ ကျွန်တော် အကာအကွယ်ယူထားသော လူတစ်ဖက်ခန့်ရှိ မဟော်ဂနီပင်ကြီးမှာ သိမ့်ခနဲတုန်သွားပါသည်။ အတွေ့အကြုံအရ ဝက်သိုးကြီး ဝင်ဆောင့်မှန်းသိသဖြင့် လျှပ်တပြက် အပြင်သို့ထွက်ပြီး ဖင်ထိုင်၍လဲကျလျက်ရှိသော ဝက်သိုးကြီးအား



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ် နားတွင်းသို့ ကျည်တစ်တောင့်၊ လက်ပြင်သို့ ကျည်တစ်တောင့် အမြန်ပစ်နည်းအရ ပစ်ခတ်လိုက်ရာ အနီးကပ် ချက်ကောင်းအမှန်ခံရ၍ တစ်ခါတည်းလဲပါသည်။ ဝက်သိုးကြီးမှာ မဟော်ဂနီပင်ကြီးနှင့် ဆောင့်မိသော ဒဏ်ရာကြောင့် အစွယ်များကျိုးသွားပြီး နှုတ်သီးတွင်လည်း သွေးခြင်းခြင်း ရဲနေပါသည်။ ဝက်မအုပ်ကြီးကတော့ သေနတ်ဒဏ်ကြောင့် ပြေးကြပြီဖြစ်သည်။

ကျွန်တော်အချက်ပေးလိုက်၍ မုဆိုးကျော်ထွားနှင့် မျောက်တင်သောင်းတို့ပြေးလာကြရာ ဝက်ကြီးနှစ်ကောင် တစ်ပြိုင်တည်းရ၍ အလွန်ဝမ်းသာနေကြပါသည်။ ထုံးစံအတိုင်း မုဆိုးကျော်ထွားမှာ ဝက်သိုးကြီး၏ သိုအုံအား ဓိုက်လှီး၍ ဖယ်ရှားလိုက်ပါသည်။

မုဆိုးကျော်ထွားမှ–

"ဆရာ အလွန်တော်တယ်ဗျာ။ သတ္တိလည်း ကောင်း၊ အတွေ့အကြုံလည်း ရင့်ပါပေတယ်"

"ကဲ–ကျော်ထွားရေ။ မင်းပဲစခန်းပြန်ပြီး လူခေါ်ကွာ။ ငါ မျောက်တင်သောင်းကို မက်လင်ချဉ်သီး ခူးခိုင်းဦးမယ်။ ဩော်–ဟော့ သစ်ခွအုံကို တစ်ခါတည်းယူသွား။ အိမ်မှာ တပ်ကြပ်ကိုထွေးမောင်ကို အပ်ထားခဲ့။ အမြန်လည်းပြန်လာနော်၊ နေ့လယ်စာတော့ မက်လက်ချဉ်သီးနဲ့ ဝက်သားလိုက်ပါကွာ"

"ဟုတ်ကဲ့ ဆရာ"

မုဆိုးကျော်ထွားအမြန်ပြန်သွားသလို မျောက်တင်သောင်းကလည်း အမြန်သစ်ပင်တက်ပါသည်။ ကျွန်တော်ကတော့ ပါလာသောဓားကိုဖွင့်၍ တစ်ကျိုက်ချင်းသောက်ရင်း အနားယူလိုက်ပါသည်။ ဝက်သိုးကြီးကို ပထမဦးဆုံးပစ်ပါက ရရန်မသေချာ။ ရပြန်လျှင်လည်း တစ်ကောင်





တည်းသာရမည်ဖြစ်သည်။ ဝက်မကြီးအားပစ်၍ ခေါင်းဆောင်ဝက်သိုးကြီးက ပြန်လည်တိုက်ခိုက်သဖြင့် ဝက်နှစ်ကောင်ရခြင်းဖြစ်သည်။ သို့သော် အန္တရာယ်တော့ များလှသည်။

ဝက်များဆက်တိုက်ရသဖြင့် စခန်းတွင် အသားရိက္ခာမှုလုံပေပြီ။ သူတစ်ပါးအသက်အားသတ်၍ ရေကြီးသည်မှန်သော်လည်း လူ ၅၀၀ ကျော် ၂ ရက်ခန့် အသားဟင်းစားရမည်ဖြစ်၍ ကျွန်တော်ကျေနပ်မိပါသည်။ စခန်းပြန်ရောက်တော့ ညှော်ခန်းတွင် ချိတ်ထားသည့် သစ်ခွပန်း ရွှေဝါရောင်အလှကြောင့် လန်းဆန်းသွားသော်လည်း နန္ဒင်းအနံ့စူးစူးကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။

ညဘက်တွင် မုဆိုးကျော်ထွားနှင့်ကျွန်တော်တို့ ညစာ စားအပြီး ရေနွေးကြမ်းအိုးအလယ်တွင်ချ၍ ဝိုင်းဖွဲ့နေကြစဉ် မုဆိုးကျော်ထွားမှ–

"ဆရာ ဒီနေ့ ထူးဆန်းမနေဘူးလား။ ယင်လည်းမလာ၊ ခြင်လည်း မလာနဲ့ နေရထိုင်ရတာလည်း မပူမအေး၊ နေလို့ထိုင်လို့ ကောင်းရှိပဲနော်၊ နန္ဒင်းနံ့နံ့တာ တစ်ခုပဲ ဆိုးတယ်နော်"

"နွေဦးပေါက်လာပြီလေကွာ။ အအေးပေါ့သွားပြီပေါ့။ ယင်မလာ ခြင်မလာတာက သစ်ခွပန်းက ထွက်တဲ့ နန္ဒင်းနံ့ကြောင့် ဖြစ်နိုင်တယ်ကွ။ မန္တလေးမြို့မှာဆိုရင် ခြင်ပြေးအောင် နန္ဒင်းမှုိင်းတိုက်ရတယ်လေကွာ"

"ဟုတ်တယ် ဆရာ၊ နန္ဒင်းနံ့က မမွှေးပေမဲ့၊ အသက်ရှူရတာ တော့ ပေါ့ပါးသလိုပဲ။ ဆေးဘက်ဝင်မယ်ထင်တယ် ဆရာ"

"အင်း သစ်ခွပန်းအတော်များများဟာ အမွှေးနံ့မရှိတာများတယ်။ တောသဇင်ပန်းတွေက အမွှေးနံ့ရှိပေမဲ့ သဇင်ပန်းအယဉ်တွေလောက်မမွှေးကြဘူး။ ဒီသစ်ခွပန်း ဝါဝါကျမှ နန္ဒင်းနံ့ စူးစူးဝါးဝါးထွက်နေတာ ထူးခြားမနေဘူးလား။ ဖယောင်းပန်းအဝါရောင်တွေ ပွင့်ဖူးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အနံ့မရှိကြဘူး။ ဒီပန်းမျိုးကို ငါပဲခူးရိုးမမှာ တစ်ကြိမ်ပဲ မြင်ဖူးခဲ့တာ။ ဒီဆွမ်းပရာဘွမ် တောကျမှရတော့တယ်။ ဝမ်းသာစရာပဲ ကြည့်ပါလား။ သူ့ပွင့်ဖတ်တွေက ဖယောင်းပန်းမျိုးနွယ်ဆိုပေမယ့် မပျော့ဘူး။ ပွင့်ဖတ်ထူပြီးမာတယ်။ တစ်ပွင့်လုံးရွှေဝါရောင် ဝတ်ဆံက အဝါဖျော့ရောင်၊ လက်တံတစ်ခုလုံး ပွင့်နေတော့ အဝေးကကြည့်ရင် အဆုပ်လိုက်၊ အုံလိုက် ပွင့်နေတဲ့ပုံပဲ။ ဒါနဲ့ မင်း ကျွန်းနက်ပင်ကြီး အောက်မှာ နန္ဒင်းနံ့ရတာ ဘယ်လောက်ကြာပြီလဲ''

''တစ်ပတ် ဆယ်ရက်လောက်ရှိပြီထင်တယ် ဆရာ''

''အေး အဲဒါဆိုလည်း ဖယောင်းပန်းဆိုပေမယ့် သစ်ခွပန်းဥ အမျိုးအနွယ်တွေလို ကြာကြာခံမယ်ထင်ပါရဲ့''

ကျွန်တော်တို့ သစ်ခွပန်းအကြောင်း ပြောဆိုနေကြစဉ် ထောင်မှူး အောင်ကြီး အနွေးထည်ဝတ်၍ ရောက်ရှိလာပါသည်။

''ဒီနေ့ အတော်ချမ်းတယ်ဆရာ''

''ဟာ''

''ဘာဖြစ်တာလဲကွ၊ ဒီနေ့မချမ်းပါဘူး။ နေလို့ထိုင်လို့ အလွန် ကောင်းတယ်''

''အပြင်မှာ အတော်အေးတယ် ဆရာရဲ့။ ဆရာတို့အိမ်ထဲဝင် လိုက်တာနဲ့ ရှိန်းခနဲနွေးသွားပြီး နန္ဒင်းနံ့ကလည်း နံ့လိုက်တာ ဆရာရယ်။ မီးဖိုလည်း ဖိုမထားပဲနဲ့နော်၊ ဘယ်လိုဖြစ်တာလဲ ဆရာ''

''အေး အဲဒါဆိုရင် နောက်တစ်ခုထူးပြန်ပြီပေါ့။ ဒီသစ်ခွပန်း ကြောင့် ဖြစ်မယ်ထင်တယ်ကွ။ နန္ဒင်းနံ့ကလည်း ဒီသစ်ခွပန်းက ထွက်နေ တာလေ''

''ဟာ ဟုတ်ပါရဲ့။ ပန်းပွင့်ကလည်း ရွှေဝါရောင်လေးနဲ့ အတော်





လှတာပဲ။ ကျွန်တော်တော့ သစ်ခွပန်းက နန္ဒင်းနံ့ထွက်တယ်လို့ တစ်ခါမှ ကြားလည်းမကြားဖူးဘူး၊ မြင်လည်းမမြင်ဖူးဘူးဆရာ''

''ဆရာ ဗိုလ်မှူးက ပြောခိုင်းလိုက်တယ်။ အောက်တိုဘာ ၁၈ ရက်နေ့ ယာဉ်တန်းဝင်လာမယ်လို့ R.P (Radio Phone) ရသတဲ့။ ရဲဘက် ၂၀၀ နဲ့ ဝန်ထမ်း ၅၀ ပါလာမယ်။ ရိက္ခာနဲ့ လုပ်ငန်းသုံး သက်နက်ပစ္စည်းတွေလည်း ပါလာမယ်။ ကြိုတင်ပြင်ဆင်ထားပါတဲ့''

''အေး–အေး ကောင်းပြီ။ ရဲဘက်တွေအတွက်တော့ နေရာ အဆင်သင့်ရှိတယ်။ ဝန်ထမ်းတွေအတွက်တော့ တဲတွေဆောက်ရဦးမှာ ပေါ့။ ကျော်ထွားရေ မင်းတို့ လက်သမားအဖွဲ့တော့ အလုပ်များဦးမယ်။ အမိုးအကာတိုင်တွေရှာပြီး စုထားကွာ။ အောက်တိုဘာ ၁၈ ရက်နေ့ ဆိုတော့ တစ်ပတ်လောက်ပဲ လိုတော့တယ်''

''ဟုတ်ကဲ့ ဆရာတိုင်တွေတော့ ရှိပါတယ်။ အမိုး အကာ အခင်းအတွက်ပဲလိုတယ်။ ကျွန်တော့်အဖွဲ့နဲ့ စုထားလိုက်မယ်ဆရာ၊ ဆောက်တာတော့ မြန်ပါတယ်''

''ဒါနဲ့ ကိုအောင်ကြီးရေ– မင်း ဒရုခချောင်းထဲက သံပေါင်တွေ ဆယ်တာ ပြီးသွားပြီလား''

''မပြီးသေးဘူးဆရာ ညဲတိုက်နေလို့ လေးငါးခုကျန်နေသေး တယ်၊ ရေကျမှ တူးလို့ရမှာ ဆရာ၊ တဖြည်းဖြည်းလုပ်ရမှာပဲ။ ကဲ ဆရာ ကျွန်တော်ပြန်ဦးမယ် ဘုတ်ထုတ်ပြီး အလုပ်ဆင်းရဦးမယ်''

''အေး အေး မင်းပြန်ရင် ထောင်မှူးဦးအာဂျွန်ကို လွှတ်လိုက် ဦးကွာ။ ရိက္ခာကိစ္စအတွက် ပြောစရာရှိတယ်''

''ဟုတ်ကဲ့ဆရာ''

ထောင်မှူး ဦးအောင်ကြီးက အလေးပြုနှုတ်ဆက်ပြီး ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားပါသည်။ မကြာမီ ထောင်မှူးဦးအာဂျွန်ရောက်ရှိလာပြီး အလေးပြု၍ နှုတ်ဆက်ကာ–

"ဆရာတို့များ ခွဲပါ့ဗျာ၊ အလို နှင်းနှံ့တောင် ကျန်နေခဲ့ပါလား"

"ဟဲ့ကောင် ငါက ဘာတွေစွန်နေလို့လဲ။ နှင်းနှံ့က ဒီသစ်ခွပန်းကထွက်နေတာ"

"ဟာ အဟုတ်ပဲလားဆရာ၊ သစ်ခွပန်းက နှင်းနှံ့ထွက်တာ ဒီတစ်ခါပဲ ကြားဖူးတယ်။ မနက်စောစောက ကျွန်တော်အပေါ့ထသွားတုန်း ဆရာအိမ်ဘက်က အမျိုးသမီးနှစ်ဦးဆင်းလာတယ်။ ဈေးသည်ကချင်မလေးတွေမဟုတ်ဘူး။ မြန်မာမလေးတွေဗျ နှစ်ဦးစလုံး ရွှေဝါရောင်ဝတ်စုံဝတ်ထားတာ။ အတော်လှတယ်။ ကျွန်တော်အံ့သြနေတာက ယာဉ်တန်းလည်း ရောက်မလာသေးတော့ ဘယ်က ဧည့်သည်တွေလဲလို့၊ အဲဒါကြောင့် ဆရာ့ကိုတယ်လို့ ပြောတာပါ"

"မင်း အမြင်မှားတာ နေမှာပါ။ ဘယ်ဧည့်သည်မှ ငါတို့အိမ်မှာ မရှိဘူး။ ဒီဘက်အခန်းမှာ ငါအိပ်တယ်။ ဟိုဘက်အခန်းမှာ တပ်ကြပ်ဦးထွေးမောင်နဲ့ စာရေးမောင်အေးငွေအိပ်တယ်။ မိန်းမတစ်ပုံတောင် ငါတို့ အိမ်မှာ မရှိဘူး"

မုဆိုးကျော်ထွား–

"ဟုတ်ပါတယ် ဆရာအာဂျွန်ရယ်၊ ကျွန်တော်က ဆရာအခန်းရှေ့က ဒိုးခုတင်မှာ အိပ်တာပါ။ ညကလည်း ဆရာနဲ့ ကျွန်တော် ဒီထူးဆန်းတဲ့ သစ်ခွပန်းအကြောင်း ပြောနေကြတာ၊ ညဉ့်နက်မှ အိပ်ရာဝင်ကြတာပါ။ အရင်ကလည်း ကျွန်တော်တို့အိမ်ကို ဘယ်မိန်းမမှ အဝင်အထွက် မရှိပါဘူးဗျာ"

ဦးအာဂျွန်–





"အင်း ထူးတော့ဆန်းနေပြီ၊ ကျွန်တော်ကလည်း ကိုယ်တိုင်တွေ့တာ၊ ကျွန်တော့်တဲ ခေါင်းရင်းကဖြတ်ပြီး ဒရုခချောင်းဘက် ဆင်းသွားကြတာ"

"မင်း ညက ကချင်အရက်တွေသောက်ပြီး အိပ်မက်လိုလို၊ ဘာကယ်လိုလိုနဲ့ အရက်ကြောင်တာ ဖြစ်မှာပေါ့"

"အင်း ထားပါတော့ ဆရာရယ်၊ ကျွန်တော့်ဘက်က သက်သေမရှိတော့ ကျွန်တော့်အမှားပေါ့၊ ဒါနဲ့ ဆရာ ကျွန်တော့်ကို ခေါ်တယ်ဆို"

"အေး ဟုတ်တယ်ကွ။ ၁၈ ရက်နေ့ ယာဉ်တန်းဝင်လာမယ်။ ရိက္ခာတွေနဲ့ လုပ်ငန်းသုံး လက်နက်ပစ္စည်းတွေပါလာမှာမို့၊ မင်းရဲ့ အခုလက်ရှိ ရိက္ခာတဲနဲ့ မလုံလောက်လို့ ရိက္ခာတဲနောက်တစ်တဲ ထပ်ဆောက်ထားဖို့ပါ၊ တစ်ပတ်လောက် အချိန်ရသေးတယ်"

"ဟုတ်ကဲ့ဆရာ၊ ဗိုလ်မှူးလည်း ကျွန်တော့်ကိုပြောထားပါတယ်။ ဆရာအိမ်နောက်က တောင်ကုန်းပေါ်မှာ ရိက္ခာတဲသစ်ဆောက်ဖို့ ကျွန်တော်စီစဉ်ထားပါတယ်"

"အေး အေး ကောင်းပြီ၊ လက်သမားတွေတော့ အလုပ်ရှုပ်ဦးတော့မှာပဲ။ ဝန်ထမ်းတဲတွေလည်း ဆောက်ရဦးမှာ"

"ရပါတယ် ဆရာ၊ ကျွန်တော့်မှာ တိုင်တွေရော ဝါးတွေရော စုထားတာရှိပါတယ်။ အမိုးအတွက်ပဲလိုမှာ တောင်ထန်းတွေပေါပါတယ်ဆရာ"

"အေး အေး အဲဒါဆိုရင် စိတ်ချပြီ၊ ဆက်လုပ်ပါ"

"ဟုတ်ကဲ့ဆရာ"

ထောင်မှူး ဦးအာဂျွန်အလေးပြုနှုတ်ဆက်ပြီး ပြန်သွားပါသည်။

"ကျော်ထွားရေ မင်းဘယ်လိုမြင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲဆရာ"

"ထောင်မှူးအာဂျွန်ပြောတဲ့ အမျိုးသမီးနှစ်ယောက်ကိစ္စလေကွာ"

"ဟုတ်နိုင်တယ်ဆရာ၊ ဂမုန်းပင်အစောင့်တွေလား၊ သစ်ခွပန်းအစောင့်တွေလားတော့ မသိဘူး။ ရွှေဝါရောင်ဝတ်ထားတယ်ဆိုတော့ သစ်ခွပန်းပင်က အစောင့်ဖြစ်ဖို့များတယ်"

"ဆရာ ယုံသလား"

"ယုံတာ မယုံတာတော့ မပြောနိုင်သေးဘူး။ ကိုယ်တိုင်မှ မမြင်ရသေးတာ၊ အစောင့်ရှိတယ်ဆိုတာတော့ ငါတို့ဆရာတစ်ယောက်ပြောလို့ ကြားဖူးတယ်"

"ကျွန်တော်တော့ ယုံတယ်ဆရာ၊ ဂမုန်းပင်က အစောင့်ကိုတော့ အရင်က ကိုယ်တိုင်မြင်ဖူးတယ်"

"အေး အေး ဒါလည်း ဒီသစ်ခွပန်းနဲ့ ပတ်သက်လို့ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုလို့ မှတ်လိုက်ပေါ့ကွာ၊ နောက်ဘာတွေဖြစ်လာဦးမလဲ မသိဘူး"

ညဘက်တွင် ကျွန်တော်အိပ်မက် မက်ပါသည်။ အိပ်မက်ထဲတွင် ရွှေဝါရောင်သစ်ခွညီအစ်မက သူတို့ ကျွန်တော့်အိမ်တွင် မပျော်ပါတဲ့။ သူတို့နေရပ် ကျွန်းနက်ပင်ကြီးဆီ ပြန်ပို့ပေးပါရန် အသနားခံကြပါသည်။ ထောင်မှူးအာဂျွန်စကားကြောင့် စိတ်စွဲလမ်းပြီး အိပ်မက်မက်သည်ဟု၍ သဘောထားကာ ကျွန်တော်အလေးအနက် မထားခဲ့ပါ။ ဤအကြောင်းကို မှဆိုးကျော်ထွားကိုပင် မပြောဖြစ်ခဲ့ပါ။ ရဲဘက်နှင့် ဝန်ထမ်းများအတွက် တဲများဆောက်လုပ်ရန် အရေးကြီးနေသဖြင့် သစ်ခွပန်းပင်များကို မေ့ထားမိပါသည်။





အောက်တိုဘာ ၁၈ ရက်နေ့ ညနေတွင် ယာဉ်တန်းရောက်ရှိလာပါသည်။ ရဲဘက် ၂၀၀ နှင့် ဝန်ထမ်း ၅၀ ဦးသာပါသော်လည်း စစ်သုံးကာဂို(Cargo)ကားကြီး ၁၀ စီးနှင့် (Dodge) ကားအစီး ၂၀ တွင် ရိက္ခာနှင့် လုပ်ငန်းသုံးပစ္စည်းများ အပြည့်ပင် လုပ်ငန်းသုံးပစ္စည်းများတွင် ဆလရမှ ကိုကျော်တို့အဖွဲ့၏ ဆောက်လုပ်ရေးပစ္စည်းများကပိုများသည်။ နောက်တန်းမှပေးပို့ရောက်လာသည့်စာများ၊ စားသောက်ဖွယ်ရာများက ကျွန်တော်တို့အား အားတက်စေပါသည်။ ရဲဘက်များအတွက်လည်း ၎င်းတို့၏ အိမ်များမှပေးပို့သည့်စာများ၊ ငွေကြေးများကြောင့် ဝမ်းသာနေကြပါသည်။ ကျွန်တော်၏ မွေးနေ့အလှူပွဲလုပ်ရန် R.P (Radio Phone) ဖြင့်မှာကြားထားသော ခေါက်ဆွဲခြောက်များနှင့် လိုအပ်သော ပစ္စည်းများပါလာသဖြင့် ဝမ်းသာရသည်။ မြစ်ကြီးနားပိုးစာခြံမှ ထောင်ပိုင်ဦးငွေစံ၏ ဈေးစာရင်းနှင့် စာအားလည်း ရရှိပါသည်။ ကုန်ကျငွေ ၅၀၀၀၀ ကျပ်ခန့်သာရှိပါသည်။ ကျွန်တော်တို့ ဆွမ်းပရာဘွမ်စခန်းစထွက်စဉ်က စီးလာခဲ့သည့် ဒေါ့ဂျစ်ကားအမှတ် -/၃၁၉၉အား မောင်းသူ၊ ကားဆရာ ဦးဝင်းမောင်လည်း ပါလာသဖြင့် ကျွန်တော့်အိမ်တွင်တည်းခိုပြီး ကျွန်တော့်အတွက် အာမီရမ်(၂)လုံးနှင့် စီးကရက်များ ငါးခြောက်များလည်း လက်ဆောင်ပေးသည်။

"ဦးဝင်းမောင်ကို ကျေးဇူးတင်တယ်ဗျာ။ ဒီမှာက အရက်နဲ့ ငါးခြောက်အလွန်ရှားတာ။ နေသားကျသွားပေမယ့် အစားအသောက်တော့ ဆင်းရဲတယ်ဗျာ"

"ကျွန်တော်သိနေတယ်ဆရာ၊ လမ်းမှာလည်း စားကြသောက်ကြလို့ ကျွန်တော်ဝုက်ပြီး ယူလာရတာ၊ နွေဦးပေါက်မို့ ရာသီကောင်းပေမယ့် Cargo ကားကြီးတွေက ခဏခဏလမ်းမှာပျက်တယ်။ Convoy



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တန်းဆိုတော့ စောင့်ပြီးသွားရတာ။ ၈၇ မိုင် ခရီးကို ၆ ညအိပ် ၇ ရက်ခရီး ကြာတာပါပဲ။ ဖုန်အင်ခတ်တားက မိုးတွင်းပျက်လို့ ပြင်ထားပေမယ့် စိတ်မချရလို့ တစ်စီးပြီးမှတစ်စီး သံကြိုးဆွဲပြီး တက်ရတာ၊ တီယန်စွပ်ရှာမှာလည်း ကားတွေပြင်ရလို့ စောင့်နေရတာ အတော်ကြာတယ်ဆရာ၊ သတင်းကောင်းတစ်ခုကတော့ KIA အဖွဲ့ငြိမ်းချမ်းရေးယူဖို့ ဆွေးနွေးနေတယ်ဆိုတဲ့ သတင်းပဲဆရာ"

"မင်္ဂလာသတင်းပေါ့ဗျာ။ ဒါမှလည်း ဒီဒေသငြိမ်းချမ်းပြီး လမ်းပန်းတွေကောင်းလာလို့ တိုးတက်ဖွံ့ဖြိုးလာမှာပေါ့။ ကျွန်တော်တို့လည်း စိတ်ချလက်ချ အမဲပစ်နိုင်ပြီပေါ့ဗျာ"

"ဟုတ်ပါ့ဆရာရယ်၊ အရင်အခေါက်တွေက လမ်းမှာတိုက်ပွဲဖြစ်လေ့ရှိပေမယ့် ဒီတစ်ခေါက်တော့ အလွန်အေးချမ်းနေတယ်ဆရာ"

"အင်း ကောင်းပါ့ဗျာ၊ ကျွန်တော်လည်း ဒီအနီးအနား တောလည်ပြီး ဝက်ပစ်နေတာ အတော်အဆင်ပြေတယ်ဗျ။ ခင်ဗျားကို ညနေစာ တောဝက်သားဟင်းနဲ့ ကျွေးမှာ၊ နယ်မြေအေးချမ်းရင်တော့ ဆွမ်ပရာဘွမ်တောအနှံ့လည်လိုက်ချင်ပါရဲ့ဗျာ"

ထိုညက အရက်သောက် ညစာစားရင်း ရှေ့တန်းနောက်တန်း အကြောင်း စကားဝိုင်းဖွဲ့ကြ၍ ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ကြသည်။ ထိုညက အိပ်မက် မက်သည်။ တောင်ခေါင်းထဲမှ ရတနာပစ္စည်းစောင့်ယာမခုချိစ်နှင့် ယာမခဝစံတို့က ၎င်းတို့အတွက် အလှူလုပ်ပေးတော့မည်ဖြစ်၍ ကျေးဇူးတင်ကြောင်း အိပ်မက်ပေးခြင်းဖြစ်သည်။ အဝတ်အစားများမှာ စုတ်ပြတ်နေသော်လည်း ၎င်းတို့၏ မျက်နှာများမှာ ကြည်လင်နေကြသည်။ အလှူလုပ်မည့် အောက်တိုဘာ ၂၀ ရက်၊ ကျွန်တော်မွေးနေ့မှာလည်း နီးကပ်လာနေပြီဖြစ်သည်။





(မှတ်ချက်) ။ ။ တောင်ခေါင်းထဲမှ ရတနာပစ္စည်းများရရှိလာပုံကို ျပန်ရတနာသိုက် စာမူတွင် ဖော်ပြပြီး ဖြစ်ပါသည်။

၁၉ ရက်နေ့ မနက်တွင် ရိက္ခာနှင့် လုပ်ငန်းသုံး လက်နက် ပစ္စည်းများစစ်ဆေးလက်ခံခြင်း၊ ရဲဘက်အသစ်များအား မှတ်ပုံတင်နေရာ ချ အလုပ်ခွဲဝေခြင်း၊ ဝန်ထမ်းသစ်များအတွက် တဲအိမ်သစ်များအား အပြီးသတ် ဆောက်ပေးပြီး နေရာချထားခြင်းတို့အတွက် အလုပ်ရှုပ်လှ သည်။ ယာဉ်တန်းမှာ ယနေ့ နေ့လယ်တွင် နောက်တန်းပြန်မည်ဖြစ်သဖြင့် အစီရင်ခံစာများ၊ နောက်တန်းပြန်ပို့မည့် ဆေးရုံတက်ရဲဘက်များအတွက် ပြင်ဆင်ရသည်။

မနက်ဖြန်မွေးနေ့အလှူအတွက် ကိုယ်တိုင် တောမလည်နိုင်တော့ ဘဲ ကျော်ထွားနှင့် မျောက်တင်သောင်းတို့သာ တောဝင်သွားကြသည်။ က်ရမရတော့ မသေချာပါ။ ဝက်ခေါက်ဆွဲကြော်ကျွေးရန် စီစဉ်ထားခြင်း ဖြစ်သည်။ နေ့လယ်တွင် ထမင်းစားပြီးချိန်တွင် ယာဉ်တန်းပြန်သဖြင့် အလုပ်များပြီး ပြီးပြတ်အောင် လုပ်ရသည်။ ထိုအချိန်တွင် တောတွင်းမှ ဆိုးကျော်ထွားနှင့်မျောက်တင်သောင်းတို့ ပြန်လာရာ ဝက်ကိုင်းကို မမိဘဲ တောကြက်ဖတစ်ကောင်သာ ရခဲ့လာသည်။

"ဆရာရေ ဝက်ကိုင်းမတိုးဘူးဗျ။ ဘယ်လိုလုပ်ကြမလဲ၊ ဒီနေ့ တောကလည်း ငြိမ်ပါ့ဗျာ၊ ဝက်အော်သံတောင် မကြားရဘူး။ မနက်ဖြန် အလှူလုပ်ဖို့အတွက် ဝက်မရရင်တော့ အခက်ပဲ"

"မင်းတို့ တောဝင်တုန်းက ဟို ဂျပန်နှစ်ယောက်ကို တိုင်တည် သွားဘူးလား။ သူတို့အတွက် အလှူလုပ်မှာဆိုတော့ သူတို့ကိုလည်း အသိပေးအကူအညီတောင်းသင့်တာပေါ့၊ မပူပါနဲ့ကွာ။ ညနေပါလိုက်ခဲ့ မယ်။ ညက ငါအိပ်မက်မက်သေးတယ်။ ယာမာခုချိစ်နဲ့ ယာမခဝစံတို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွေကြည်လင်နေတာပဲ။ ငါ့ကိုလည်း ကတိအတိုင်း အလှူလုပ်ပေးမှာမို့ ကျေးဇူးတင်ကြောင်း လာပြောကြတာ။ ညနေမရလည်း မနက်ဖြန်မနက်ရရင် မီပါတယ်ကွာ''

ကျွန်တော်တို့ နေ့လယ်စာ စားပြီးတောလည်ကြပါသည်။ ယခင်သွားနေကျ ချောင်းကွေ့၊ ငုက်ပျောတောနှင့် မက်လင်ချဉ်ပင်ကြီးအောက်ရောက်သော်လည်း ဝက်အော်သံပင် မကြားရပါ။ တောမှာ ငြိမ်လှသည်။ ညနေစောင်းသည်နှင့် ချမ်းအေးလာပြီဖြစ်၍ ကျွန်တော်တို့ တပ်ဆုတ်ပြီးပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် မုဆိုးကျော်ထွားပြ၍ ဂမုန်းပင်နှင့် သစ်ခွပန်းအချို့ရခဲ့သည်။ ဇန်ဒါအမျိုးအနွယ်၊ ခရေမ်းရောင်သစ်ခွပန်းများဖြစ်သည်။

ညဥ့်ဘက်ညစာ စားအပြီးတွင် ကျွန်တော့်မှာ–

''ကျော်ထွားရေ မနက်ဖြန်မနက် ဘက်မရရင်ဘောင်မှ တောကြက်လေးငါးကောင်ရရင် အလုပ်ဖြစ်ပါတယ်။ ဝက်ခေါက်ဆွဲကြော်အစားကြက်ခေါက်ဆွဲကြော်ပေါ့ကွာ''

''ကျွန်တော်လည်း ပေါက်ကိုင်း ၂၀ ကျော်ထောင်ထားတယ်ဆရာ။ ဝက်နင်းကိုင်းကတော့ နိုင်လွန်ကြိုးနည်းနည်းပဲရှိလို့ သုံးလေးကိုင်းပဲ ထောင်ထားရတာ''

''ထားပါကွာ၊ မနက်ဖြန်မနက်စောစောထွက်ကြတာပေါ့၊ ငါဂျပန်တွေကို အကူအညီပေးဖို့ ညအိပ်ရာဝင်ခါနီး ဆုတောင်းလိုက်မယ်။ ကဲ–ကဲ စောစော အိပ်ရာဝင်ကြစို့၊ မနက်ဖြန်စောစောထပြီး တောဝင်ကြရအောင်''

ကျွန်တော်ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ပြီး ဂျပန်နှစ်ယောက်အားလည်း အလှူဖြစ်မြောက်ရေးအတွက် အကူအညီပေးပါရန် တိုင်တည်ရပါသည်။ ထိုညက ကောင်းစွာအိပ်ပျော်နေစဉ် အိပ်မက် မက်ပါသည်။





ကျွန်တော်တို့ မုဆိုးအဖွဲ့ မက်လက်ချဉ်ပင်ကြီးအောက် ရောက်နေစဉ်ယာမခုချိန်မှ အပင်ပေါ်လက်ညှိုးထိုး၍ လက်ခါပြပြီး အပင်ကြီးနောက်လျှိုတစ်ဖက်ကမ်းတွင် ပေါက်ရောက်နေသော ဆီးဖြူတောအား လက်ညှိုးထိုးပြပါသည်။ ဟုတ်ပါသည်။ တောဝက်များမှာ အုပ်လိုက်၊ အရွယ်စုံ၊ ဆီးဖြူသီးစားရင်း အိပ်၍ပင်နေပါသေးသည်။

ကျွန်တော်ပစ်ခတ်ရာ အချိန် ၅၀ ခန့် ဝက်မကြီးတစ်ကောင်ရပါသည်။ အပြန်လမ်းတွင်လည်း မုဆိုးကျော်ထွား၏ ပေါက်ကိုင်းများမှ တောကြက်ဖ သုံးကောင်ရသဖြင့်လည်းကောင်း၊ ဝက်နင်းကိုင်းမှ အချိန် (၂၀)ခန့် ဝက်ပေါက်တစ်ကောင်ရသဖြင့် လည်းကောင်း၊ ကျွန်တော်တို့အဖွဲ့မှာ အိပ်မက်ထဲတွင် အလွန်ပျော်ရွှင်ခဲ့ကြပါသည်။

မနက် ၆ နာရီခန့် အိပ်ရာထ၊ မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီးနောက် မနက်စာ စားနေကြစဉ် မုဆိုးကျော်ထွားမှ–

''ဆရာရေ ညက ကျွန်တော်အိပ်မက်ကောင်းလိုက်တာဗျာ။ ဝက်တွေရော ကြက်တွေရော တစ်ထောကြီးရသဗျ''

''အေး ငါ့အိပ်မက်လည်း ကောင်းသကွ။ မနေ့က ညနေပိုင်း ငါတို့ မက်လင်ချဉ်ပင်အောက် သွားစောင့်တာ၊ ဝက်တွေ ဘယ်ကလာမလဲကွ၊ ဟိုနေ့က မျောက်တင်သောင်း အပင်ပေါ်တက်ပြီး မက်လင်ချဉ်သီး ၁၀၀ လောက်ခူးလာတာ အသီးက ဘယ်မှာကြွေစရာရှိတော့မှာလည်း အသီးမကြွေတော့ ဝက်လည်းမလာတော့ဘူးပေါ့၊ ဒါနဲ့မင်းအဲဒီအပင်ကြီးနောက်က လျှိုကြီးကိုကျော်ပြီး ရောက်ဘူးသလား''

''လျှိုကိုကျော်ပြီးတော့ မရောက်ဖူးဘူးဆရာ၊ အဲဒီဘက်ကတောအလွန်နက်တယ်''

''လျှိုတစ်ဖက်ကမ်းမှာ ဆီးဖြူတောရှိတယ်ကွ။ အဲဒီမှာ တော



www.burmeseclassic.com

www.burmeseclassic.com



ဝက်သိပ်ပေါ်တာမဲ''

''ကျွန်တော်တောင် မရောက်ဖူးဘဲနဲ့ ဆရာက ဘယ်လိုလုပ်ပြီး သိနေတာလဲ၊ တစ်ပွဲစားများ ဖြစ်နေပြီလားဆရာ''

''ရှီးထဲမှပဲ၊ တစ်ပွဲစားမဟုတ်ဘူးဟေ့။ ညက အိပ်မက်မက်လို့ ဟ''

ကျွန်တော်မှ အိပ်မက်အကြောင်းပြောပြရာ မုဆိုးကျော်ထွားမှာ အလွန်ဝမ်းသာနေရှာပါသည်။ သို့နှင့် ကျွန်တော်တို့ တွောဝင်ခဲ့ကြပါသည်။ မက်လင်ချည်ပင်ကြီးအောက် အရောက်တွင် အနောက်ဘက်သို့ တောတိုးခဲ့ကြရာ လှိုကြီးတစ်ခုခံနေသည်။ သို့သော် လှိုတစ်ဘက်ကမ်း တောင်ခြေရင်းတွင် ဆီးဖြူတောကြီးကို မြင်နေရပြီး ဝက်အော်သံများလည်း ကြားနေရပါသည်။

''အိ အိ ဝု ဝု ဝု အိ အိ''

ကျွန်တော် မုဆိုးကျော်ထွားနှင့် မျောက်တင်သောင်းတို့အား မျက်ရိပ်ပြပြီး လှိုစောင်းရှိ ပျဉ်းမပင်ခွဆုံသို့ တက်ခဲ့ပါသည်။ ပျဉ်းကတိုးပင်မှာ လုံးပတ်နှစ်တွာခန့်သာရှိပြီး ခွဆုံမှာလည်း ၁၀ ပေခန့်သာ မြင့်သဖြင့် တက်နိုင်ခြင်းဖြစ်သည်။ အပင်ပေါ်မှ မြင်ကွင်းရှင်းလှသည်။ ဝက်အုပ်ကြီး အစာစားရင်း အနားယူနေခြင်းဖြစ်သည်။ အချိန် ၅၀ခန့် ဝက်မကြီး ဦးဆောင်သော ဝက်ပျိုအုပ်ဖြစ်သည်။ ဝက်သိုးကြီးကို မမြင်ရ၊ ကျွန်တော် ဝက်မကြီးအား အသေအချာချိန်၍ လက်ပြင်နောက်သို့ ပစ်လိုက်ရာ ကိုက် ၁၀၀ အတွင်း ပစ်မှတ်ဖြစ်သဖြင့် ထိချက်မှာ ကောင်းမွန်လှသည်။

''ဒိုင်း''

သေနတ်သံနှင့်အတူ တောဟိန်းသွားသော ပွဲတင်သံကြောင့် ဝက်ပျိုပေါက်များပြေးကြပါသည်။ ကျွန်တော်ပျဉ်းကတိုးပင်ပေါ်မှ ဆင်းလာ





စဉ် မုဆိုးကျော်ထွားက–

''ဆရာဘယ်လိုလဲ''

''သွားကောက်တော့ မင်းတို့ တာဝန်ပဲရှိတော့တယ်။ လှိုက သိပ်မနက်ပါဘူး။ ဒါပေမဲ့ မတ်စောက်တယ်နော်၊ သတိထားသွားကြ''

မျောက်တင်သောင်းက လျင်မြန်စွာ ရှေ့က ဦးဆောင်ပါသည်။ လှိုအတွင်းရှိ မြယာတောအား ခုတ်ထွင်ရှင်းလင်းသွားရသဖြင့် ခရီးမတွင်လှ၊ ကျွန်တော်ပျဉ်းကတိုးပင်အောက်တွင် အနားယူရင်း စောင့်ဆိုင်းနေစဉ် နာရီဝက်ခန့်ကြာမှ ဝက်ထမ်း၍ ပြန်ရောက်လာကြသည်။

''ကျော်ထွားရေ မင်းတို့ တစ်ယောက်တစ်လဲစီထမ်းလို့ မဖြစ်ဘူး။ ဟိုနားက ဝါးနက်ဝါးရုံက ဝါးတစ်လုံးသွားခုတ်လိုက်ဦး၊ ရှေ့နောက်ထမ်းမှ ဘက်ညီပြီး ခရီးရောက်လိမ့်မယ်''

ကျွန်တော်တို့ တောင်ပေါ်မှပြန်ဆင်းလာကြပြီး ကျွန်းပင်ကြီးအောက်အရောက်တွင် မုဆိုးကျော်ထွားက ကျွန်တော်နှင့်မျောက်တင်သောင်းအား အနားခိုင်းပြီး သူထောင်ထားသော ကိုင်းများအား လိုက်ကြည့်ပါသည်။ ခဏအကြာတွင်–

''ဗို ဗို ဗို''

ဟူသော ဖက်ရွက်စုပ်သံကြားရသဖြင့် မျောက်တင်သောင်း လိုက်သွားရာ၊ မကြာမီ တောဝက်အော်သံကြားရပြီး–

''အိ အိ အု''

ငြိမ်သွားပါသည်။ ကျွန်တော်သိလိုက်ပါပြီ။ ကိုင်းမိထားသော တောဝက်ပေါက်အား မျောက်တင်သောင်း ဓားနှင့်ရှင်းလိုက်ဟန်တူပါသည်။

၁၅ မိနစ်ခန့်အကြာ ပြန်လာကြရာ တောဝက်ပေါက်အပြင် ကြက်ဖကြီးတစ်ကောင်နှင့် ကြက်မတမ်းနှစ်ကောင်ပါလာသဖြင့် ညက



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်အတိုင်းပင် တိုက်ဆိုင်မှုတော့ မဖြစ်နိုင်တော့ပါ။ အိပ်မက်ပေးသည့် ကိုရွှေဂျပန်များအား အမှန်တကယ် ကူညီသည်ဟု ကျွန်တော်ယုံကြည်နေပါသည်။

အပြန်လမ်းတွင်တော့ မုဆိုးကျော်ထွားတို့ မသက်သာပါ။ အချိန် ၅၀ ခန့်ဝက်မကြီးနှင့် အချိန် ၂၀ ခန့် ဝက်ပေါက်တစ်ကောင်၊ နှစ်ပိဿာသုံးပိဿာခန့်ရှိ ကြက်သုံးကောင်ကို ပေါင်းထမ်းရခြင်းဖြစ်သည်။ လမ်းကလည်း မုဆိုးလမ်းသာ၊ ဒရုခချောင်းကိုလည်း ဖြတ်ရသေးသည်။

ဒရုခချောင်းအတက် ခလရ ၃၇ တောင်ကုန်းအောက်အရောက်တွင် တပ်ကြပ်ကြီး ဦးသောင်းစိန် ကင်းဘုတ်ထဲမှ ထွက်လာပြီး–

"ထောင်ပိုင်ကြီးတို့ တော်ချက်ကတော့ မပြောနဲ့တော့ဗျို့၊ အလှူလုပ်ဖို့ အသားလိုတာတောင်မှ သွားပစ်သည်းရတာပဲ။ ခြံထဲလှောင်ထားတာကို သွားပစ်တာကျနေတာပဲ။ ကျွန်တော်တို့အဖွဲ့တော့ မနေ့မနက်က မက်လင်ချဉ်ပင်ကြီးအောက် သွားစောင့်နေတာ နေ့မွန်းတည့်မှ ပြန်ခဲ့တာ တောင် တောဝက်တစ်ကောင်မှ မတွေ့ခဲ့ပါဘူးဗျာ"

"ဆရာကြီး ဦးသောင်းစိန်ရဲ့ အထာဆိုတာ ရှိသေးသဗျ"

"ဘာအထာလည်း ထောင်ပိုင်ကြီးရဲ့။ မုဆိုးအထာလား"

"မဟုတ်ပေါင်ဗျာ။ ညွှန်ပြနိုင်တဲ့သူကိုပြောတာ အဲ အဲ"

ကျွန်တော့်စကား လွန်သွားတော့မလိုဖြစ်၍ ဘရိတ်အုပ်လိုက်ရပါသည်။

တပ်ကြပ်ကြီးစကားကို နင်း၍ အလိုက်အထိုက်ပြောရပါတော့သည်။

"ဒီလို ဆရာကြီးရဲ့ မုဆိုးကျော်ထွားတို့လို ဝါရင့်မုဆိုးတွေက တောအထာတောင်အထာကို သိတယ်။ ဘယ်ရာသီ ဘယ်အချိန်မှာ





သားကောင်ဟာ ဘယ်အပင်အောက်မှာ ရှိတတ်တယ်ဆိုတဲ့အထာကို သူတို့က သိတယ်၊ အဲဒါကို သိရင် အမဲလိုက်ရတာ လွယ်တယ်လို့ ပြောချင်တာပါ"

"ဟုတ်ပါ့ ထောင်ပိုင်ကြီးရေ့၊ ကျွန်တော်တို့က မုဆိုးအထာကို မသိဘူးဗျ။ သေနတ်ပဲပစ်တတ်တာ တစ်ခါတစ်လေ သေနတ်မှန်ပြီးတောကောင်က အပုန်းကောင်းလို့ ဆုံးပေါင်းလည်းများလှပါပြီဗျာ"

"ကဲ–ဆရာကြီး ကျွန်တော်တို့ ပြန်ဦးမယ်၊ ကျွန်တော့်မွေးနေ့အလှူအတွက် နေ့လယ်စာ ဝက်ခေါက်ဆွဲကြော် စားရမယ်။ ဝက်မစားရင် ကြက်ခေါက်ဆွဲကြော် ကျွေးဦးမယ်၊ ညနေစာကိုတော့ ချက်ပြီးသားဝက်သားဟင်းဝေပေးမယ်၊ စောင့်နေနော်"

"ဟုတ်ကဲ့ ဆရာ၊ ဂုဏ်ပြုတဲ့အနေနဲ့ တစ်ခွက်လောက် ဝင်မော့သွားပါဦးဗျာ"

ကျွန်တော်လည်း တောတိုးရသဖြင့် ပင်ပန်းလာသောကြောင့် တစ်ခွက်ဝင်မော့လိုက်ပါသည်။ ကချင်အရက်ပြင်းမှာ ရာသီဥတု ပူလာသောကြောင့် ရင်ထဲသို့ ပူဆင်းသွားသည်။ စခန်းပြန်အရောက်တွင် မနက် ၉ နာရီခန့် ရှိပြီဖြစ်သဖြင့် မကြာမီ ပြီးစီးပြီး ၁၂ နာရီတိတိ ထမင်းစားချိန်တွင် ဝန်ထမ်းနှင့်ရဲဘက်များအား ကျွေးမွေးနိုင်ပါသည်။ ဝက်မစားသူများအားလည်း ကြက်သားဖြင့်ကျွေးမွေးနိုင်သဖြင့် အလှူ့ဝမ်းသာမိပါသည်။ တောထဲတောင်ထဲတွင် ခေါက်ဆွဲကြော်ကျွေးနိုင်သဖြင့် အားလုံး ဝမ်းသာနေကြသည်။ ကျွန်တော့်အိမ်တွင် ပရိတ်ရွတ်အမျှဝေပြီး အိမ်အနောက်ဘက်တောင်ခေါင်းအတွင်းသို့လည်း ခေါက်ဆွဲကြော်အပြင် ကြက်သားဟင်း၊ ဝက်သားဟင်းများလည်းသွင်း၍ ယာမခုခိုင်နှင့် ယာမခဝစ်ညီနောင် နှစ်ယောက်ကိုလည်း ကျွေးမွေး၍ အမျှဝေလိုက်ပါသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



သာမခေါ်နိုင်ကြ ည်ဖြစ်ပါသည်။ ကျွန်တော်မွေးနေ့လည်း အထမြောက်၍ ဂျပန်ညှိနောင်အတွက်လည်း အလှူအတန်းလုပ်ပြီး ဖြစ်ပါသည်။

ညနေပိုင်းတွင် ခလရ ၃၇ မှ ဗိုလ်မှူးကျော်ဝင်းထံ ကြက်သားဟင်းနှင့် ဝက်သားဟင်းပို့လိုက်ရာ ဗိုလ်မှူးမှ ကျွန်တော့်မွေးနေ့လက်ဆောင်အဖြစ် တောတွင်း၌ အလွန်ရှားပါးသော အာမီရမ် ၂ လုံးကို လက်ဆောင် ပြန်ပေးသဖြင့် ထောင်မှူးအာလျှန်၏ ရိက္ခာတဲအတွင်း၌ မွေးနေ့ ညစာ စားပွဲလုပ်ကြပါသည်။ ဝေးလံခေါင်းပါးသော တောတွင်း၌ ပြည့်စုံစိုပြေ သော မွေးနေ့ပွဲဟု ထောင်မှူးအောင်ကြီးက ဂုဏ်ပြုပါသည်။ ထောင်မှူး အာလျှန်ကတော့ ၎င်းကိုယ်တိုင်ဆေးမြစ်များ စိမ်ထားသော ၎င်းကိုယ်တိုင် အမည်ပေးထားသော "လျှန်ဖော်ကျင်" ဟုသော ဆေးအရက်ကို တိုက် ကျွေးပါသည်။

မွေးနေ့ပွဲကလေးအား ထောင်မှူးအောင်ကြီး၏ ဂစ်တာအိုက လေးဖြင့် တေးဆိုချီးမြှင့်ပုံမှာလည်း အမှတ်တရဖြစ်စရာပင် သို့နှင့် ကျွန်တော်၏ မွေးနေ့လုပ်ပွဲကြီးမှာ ညဉ့်နက်သန်းခေါင်ရောက်သည်အထိ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

ကျွန်တော်အိမ်ပြန်ရောက်၍ အိပ်ရာဝင်တော့ ည ၁၂ နာရီ ကျော်ပါပြီ။ သို့သော်လည်း ဘုရားဝတ်ပြုပြီး မေတ္တာပို့နိုင်ပါသေးသည်။ ပုတီးတော့ မစိပ်နိုင်တော့ပါ။ ယင်းညက ကောင်းစွာအိပ်ပျော်ပြီး အိပ် မက်မက်ရာ ဂျပန်စစ်သားညှိနောင်မှာ ယူနီဖောင်းအသစ်များ ဝတ်ဆင်ထား ပြီး ပြုံးပျော်သောမျက်နှာများဖြင့် ကျွန်တော့်အားနှုတ်ဆက်အလေးပြုပြီး တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပါသည်။

ယာဉ်တန်းကိစ္စ၊ အလှူကိစ္စ၊ ဝန်ထမ်းနှင့် ရဲဘက်သစ်ကိစ္စများ ကြောင့် မအားလပ်သော်လည်း ကျွန်တော့်ရွှေဝါရောင် သစ်ခွပန်းများမှာ





လန်းဆန်းလျက် ရှိနေပါသေးသည်။ မုဆိုးကျော်ထွား ဂရုစိုက် ရေလောင်း ပေးသောကြောင့်လည်း ဖြစ်သည်။ နန္ဒင်းနံ့မှာ နာခေါင်းယဉ်သွား၍ လားတော့မသိ၊ မနံတော့ပါ။

ညဘက်တွင် ညစာစားပြီးနောက် မုဆိုးကျော်ထွားနှင့် စကားပင် မပြောနိုင်တော့ဘဲ ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ပြီးနောက် စောစောအိပ် ရာဝင်ဖြစ်ပါသည်။ ခဏအကြွင်း အိပ်ပျော်သွားပြီး အိပ်မက်မက် တော့သည်။ သစ်ခွပန်းစောင့် ရွှေဝါရောင်ညီအစ်မမှာ မျက်ရည်လည်ရွဲဖြင့် ကျွန်တော့် အားတောင်းပန်နေပါသည်။

"မောင်ကြီးရှင့် ကျွန်မတို့စောင့်ရတဲ့ ရွှေဝါရောင် သစ်ခွပန်းအုံ ကို ကျွန်းနက်ပင်ကြီးဆီ အမြန်ပြန်ပို့ပေးပါနော်၊ ပြန်မပို့ရင်တော့ ကျွန်မ တို့ မကြာမီသေဆုံးရပါတော့မယ်။ မောင်ကြီး ကျွန်မတို့ကို သနားပါနော်။ ပြန်ပို့ရင်လည်း လူသူလေးပါး မမြင်အောင် မနက်စောစောပို့ပေးပါ။ မောင်ကြီးကို ကျေးဇူးဆပ်ပါ့မယ်"

ကျွန်တော်အလွန်သနားသွားပါသည်။ သူတို့ဝတ်စုံများမှာ မြန်မာရိုးရာဝတ်စုံများဖြစ်သည်။ လက်ဝတ်လက်စားများလည်း အပြည့် ဝတ်ဆင်ထားသည်။ လည်ဆွဲများမှာ အလွန်ကောင်းမွန်သော ကျောက် စိမ်းလည်ဆွဲများဖြစ်သည်။

"အေး အေး ကောင်းပါပြီကွာ။ ငါကတော့ ဝါသနာအလျောက် သစ်ခွပန်းပင် စုမိတာပါ။ မင်းတို့ကို ထိခိုက်မယ်ဆိုရင်တော့ ငါပြန်ပို့ပေး ပါ့မယ်။ အရင်ရှိခဲ့တဲ့ ကျွန်းနက်ပင်ကြီးခွဆုံမှာပဲ။ အရင်ကအတိုင်း နေသား တကျပြန်ထားပေးပါ့မယ်။ ဒါနဲ့ နေပါဦးကွာ။ မင်းတို့ သစ်ခွပန်း က အလွန်လှပြီး ဘာကြောင့် နန္ဒင်းနံ့နံနေရတာလဲ"

"မောင်ကြီးကတိပေးလို့ ကျွန်မတို့ အလွန်ကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

မောင်ကြီးကိုလည်း ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါ့မယ်။ ဒီသစ်ခွပန်းပင်က အလွန်ရှားပါးတဲ့မျိုးပါ။ ရွှေဝါရောင်သစ်ခွလို့ ခေါ်ပါတယ်။ မောင်ကြီးကတိပေးပြီးပြီမို့ ကျွန်မတို့ပြောပါ့မယ်။ တောတိုင်းတောင်တိုင်းမှာ ဒီသစ်ခွမျိုးမရှိပါဘူး။ ရှိရင်တောင် မြင်ထိုက်သူမှ မြင်ရမှာပါ။ ဒီသစ်ခွပန်းပွင့်ကို ပျားရည်နဲ့စားရင် အသက်ရာကျော်ရှည်တဲ့အပြင် ၉၆ ပါးရောဂါကင်းပါတယ်။ မောင်ကြီးစားလိုလျှင်လည်း လေးငါးပွင့်ယူထားနိုင်ပါတယ်။ ကျွန်မတို့ ခွင့်ပြုပါတယ်"

"အသက်ရှည် အနာရောဂါကင်းမယ်ဆိုတော့ စားတော့စားချင်ပါရဲ့ကွာ။ ဒါပေမဲ့ မင်းတို့ကို ထိခိုက်မယ်ဆိုရင်တော့ အသက်မရှည်ချင်ရင်လည်း နေပါစေ၊ မစားတော့ပါဘူးကွာ"

"မောင်ကြီးစိတ်ထား မြင့်မြတ်ပါပေတယ်။ အဘိုးကို အသိမပေးရသေးဘဲ ကျွန်မတို့က ပေးရတာဆိုတော့ နည်းနည်းအပစ်ပေးခံရရုံလောက်ပါပဲ။ ဒါပေမဲ့ မောင်ကြီးလိုလူကိုပေးရတာမို့ ကျွန်မတို့ ဝမ်းသာမိပါတယ်။ နောင်တစ်သက်လုံး မောင်ကြီးနဲ့တွေ့ရတော့မှာ မဟုတ်လို့ ယူသွားထားလိုက်ပါ မောင်ကြီးရယ်"

"အေး အေး အဲဒါဆိုရင် မင်းတို့ခွင့်ပြုလို့ လေးငါးပွင့် ယူထားလိုက်မယ်နော်"

"ယူထားလိုက်ပါ မောင်ကြီးရယ်၊ မောင်ကြီးကို ကျေးဇူးဆပ်တာပါ။ တစ်ခုတော့ ကတိပေးပါ၊ ဒီသစ်ခွပန်း ဆေးဘက်ဝင်တဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောပါနဲ့မောင်ကြီး။ ကျွန်မတို့ မျိုးတုန်းပြီး အန္တရာယ်ဖြစ်မှာစိုးလို့ပါ"

"အေး အေး ကောင်းပါပြီကွယ်"

ကျွန်တော်မနက် ၄ နာရီခန့် အိပ်ရာကနိုးပါသည်။ အခန်း





အပြင်ထွက်ပြီး သစ်ခွပန်းပင်အား ကြည့်ရှုမိရာ လန်းဆန်းနေပြီး နနွင်းနံ့များ ပြန့်ထွက်နေပါသည်။ အိပ်မက်ထဲတွင် အထင်အရှား သတိရနေသဖြင့် သစ်ခွပန်းပင်မှ အပွင့် ၅ ပွင့်ကို ခူးယူပြီး အကျႌအိတ်ထဲ တယုတယ ထည့်ထားလိုက်ပါသည်။ မုဆိုးကျော်ထွားကတော့ အိမ်ရှေ့ ခုတင်တွင် အိပ်ပျော်နေတုန်းပင်၊ ကျွန်တော်မျက်နှာသစ် သွားတိုက်ပြီး ဘုရားဝတ်ပြုနေစဉ် ကျော်ထွားနိုးသံကြားရပါသည်။ ကျွန်တော်အပြင် ထွက်လာတော့ ကျော်ထွားရေနွေးအိုးတည်နေပါသည်။

"ကျော်ထွားရေ မင်းအလုပ်တွေ ရပ်ထားလိုက်တော့။ ငါတို့ တောထဲသွားရအောင်"

"ဆရာ စောစောစီးစီးပါလား။ မနက်စာစော အဆာပြေစားပြီးမှသွားမှာ မဟုတ်ဘူးလား။ မျောက်တင်သောင်းရော မခေါ်တော့ဘူးလား"

"မခေါ်တော့ဘူးကွာ။ မင်းနဲ့ငါပဲ စောစောသွားကြမယ်။ မြန်မြန် ပြင်ဆင်တော့. ကြိုးမမေ့နဲ့၊ သစ်ခွပန်းအိုးကိုလည်း သေသေချာချာ ယူလာခဲ့"

"ဟုတ်ကဲ့ ဆရာ"

မနက်မိုးလင်းစ ရောင်နီပေါ်ချိန်၌ပင် ကျွန်တော်နှင့် ကျော်ထွား တောဝင်ခဲ့ပါသည်။ ဒရုခချောင်းကမ်းပါး ကင်းဘုတ်တွင် ကင်းသမားအား နှုတ်ဆက်၍ ချောင်းအား ဖြတ်ကူးပြီးနောက် မုဆိုးလမ်းအတိုင်း ကျွန်းနက်ပင်ကြီးဆီသို့ လှမ်းခဲ့ကြပါသည်။ ချောင်းကွေ့တွင် ထားဝယ်လင်မယား တဲလေးမှာ ငြိမ်သက်လျက်ပင် အိပ်ရာက နိုးသေးဟန်မတူပါ။

ကျွန်းနက်ပင်ကြီးအောက်အရောက်တွင်, ခေတ္တနားကြပြီး–

"ကဲ–ကျော်ထွားရေ မင်းခွဆုံကို တက်ပေရော့၊ ကြိုးပါယူသွား၊ ခွဆုံရောက်ရင် ကြိုးချပေးလိုက်၊ ငါသစ်ခွပန်းပင်ကို ချည်ပေးလိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နေရာသူပြန်ထားလိုက်''

ကျော်ထွားမှာ ကျွန်တော့်အားကြည့်ပြီး နားမလည်သလို ဖြစ်နေပါသည်။ မှဆိုးကျော်ထွား ကျွန်းနက်ပင်ကြီးပေါ် တက်သွားရာ ခွဆုံသို့ အရောက်တွင်–

''ဆရာ ဒီမှာ ရွှေဒင်္ဂါးပြားတွေ၊ ငါးပြားတောင်မှကွ။ ထုးဆန်းလိုက်တာ''

''အေး အေး ငါသိတယ်။ နောက်မှပြောပြမယ်။ ရွှေဒင်္ဂါးပြားတွေကို တစ်ပြားချင်းပစ်ချလိုက်''

မုဆိုးကျော်ထွားက တစ်ပြားချင်းပစ်ချပေးရာ ကျွန်တော့်မှာ အောက်မှဆီးဖမ်းရင်း ကြည့်ရှုရာ ဂျော့ခေါင်းတံဆိပ်ပါ အင်္ဂလိပ်ရွှေဒင်္ဂါးများဖြစ်သည်။ တစ်ကျပ်သားစီခန့်ရှိမည်ဖြစ်သည်။

ကျော်ထွားချပေးသော ကြိုးနှင့် သစ်ခွအုံအား ချည်နှောင်ပေးပြီး နေရာတကျပြန်ထားပေးရပါသည်။ ထိုအချိန်တွင် နန္ဒင်းနှံ့မှာ ရှုးရှုးရှရှ ထွက်ပေါ်လာပါသည်။

ကျော်ထွားမှာ ကျွန်းနက်ပင်ကြီးပေါ်မှ ဆင်းလာပြီး–

''ဆရာ ကျွန်တော့်ကို ရှင်းပြမယ်ဆို''

''အေး–အေး ဒီလိုကွ။ သစ်ခွအစောင့်တွေက အိပ်မက်ပေးတယ်။ သူတို့နေရာ သူတို့ပြန်ထားပေးပါ၊ ကျေးဇူးဆပ်ပါ့မယ်တဲ့၊ အခု ကျေးဇူးဆပ်တာပေါ့ လာ၊ လာပြန်ကြမယ်''

''ဆရာ တောမလည်တော့ဘူးလား''

''စောပါသေးတယ်ကွာ။ ဘာမှလည်း မစားရသေးဘူး။ စခန်းပြန်ကြမယ်''

ကျွန်တော်တို့ စခန်းသို့ ပြန်ခဲ့ကြပါသည်။ လူသူမသိအောင်

စိတ်ကူးသစ်စာပေ



သို့သိပ်စွာ လုပ်ဆောင်နိုင်ခဲ့၍ ကျွန်တော်ဝမ်းသာမိပါသည်။ ရွှေဝါရောင် သစ်ခွစောင့် ညီအစ်မလည်း ဝမ်းသာကြမည် အမှန်ပင်။ သူတို့ပြောသည့် အတိုင်း သစ်ခွပွင့်ငါးပွင့်အား ကျွန်တော်များရည်နှင့်စားရာ အသက်ရှည် မရှည်တော့ မသိပါ။ ယခုအချိန်ထိ ဖျားနာခြင်းမရှိသေးသည်ကိုတော့ ခန့်ခံရပေမည်။

⌑ ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



# ဆိပ်ဖြာဖွေ့လီ

## မေမေခင်၏အိပ်မက်

မေမေခင် ထိုအိပ်မက်ကို မက်ခဲ့သည့်နေ့မှာ သီတင်းကျွတ် လပြည့်နေ့ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ညက ဘိုးဘွားများနှင့် မေမေခင့်မိဘများ ဆီ သွားကန်တော့ကြသည်။ အိပ်မက်ကို ထိုနေ့ညက မက်ခဲ့ခြင်းဖြစ်သော ကြောင့် သီတင်းကျွတ်လပြည့်နေ့ဆိုတာကို မှတ်မှတ်ရရ ဖြစ်နေရခြင်း ဖြစ်ပါသည်။

အိပ်မက်က ချောက်ခြားဖို့ကောင်းသလို ထူးလည်း ထူးဆန်းလှပါသည်။

အိပ်မက်ထဲ၌ မေမေခင်သည် ကတ္တရာလမ်းမကြီး တစ်ခုပေါ်တွင် လျှောက်သွားလျက်ရှိသည်။ ညအချိန်ဖြစ်ကာ ကတ္တရာလမ်းမကြီးသည် လရောင်အောက်တွင် ပြောင်ချောနေပေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးကတော့ တိတ်ဆိတ်ငြိမ်သက်နေသည်မှာ ချောက်ချားဖွယ်ကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေခင်သည် ရှည်လျားဖြောင့်ဖြူးသော ကတ္တရာလမ်းမကြီး တစ်လျှောက် ထိတ်လန့်စွာ လျှောက်လှမ်းနေလျက်ရှိ၏။ ဘာ့ကြောင့် ဘာကို ထိတ်လန့်ကြောက်ရွံ့နေမှန်းလည်း အိပ်မက်ထဲ၌ မသဲကွဲပေ။

တစ်နေရာအရောက်တွင် လူအများ၏ အော်ဟစ်ငိုယိုသံကို မေမေခင် ကြားလိုက်ရလေသည်။ ငိုသံများနှင့် ကယ်ပါယူပါ တစာစာ အော်သံများမှာ ငရဲပွက်သည့်နှယ် ထွက်ပေါ်နေလေသည်။

မေမေခင်က အသံကြားရာသို့ ပြေးသွားလိုက်ရာ လမ်းမ၏ဘေးတွင် တစောင်းလဲကာ တိမ်းမှောက်လျက်ရှိသော ကားကြီးတစ်စီးကိုတွေ့လိုက်ရလေ၏။ ကားကြီးသည် လမ်း၏တစ်ဖက် ချောက်ထဲသို့ စောင်းကျနေကာ တစောင်းအနေအထားဖြင့် လဲနေခြင်း ဖြစ်၏။ ကား၏ ပတ်ပတ်လယ်တွင်တော့ သွေးသံရဲရဲဖြင့် အလောင်းများကို တွေ့ရလေသည်။ တချို့ အလောင်းများမှာ ကားအောက်တွင် ပိလျက်ရှိ၏။ ကားအောက်မှ အလောင်းများမှာ တစ်ကိုယ်လုံးမမြင်ရ။ ခေါင်းပိုင်းချည်း ကားအောက်မှ ထွက်လျက် လျှာထွက် သေနေသောအလောင်း၊ တစ်ကိုယ်လုံးကား အောက်ရောက်လျက် ခြေထောက်ကလေးသာ ပေါ်နေသောအလောင်းစသဖြင့် ထိတ်လန့်ရွံရှာဖွယ် လူသေအခြောက်အများကို တွေ့ရလေသည်။

မေမေခင်က ကြောက်လန့်တကြားဖြင့် ထိုနေရာမှ ထွက်ပြေးရန် ပြင်ဆင်ဆဲတွင်

"အစ်မ. . . အစ်မ. . ."

ခေါ်သံကို ကြားလိုက်ရလေသည်။

မေမေခင်က အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်ရာ တစောင်းလဲနေသောကား၏ ပြတင်းပေါက်မှ ပြူထွက်နေသော ဦးခေါင်းတစ်လုံးကို တွေ့လိုက်ရလေ၏။ မိန်းကလေးတစ်ယောက်၏ ဦးခေါင်းဖြစ်ပြီး လှပ





ချောမောသော မျက်နှာလေးကို မြင်တွေ့လိုက်ရလေသည်။ သို့သော် မိန်းကလေးသည် ကား၏မှန်ပြတင်းပေါက်မှ ပြတင်းမှန်နှင့် တံခါးအောက် ပေါင်ကြားတွင်ညပ်ကာ လျှာကြီးတစ်လစ် ထွက်လျက်ရှိလေ၏။ အပေါ်သို့ ပင့်တင်ရသော ပြတင်းမှန်နှင့် ပေါင်ကြားတွင် ညပ်နေခြင်းဖြစ်သည်။

"အစ်မ. . . ကျွန်မကိုကယ်ပါ၊ ကျွန်မကိုကယ်ပါ အစ်မရယ်"

လျှာတစ်လစ်ထွက်နေရင်းမှ မိန်းကလေးက ပြောလိုက်လေသည်။

"ကျွန်မကိုခေါ်သွားပါ၊ ကျွန်မဆံပင်တွေကို ဆွဲလိုက်ပါအစ်မ၊ ကျွန်မ အစ်မဆီလိုက်ခဲ့ပါရစေ၊ ကျွန်မဆံပင်တွေကိုဆွဲပြီး ကျွန်မကို ဆွဲထုတ်လိုက်ပါ"

- မေမေခင်သည် မိန်းကလေးပြောသည့်အတိုင်း သူမကိုကယ်တင်ရန်အတွက် ပြတင်းပေါက်မှ ထွက်ကျနေသော ဆံပင်တွေးကို မမီမကမ်းလှမ်း၍ ဆွဲလိုက်လေသည်။

ထိုအခါ မိန်းကလေးသည် ပြတင်းပေါက်မှ လွတ်ထွက်ကာ မေမေခင့်လက်ထဲသို့ပါလာပါ၏။ သို့သော် တစ်ကိုယ်လုံး ပါလာခြင်းမဟုတ်။ ဦးခေါင်းချည်းပြတ်ကာ ခေါင်းပြတ်ကြီးက မေမေခင့်ရင်ခွင်ထဲသို့ ထွက်ကျလာခြင်း ဖြစ်လေသည်။

မေမေခင်သည် ရုတ်တရက် သူမကိုယ်ပေါ် ပြုတ်ကျလာသော ဦးခေါင်းပြတ်ကြီးကို လက်နှစ်ဖက်ဖြင့် ဖမ်းထားလိုက်မိသည်။

ထို့နောက် သူမပိုက်ထားမိသော ခေါင်းကြီးကို ငုံ့ကြည့်လိုက်သည့်အခါ မိန်းကလေး၏ ဦးခေါင်းပြတ်ကြီးက သူမကိုမော့ကြည့်ပြီး ပြုံးပြရင်းမှ ပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် အစ်မရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

မေမေခင် ကြောက်လန့်တကြား အော်လိုက်လေသည်။

"မေခင်. . . မေခင် ဘာဖြစ်တာလဲ"

မေခင့်အော်သံကြောင့် ကို လန့်နိုးသွားကာ မေခင့်ကိုလှုပ်နှိုးရင်းမှ မေးလိုက်လေသည်။

မေခင်သည် အိပ်မက်မှ လန့်နိုးသွားကာ အိပ်မက်မှန်းသိလိုက်ရ၍ စိတ်သက်သာရာ ရသွားလေသည်။ သို့သော် အိပ်မက်ထဲမှ ချောက်ချားစရာ ကောင်းသောအဖြစ်ကြောင့် ရင်များက တုန်နေဆဲဖြစ်လေသည်။

"ကြောက်လိုက်တာကိုရယ်"

"မေခင် အိပ်မက်မက်နေတာ ထင်တယ်"

"ဟုတ်တယ်ကို၊ အိပ်မက်က သိပ်ကြောက်စရာကောင်းတာပဲ"

"ထလိုက်မေခင်၊ ရေအေးအေးလေး သောက်လိုက်၊ လန်းသွားအောင်"

ကိုကိုလွင်က မေခင့်ကိုပွေ့ထူပြီး ရေကိုသူကိုယ်တိုင် ခပ်တိုက်လေသည်။

မေခင်သည် ရေကိုတဝသောက်လိုက်ပြီးနောက် သူမ၏အိပ်မက်ကို ခင်ပွန်းဖြစ်သူအား ပြန်ပြောလိုက်လေ၏။

➤ ➤ ➤

မြရည်နန္ဒာ

မြရည်နန္ဒာလေးကို သူတို့မိသားစု ၁၉၉၁ ခုနှစ် နွေရာသီတွင် တွေ့ခဲ့ကြခြင်း ဖြစ်သည်။

ဦးကျော်မြတ်၊ ဒေါ်နုနုကြည်နှင့် အသက် ၁၄ နှစ် အရွယ်သမီး စုမြတ်စန္ဒာတို့ ကိုယ်ပိုင်ကားဖြင့် ပုဂံညောင်ဦးသို့ ဘုရားဖူးခရီးထွက်ရာမှ အပြန်တွင် တွေ့ခဲ့ကြခြင်း ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့အလွန် ကျောက်ပန်းတောင်းနှင့် မိတ္ထီလာ စပ်ကြားသို့ကားအရောက် လမ်းဘေးတွင် တစ်ယောက်တည်း ငိုနေသော ကလေးမလေးတစ်ယောက်ကို စုမြတ်စန္ဒာက ကားပေါ်မှ လှမ်းမြင်လိုက်သည်။

"ဖေဖေ ဟိုမှာကောင်မလေး တစ်ယောက်တည်းရယ်၊ နေပူထဲမှာ၊ ငိုလည်း ငိုနေတယ်၊ ဘာဖြစ်လို့လဲမသိဘူးဖေဖေ၊ ရပ်ပါဦး"

သနားတတ်သော စုမြတ်စန္ဒာက ကလေးမလေးကို မြင်သည်နှင့် ကရုဏာသက်ကာ ဖခင်ကို ပြောလိုက်လေသည်။

ဦးကျော်မြတ်က ကားကို ကိုယ်တိုင်မောင်းလာပြီး၊ ဒေါ်နုနုကြည်နှင့်စုမြတ်စန္ဒာတို့က ကားနောက်ခန်းမှ လိုက်ပါလာကြခြင်း ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စုမြတ်စန္ဒာ လှမ်းပြောသောကြောင့် ဦးကျော်မြတ်က ကားကိုရပ်လိုက်သည်။

"ဘယ်မှာလဲသမီး"

"ဟိုနောက်မှာဖေဖေ၊ လမ်းဘယ်ဘက်ခြမ်းမှာ"

"အို. . . ဟုတ်သားပဲ၊ ဒီနားမှာ ရွာမနီးမြို့မနီးနဲ့၊ ကလေးမလေးတစ်ယောက်တည်းပါလား။ ငိုလို့တော်"

ဒေါ်နုနုကြည်က လှမ်းကြည့်ရင်း ပြောလိုက်သည်။

"နေ. . . မဆင်းနဲ့၊ ဖေဖေကားကို ဘက်ဆုတ်လိုက်မယ်"

ဦးကျော်မြတ်က ကားကိုဘက်ဂီယာသွင်း နောက်ဆုတ်ကာ ကလေးမလေးနှင့် တည့်တည့်ထိ ရောက်အောင်သွားလိုက်သည်။

"ကဲ- အမေကြီးရော သွားမေးလိုက်ပါဦး၊ ဘာဖြစ်တာလဲဆိုတာ"

ဒေါ်နုနုကြည်နှင့် စုမြတ်စန္ဒာ ကားအောက်ဆင်းလိုက်ကြသည်။ ကားလမ်းတစ်ဘက်ကို ကူး၍ ကလေးမလေးဆီ ရောက်သွားကြ၏။

"ဟဲ့ သမီး၊ နင်ဘယ်ကလဲ၊ ဘာဖြစ်လို့လဲ"

ဒေါ်နုနုကြည်က ကလေးကို အကဲခတ်ရင်း မေးလိုက်သည်။ ကလေးမလေးက ဂါဝန်အဝါရောင်လေးကို ဝတ်ထားသည်။ ဂါဝန်မှာ အသစ်ဖြစ်ဟန်တူသော်လည်း တစ်ထည်လုံးလိုလို ဖုန်များ၊ သဲများပေကာ ညစ်ပတ်နေလေသည်

"ဟဲ့ ဘာဖြစ်လို့လဲဆို၊ လူကြီးတွေနဲ့ကွဲသွားလို့လား။ နင်ဘယ်ရွာကလဲဟင်"

ကလေးမလေးက ငိုမြဲ ဆက်ငိုနေသည်။

"ဩော်. . . ဘာမှလဲ မေးလို့မရပါလားဟဲ့"

"သမီးမေးကြည့်လိုက်ပါဦးမယ် မေမေ၊ ညီမလေး၊ ညီမလေး





က ဘယ်ကလဲ၊ လူကြီးတွေရော မပါဘူးလား"

ကလေးမလေးက ခေါင်းရမ်းပြကာ. . .

"ကြောက်တယ်၊ ကြောက်တယ်"

ဟုပြောလိုက်သည်။

"ညီမလေး အဖေနဲ့အမေရောဟင်"

"မသိဘူး ကြောက်တယ်"

ကလေးက ကြောက်တယ်ချည်းပြောကာ ဆက်ငိုနေပြန်သည်။

"သူ မပြောတတ်ဖူးထင်တယ် မေမေ"

"ဟဲ့ ကြည့်ရတာ အသက်ရှစ်နှစ် ကိုးနှစ်ပဲရှိရော့မယ်၊ ဘာလို့ မပြောတတ်ရမှာလဲ၊ ကြောက်တယ်လို့တောင် ပြောတတ်သေးတာကို"

"ဒါဖြင့် မေမေပဲမေးကြည့်ပါဦး"

"ကလေးမ၊ နင့်မိဘတွေက ဘယ်သူတွေလဲ၊ ဘယ်မှာနေတာလဲ၊ အန်တီတို့လိုက်ပို့ပေးမယ်"

"ဟင့်အင်း. . . မသိဘူး၊ ကြောက်တယ်"

"ရော်. . . ခက်ရချည်ရဲ့၊ နင့်အရွယ်နဲ့ ကိုယ့်မိဘနာမည် ဘယ်သူဘယ်ဝါဆိုတာတောင် မသိဘူးလားဟဲ့"

"မသိဘူး ကြောက်တယ်၊ သမီးကြောက်တယ်"

"နင် ဒီနေရာကို ဘယ်လိုရောက်နေတာလဲ၊ ဘယ်တုန်းက ရောက်နေတာလဲ"

"သမီးကြောက်တယ်"

ကလေးမလေးထံမှ 'သမီး' ဆိုသော နာမ်စားစကားလုံး တစ်ခုတော့ ပိုထွက်လာသည်။

"နေဦးမေမေ၊ သူဆာနေလို့လား မသိဘူး။ သမီးမုန့်ကျွေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်'

စန္ဒာက ကားဆီပြန်ပြေးကာ ဘီစကွတ်မုန့်ထုပ်ကိုယူ၍ ကလေးမလေးကို ကျွေးသည်။ ဦးကျော်မြတ်လည်း ကားလမ်းကိုကူးကာ သူတို့ဆီရောက်လာ၏။

"သနားစရာပဲ အဖေကြီးရယ်၊ ဘာမှမေးလို့လည်းမရဘူး၊ သူသိပ်ဆာနေတာကိုး၊ ကြည့်ပါဦး ဘီစကွတ်မုန့်ကို အားရပါးရ စားနေလိုက်တာ"

ဒေါ်နုနုကြည်က ကလေးမုန့်စားနေသည်ကိုကြည့်ကာ ပြောလိုက်သည်။

"မိဘတွေကများ ဒီနားလာစွန့်ပစ်ထားကြသလား",

"ရုပ်ရည်ကတော့ သန့်သန့်ပြန့်ပြန့်ပဲ အဖေကြီး၊ ဒါလောက်အဆင့်နိမ့်မယ် မထင်ဘူး။ ဒါပေမဲ့ သိနိုင်ဘူးလေ၊ ခေတ်ကြီးက. . ."

မုန့်တစ်ထုပ်လုံး ကုန်သွားသည့်အခါ ကလေးမျက်နှာက လန်းလန်းဆန်းဆန်း ဖြစ်လာသည်။ ပါးပြင်ပေါ်မှ သူ့မျက်ရည်များကို လက်ချုံဖြင့်ပွတ်၍ သုတ်ပစ်လိုက်၏။ ထိုအခါ လက်ခုံပေါ်မှ ဖုန်များဖြင့်ပေကျံကာ ပါးပြင်ပေါ်တွင် ချေးကြောင်းကြီး ဖြစ်သွားတော့သည်။

"သနားပါတယ်၊ သူဆာနေတာကိုး"

"နာမည်လေးဘာလေး မေးကြည့်ပါဦးသမီးရယ်၊ ညည်းတို့ကလေးအချင်းချင်း"

"ညီမလေး နာမည်က ဘယ်လိုခေါ်လဲဟင်"

"မသိဘူး"

"ဟောတော့၊ ကိုယ့်နာမည်ကိုတောင်မသိဘူးတဲ့ မေမေ"

"ဒုက္ခပဲ၊ တို့တော့ ကိုယ့်ဒုက္ခ ကိုယ်ရှာမိသလိုဖြစ်ပြီ ဒီတိုင်းထား





ပစ်ခဲ့လို့လည်းမကောင်း၊ ဘယ်လိုလုပ်ကြမလဲ အဖေကြီး"

"ခေါ်ခဲ့ကွာ၊ ရှေ့နားက အရင်ဆုံးတွေ့တဲ့ ရွာတစ်ရွာရွာမှာ မေးကြည့်ပေးတာပေါ့။ ဒီနားပတ်ဝန်းကျင်ကပဲ ဖြစ်မှာပါ"

"အင်း. . . ဝတ်ပုံစားပုံကြည့်ရတာ သူတောင်းစားတော့ မဖြစ်နိုင်ပါဘူးနော်"

"အို. . . မေမေကလဲ"

"သူတောင်းစားဖြစ်တော့ကောကွာ၊ ဒီအရွယ်လေးက တို့ကိုဒုက္ခမပေးနိုင်ပါဘူး။ ကဲ. . . ခေါ်ခဲ့. . . ခေါ်ခဲ့၊ ရွာတစ်ရွာရွာက ရယက ရုံးမှာ ဝင်အပ်ပေးခဲ့တာပေါ့"

ကလေးမလေးကိုကားဖြင့်တင်ခေါ်ခဲ့လိုက်၏။

ကလေးမလေးကို စန္ဒာနှင့်အတူ ကားနောက်ခန်းတွင် ထိုင်ခိုင်းလိုက်၏။

ကားပေါ်တွင် ကလေးမလေးနှင့်ပတ်သက်၍ သဲလွန်စ ရလိုရငြား ဦးကျော်မြတ်က သမီးဖြစ်သူစန္ဒာကို ကလေးနှင့် စကားပြောခိုင်း၏။

စန္ဒာကလည်း လည်ဝယ်စွာပင် ကလေးကို မေးခွန်းတွေချည်းစွတ်မမေးတော့ဘဲ ကလေးချင်းစကားပြောသည့်သဖွယ် ပြောကြည့်လေသည်၊

"ငါတို့ ပုဂံညောင်ဦးကနေ ဘုရားဖူးပြီး ပြန်လာကြတာ၊ နင်ကော၊ နင့်အဖေအမေတွေနဲ့ ဘုရားဖူးတွေ ဘာတွေမသွားဘူးလား"

ကလေးမလေးက စန္ဒာ့ကိုခေါင်းငဲ့ကြည့်ကာ ခေါင်းယမ်းပြသည်။

"မမကလေ. . ၇ တန်းရောက်ပြီ၊ သိလား၊ ညီမလေး ကောဘယ်နှတန်းလဲ"

"ဟင်. . . မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာက စုတ်သပ်လိုက်သည်။

"ဒီမှာကြည့်စမ်း ညီမလေး၊ ဟောဒီမုန့်ထုပ်ပေါ်က စာကိုဖတ်ကြည့်စမ်း၊ ဘာတဲ့တုန်း"

စန္ဒာက ခြင်းတောင်းထဲမှ ပလတ်စတစ်နှင့် ထုပ်ထားသော ဘီစကွတ်မုန့်ထုပ်ကို ထုတ်လိုက်ကာ ကောင်မလေးလက်ထဲ ထည့်ပေးရင်း ပြောလိုက်ပြန်သည်။

ကောင်မလေးက မုန့်ထုပ်ကိုကိုင်ရင်း စာကိုတစ်လုံးချင်း အသံထွက်ဖတ်လိုက်သည်။

"ရွှေ. . . ကျိုး. . . ဘီ. . . စ. . . ကွတ်"

"ဟော– ဖေဖေ သူစာဖတ်တတ်တယ်တော့"

"ဖေဖေကြားတယ် သမီး"

"စာတောင် ဖတ်တတ်သေးတာ၊ ဒီကလေး ဦးနှောက်လည်း ကောင်းပါတယ်၊ သူ့မိဘနာမည်ကျမသိဘူးတဲ့။ ဟဲ့ ကလေးမ၊ နင့်မိဘတွေဘယ်သူဆိုတာ စဉ်းစားလို့ရပလား"

ဒေါ်နုနုကြည်က နောက်ဘက်သို့ လှည့်ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

"မိဘ"

"မိဘဆိုတာ နင့်အဖေနဲ့အမေကို ပြောတာလေဟယ်"

"ဟင့်အင်း. . . မသိဘူး၊ သမီးကြောက်တယ်"

"ခြော်. . . ဒုက္ခပါပဲ"

"သူ ကြောက်လန့်စရာတစ်ခုခုနဲ့ ကြုံခဲ့ပုံရတယ်၊ ကလေးဆိုတော့ ဦးနှောက်နုနယ်တယ် မဟုတ်လား။ မမေးပါနဲ့တော့ အမကြီးရယ်"

ထိုစဉ်မှာပင် သူတို့မောင်းလာသောကားလေးသည် ရွာတစ်ရွာ





ရှေ့သို့ ရောက်လာလေသည်။

ရွာက လမ်းဘေးမှာပင်ရှိသည်မို့ အဆင်ပြေသွားသည်။ ကျေးရွာကောင်စီရုံးကို မေးမြန်းကာ ရောက်အောင်သွားလိုက်ကြ၏။

ရယကရုံးထဲတွင် ဥက္ကဋ္ဌကို အဆင်သင့်ပင် တွေ့ရလေ၏။

ဦးကျော်မြင့်က အကျိုးအကြောင်းကို ရှင်းပြလိုက်သည်။

"ဒီကလေး ကျွန်တော်တို့ရွာကတော့ မဟုတ်ဖူးဗျ"

"ဒီအနားပတ်ဝန်းကျင်ကရော"

"မဟုတ်ဘူး၊ ကျုပ်တို့ကျေးရွာအုပ်စုမှာ ရွာ ၆ ရွာရှိတယ်၊ အကုန်လုံး ကားလမ်းဘေးက ရွာတွေချည်းပဲ၊ ကလေးရော လူကြီးရော ကျုပ်အားလုံးသိတယ်၊ ဟောဒီမှာ အဲဒီရွာတွေက ကိုယ်စားလှယ် ရယက အဖွဲ့ဝင် လူကြီးတွေလည်းရှိနေတာပဲ၊ နေဦးလေ. . . သေချာအောင် ခေါ်မေးပေးပါ့မယ်လေ"

ဥက္ကဋ္ဌက အနီးရှိ လူငယ်တစ်ယောက်ကို နာမည်များရွတ်ပြကာ လူတချို့ကို ခေါ်ခိုင်းလိုက်သည်။

ဥက္ကဋ္ဌကြီးခေါ်ခိုင်း၍ ရောက်လာသူများမှာ ကျောင်းဆရာမတစ်ဦး၊ အရံသားဖွားဆရာမတစ်ဦး၊ မြေတိုင်းစာရေးတစ်ဦးတို့ဖြစ်သည်။ ဘယ်သူမှ ကလေးမလေးကို မသိကြ၊ မမြင်ဖူးကြဘူးဟုဆိုသည်။

"ဒီဝန်ထမ်းတွေက ရွာစဉ်လှည့်ပြီး သွားလာနေရတဲ့ ဝန်ထမ်းတွေပဲ၊ သူတို့ကိုခေါ်ခိုင်းလိုက်တဲ့သူငယ်ကလည်း ရယကစာရေးလေ၊ ရွာ ၆ ရွာလုံးက လူတွေကိုသူသိတယ်၊ ဒီကလေး ဒီပတ်ဝန်းကျင်က မဟုတ်တာတော့ သေချာတယ်ဗျ"

"ကလေးကိုပဲ ရှဲလောက်မေးကြည့်ကြပါဦး"

အဖွဲ့ဝင်လူကြီးတစ်ဦးက အကြံပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ ဘာမှမေးလို့မရတော့။ သူတို့မေးစဉ်က ကြောက်တယ်ဆိုတဲ့အဖြေ ထွက်လာသေးသည်။ ရွာမှလူကြီးများ ဝိုင်းမေးသည့်အခါ ထိုလူကြီးများကို မိုကြောက်သွားသည်ထင့်၊ ဘာမှပြန်မပြောဘဲ ငိုလေတော့သည်။

"ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ကြမလဲ"

ဒေါ်နုနုကြည်က ဦးကျော်မြတ်ကို လှမ်းကြည့်လိုက်သည်။

"အဖေကြီး၊ ဘယ်လိုလဲ၊ ကျွန်မတို့ပဲ ခေါ်သွားကြမလား"

"ဟုတ်တယ် ဖေဖေ၊ သနားပါတယ်၊ သမီးတို့ခေါ်သွားရအောင်"

ဦးကျော်မြတ်က ဇနီးနှင့်သမီးအမေးကို ပြန်မဖြေဘဲ ဥက္ကဋ္ဌကြီးကို ပြောလိုက်သည်။

"ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့လည်း သားသမီးချင်း ကိုယ်ချင်းစာပါတယ်၊ ခုအတိုင်းက ကလေးကိုယ်တိုင်က ဘာမှမေးမရဘူးဖြစ်နေတယ်၊ ဒီတိုင်းထားခဲ့ရင်လည်း သူဒုက္ခရောက်လိမ့်မယ်၊ တာဝန်ယူမယ့်လူလည်းရှိမှာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော်တို့ပဲ ခေါ်သွားပါရစေ"

"ဟုတ်တယ်လေ၊ ကျုပ်တို့မလဲ ကလေးတစ်ယောက်ကို တာဝန်မယူနိုင်ဘူးဗျ၊ ရှင်းရှင်းပဲ၊ ခင်ဗျားတို့ခေါ်ချင်ခေါ်သွားပါ၊ ခင်ဗျားတို့ခေါ်မသွားလဲ ရဲစခန်းပို့ရတော့မှာကိုး"

"ကျွန်တော်တို့အပေါ်မှာ သံသယမကင်းမှာ စိုးလို့ပါ"

"အို . . . ခင်ဗျားတို့ရိုးသားလို့ပဲ။ ကျုပ်တို့ဆီဝင်အကြောင်းကြားတာပေါ့၊ ခင်ဗျားတို့လို သူဌေးသူကြွယ်တွေက ဒီကလေး စုတ်စုတ်ပြတ်ပြတ်ကို ဘာလို့သွေးဆောင်ဖြားယောင်းလိမ့်မလဲ၊ ခိုးယူလိမ့်မလဲ၊ သံသယရှင်းပါ့ဗျာ"





"ဒါဆိုလဲကောင်းပါပြီလေ၊ ကလေးမိဘတွေပေါ်လာရင်လည်း အဆင်ပြေအောင် ကျွန်တော့်လိပ်စာပေးခဲ့ပါ့မယ်၊ ဖုန်းနံပါတ်လဲ ပေးခဲ့ပါ့မယ်"

"ကောင်းများ ကျုပ်တို့ရုံးလည်း ဖုန်းရှိတယ်ဗျ၊ မှတ်သွားဦး၊ စာရေးလေးရေ ဒီက လူကြီးမင်းပြောတဲ့လိပ်စာနဲ့ နာမည်တွေသေချာရေးမှတ်ထားလိုက်ပါဟေ့"

ဦးကျော်မြတ်က မန္တလေးအိမ်လိပ်စာနှင့် ဖုန်းနံပါတ်များကို စုံလင်အောင်ပေးထားခဲ့လိုက်၏။

"ကလေးနဲ့သက်ဆိုင်သူတွေပေါ်လာရင် ကျွန်တော့်ဆီ ဖုန်းဆက်အကြောင်းကြားပါဗျာ၊ လတ်တလော ကလေးဒုက္ခမရောက်အောင်သာ ခေါ်သွားတာပါ။ သူ့မိဘတွေပေါ်လာတာနဲ့ ကျွန်တော်ပြန်လာပို့ပေးပါ့မယ်"

ဦးကျော်မြတ်မိသားစုက ရွာလူကြီးများအားနှုတ်ဆက်ကာ အမည်နာမပင် မသိရသော ကလေးမလေးကို မန္တလေးအရောက် ခေါ်လာခဲ့လေသည်။

ဦးကျော်မြတ်က နောင်အရှုပ်အရှင်းမဖြစ်စေရန်အတွက် မိတ္ထီလာအရောက်တွင် မိတ္ထီလာရဲစခန်းသို့ဝင်ကာ အကျိုးအကြောင်းပြောပြ၍ သတင်းဝင်ပို့ခဲ့ပါသေးသည်။

ခေတ္တယာယီ ထိန်းသိမ်းပေးသည့်သဘော ခေါ်လာခဲ့ခြင်း ဖြစ်သော်လည်း ထိုကလေးကို မည်သည့်အခါမှ မိဘရပ်ထံပြန်မပို့ဖြစ်တော့ပေ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

□

သည်လိုနှင့် လမ်းမှကောက်ရခဲ့သောကလေးမှာ ဦးကျော်မြတ်တို့ အိမ်၌မြဲနေလေတော့သည်။

"အဖေကြီး၊ ကလေးက သူ့နောက်ကြောင်းသတိမရတာကလွဲလို့ ချစ်စရာလေးပဲ၊ ကလေးကိုမွေးစားဖို့ ကျွန်မတော့ ဝန်မလေးဘူး"

"ငါလည်းဒီလိုပါပဲ၊ တို့မှာ သမီးလေးစန္ဒာတစ်ယောက်ပဲရှိလို့ ကလေးလိုချင်နေကြတာ မဟုတ်လား။ မွေးစားချင်လည်း တရားဝင်မွေးစားလိုက်တာပေါ့မနုရာ"

"မွေးစားတာက မခက်ပါဘူး။ ဒါပေမဲ့ ကျွန်မရင်ထဲမှာ မရှင်းဘူးရှင့်၊ သူ့မိဘဆီက တရားဝင်ခွင့်တောင်းပြီး စာချုပ်စာတမ်းနဲ့ မွေးစားတာမျိုးပဲ ဖြစ်ချင်တယ်၊ ခုလို လမ်းဘေးက တွေ့လာလို့ မွေးလိုက်ရတာမျိုးကို စိတ်ထဲမှာ မသန့်သလိုပဲရှင်၊ တစ်မျိုးပဲ"

"မင်းတို့သားအမိပဲ သနားလို့ခေါ်လာတာလေကွာ၊ ငါတို့လည်း သက်ဆိုင်ရာတွေ အကြောင်းကြားခဲ့တာပဲ၊ ခုထိ ဘယ်ကမှ အကြောင်းမကြားကြတော့ လမ်းစကပြတ်နေပြီလေ"

"အင်း. . . မွေးစားပါပြီတဲ့၊ မမွေးစားလည်း သူ့နောက်ကြောင်း





မပေါ်တော့ရင် ကျွန်မတို့ပဲလက်ခံထားရတော့မှာ၊ သူ့ကို ဘယ်လိုတာရင်းသွင်းမလဲ၊ စာတတ်တာတော့ တွေ့နေရပါပြီ၊ ကျောင်းထားတော့ ဘယ်အတန်းမှာထားမလဲ၊ ဒါတွေက ရှိသေးတယ်နော်၊ ကလေးကိုတော့ ကျွန်မက သံယောဇဉ် တွယ်နေပါပြီ သမီးကလည်း ညီမလေးတစ်ယောက် ကောက်ရတယ်ဆိုပြီး ချစ်နေရှာတယ်"

ကလေးနှင့်ပတ်သက်၍ မပြတ်သားသဲ စနိုးစနောင့် ဖြစ်နေကြသည်။

ကလေးနာမည်ကိုတော့ မှည့်ပြီးကြပေပြီ။ သူမကို ခေါ်လာသည့်နေ့မှာပင် ခေါ်စရာနာမည်တစ်ခုရှိဖို့လိုတယ်ဆိုပြီး. . .

"သူ့ကို စနေနေ့မှာတွေ့တာဆိုတော့ သမီးစန္ဒာနာမည်နဲ့လည်း ဆင်သွားအောင်. . . နန္ဒာလို့ ခေါ်ကြစို့"

ဦးကျော်မြတ်က ကလေးမလေးနာမည်ကို နန္ဒာလို့ ယာယီမှည့်ခေါ်ပေးခဲ့ပြီးပေပြီ။

နန္ဒာ့ကို သူတို့အမျိုးမျိုး စစ်ဆေးကြည့်ခဲ့ပြီးပြီ။

နန္ဒာလေးသည် ဦးနှောက်ကျပ်မပြည့်သူတော့ မဟုတ်ပေ။

စာဖတ်နိုင်းကြည့်တော့လည်း သွက်သွက်လက်လက် ဖတ်တတ်သည်။ သတင်းစာနှင့်ဂျာနယ်များထဲမှ စာသားခပ်ရှည်ရှည်များကိုပင် ဖတ်နိုင်လေ၏။ ပြီးတော့ တီဗွီထဲမှ ဇာတ်လမ်းဇာတ်ကွက်များကို နားလည်ကြောင်း တွေ့ရ၏။ ထက်ထက်မိုးဦး၊ အိန္ဒြာကျော်ဇင်တို့ကိုလည်း သူမက သိနေ၏။ တီဗွီကြော်ငြာသီချင်းတချို့ကိုလည်း ရနေသည်။ အားလုံးပုံမှန်ဟု ဆိုနိုင်သည်။

ခက်သည်က သူမဘယ်သူဖြစ်သည်။ ဘယ်ကလာသည်။ မိဘတွေက ဘယ်သူတွေဆိုတာကိုပဲ မေးမရခြင်း ဖြစ်သည်။ စဉ်းစားခိုင်းလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပိုသည်။ နောက်ကြောင်းများကို တမင်ထိန်ဝှက်ထားခြင်းတော့ မဟုတ်တန် ရာ၊ ဤကဲ့သို့ ပရိယာယ်မျိုးကိုလည်း နားလည်သည့်အရွယ်မျိုး မဟုတ်ပေ။

ဦးကျော်မြတ်က ထိတ်လန့်ချောက်ချားဖွယ်အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရဟန်တူသည်ဟု မှတ်ချက်ချသည်။ စိတ်ဒဏ်ရာကြောင့် ယာယီ အတိတ်မေ့နေခြင်းဖြစ်ပြီး တစ်ချိန်ချိန်တွင် ပြန်သတိရလာမည်ဟု တွက်သည်။

ဦးကျော်မြတ်က မိတ္ထီလာရဲစခန်းနှင့် ရွာရယကရုံးများကို ဖုန်းဆက် စုံစမ်းသော်လည်း အကြောင်းမထူး၊ မည်သည့်ကလေးပျောက် တိုင်ကြားချက်မှတက်မလာဟု အကြောင်းပြန်သည်။

မည်သို့ဆိုစေ နန္ဒာဟု သူတို့မှည့်ခေါ်ထားသည့် ကလေးမလေးကတော့ တစ်လအတွင်းမှာပင် သူတို့အိမ်၌ နေသားကျလာခဲ့လေပြီ။ သင်ပေးထားသည့်အတိုင်း ဦးကျော်မြတ်နှင့် ဒေါ်နုနုကြည်ကို 'ဖေဖေ' 'မေမေ' ဟုခေါ်သည်။ စုမြတ်စန္ဒာကို 'မမ'ဟု ခေါ်သည်။ သူမစိတ်ထဲတွင် ဤမိသားစုသည် မွေးကတည်းက အတူနေလာခဲ့သော သူမ၏ မိရင်းဖရင်း အစ်မရင်းများဟု ထင်နေပုံမျိုးပင်၊ စိတ်လက်ပေါ့ပေါ့ပါးပါး ရွှင်ရွှင် လန်းလန်းနှင့်ပင်ရှိနေ၏။

အိမ်အနီးအနားမှ ရွယ်တူကလေးများနှင့်လည်း သိကျွမ်းခင်မင်ကာ အတူဆော့ကစားလျက်ရှိသည်။ သင်္ကြန်တုန်းကဆိုလျှင် အိမ်နားမှ ကလေးများနှင့်အတူ ရေပက်လိုက်ကြ ဆော့လိုက်ကြသည်မှာ နန္ဒာလေးအတော်ပင် ပျော်နေလေ၏။ နန္ဒာသည်အပြင်ပန်းအားဖြင့် သာမန် သူလို ကိုယ်လို ကလေးတစ်ယောက်သာပင်။

နန္ဒာ့ကိုကောက်ရခဲ့သည့်အချိန်မှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်





ဖြစ်သည်။ ယခု ဧပြီလကုန်၌ မေလထဲရောက်တော့မည်။ နန္ဒာ သူတို့ မိသားစုထဲ ရောက်လာတာ ၂ လ ကျော်လို့ ၃ လ ရှိရော့မည်။

မကြာခင် ကျောင်းများ ပြန်ဖွင့်တော့မည်။ ကျောင်းပြန်ဖွင့်လျှင် စုမြတ်စန္ဒာက ၇ တန်းအောင်လို့ ၈ တန်းတက်ရမည်။ နန္ဒာ့ကိုလည်း ကျောင်းထားပေးရမည်ပင်။ နန္ဒာ့ကို ဘယ်အတန်းမှာ ထားရမလဲ။

အဲဒါက အဓိကပြဿနာကြီးပင် ဖြစ်နေတော့၏။

➤ ➤ ➤

❒

တစ်နေ့တွင် ဈေးဝယ်ရန်အတွက် ဈေးချိုသို့သွားကြရာ စန္ဒာနှင့် နန္ဒာ့ကိုပါ ခေါ်လာခဲ့သည်။

ဈေးချိုပထမထပ်တွင် လျှောက်ကြည့်နေစဉ် အသက်လေးဆယ် ကျော်ကျော် တောသူဟန်ဖြင့် မိန်းမတစ်ယောက်က နန္ဒာ့အနီးသို့ကပ်လာကာ တအံ့တသြဖြင့် နှုတ်ဆက်လိုက်လေသည်။

"ဟဲ့ မြရီ၊ မြရီ"

နန္ဒာသည် နှုတ်ဆက်လာသော မိန်းမကြီးကိုကြည့်ရင်း မှတ်မိ ဟန်မတူဘဲ ကြောင်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်မြရီမဟုတ်လားဟဲ့၊ ဟုတ်ပါတယ်၊ ကြည့်စမ်း၊ တသွေးတမွေးဖြစ်ပြီးလုနေလိုက်တာ၊ ငါတို့က နင့်ကိုသေပြီထင်ထားတာ မြရီရယ်"

"အစ်မကြီး၊ ဒီကလေးကိုသိလို့လားဗျာ"

ဦးကျော်မြတ်က မနေသာဘဲ ကြားဝင်မေးလိုက်သည်။

မိန်းမကြီးက ဦးကျော်မြတ်တို့မိသားစု၏ အရှိန်အဝါကိုကြည့်ကာ အို့တိုးအန်းတန်း ဖြစ်သွား၏။

"ဟို–ဟို– သူက ကျွန်မတို့မြို့က ကလေးရှင့်၊ ဟုတ်ပါတယ်၊ သူ မြရီရယ်ပါ၊ မြရီ ညည်း ငါ့ကိုမမှတ်မိဘူးလား၊ ငါ ဒေါ်ကြီးသောင်းလေ အေ့"

"ဒီကလေးကို ကျွန်တော်တို့မွေးစားထားတာပါ၊ အစ်မကြီးနဲ့ အေးအေးဆေးဆေး စကားပြောမှဖြစ်မယ်၊ အစ်မကြီး တစ်နေရာကို လိုက်ခဲ့ပေးလို့ ဖြစ်မလား"

"တော် ကျုပ်ဈေးဝယ်ရဦးမယ့် ဒါနဲ့ဒီကလေးက တော်တို့က လေးလား၊ ကျုပ်က ကျုပ်တို့မလှိုင်က မြရီနဲ့တူလွန်းလို့ပါ"

"အစ်မကြီးထင်တဲ့မြရီ ဟုတ်ချင်လည်း ဟုတ်နေမှာပေါ့လေ"

"ဘာ"

"ရှင်းအောင်လို့ အစ်မကြီးနဲ့ပြောမှဆိုမှဖြစ်မယ်၊ ခဏတဖြုတ်ပါ၊ လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် လိုက်ခဲ့ပေးပါ အစ်မကြီး"

➤ ➤ ➤

❒

မလှိုင်မှ ဒေါ်သောင်းဆိုသူ အမျိုးသမီးကြီးနှင့် တွေ့ဆုံလိုက်ရမှပင် အဖြစ်အပျက်အားလုံး ရှင်းသွားခဲ့လေသည်။

"ကျုပ်တို့က ဆယ်နှစ်ပွဲဈေးသည်တွေပါ၊ ဆယ်နှစ်ပွဲဈေးသည်ဆိုတာ ပွဲဈေးရှိတဲ့နေရာတွေလိုက်ပြီး ဆယ့်နှစ်ရာသီလုံး ဈေးရောင်းတဲ့ ဈေးသည်ကိုပြောတာပါ၊ ကျုပ်တို့ဇာတိက မလှိုင်က၊ မြင်းခြံ–မလှိုင်လေ၊ သိတယ်မဟုတ်လား၊ မလှိုင်မှာ ကျုပ်တို့လို ဆယ့်နှစ်ပွဲဈေးသည်တွေ အများကြီးပဲ၊ ကျုပ်က ကလေးကစားစရာ အရုပ်တွေရောင်းတယ်၊ မြရီရဲ့ အဖေနဲ့အ . မက ကိုတင်ဝင်းနဲ့ မထွေးရင်တဲ့၊ ထွေးရင်တို့ လင်မယားက အလှကုန်ပစ္စည်းတွေ ရောင်းတယ်လေ၊ ကျုပ်နဲ့ ထွေးရင်တို့ လင်မယားက ပွဲဈေးလိုက်တိုင်း အတူတူချည်းပဲ၊ မလှိုင်မှာနေတော့လည်း အိမ်ချင်းသိပ်မဝေးကြဘူး"

ပွဲတော်များမှာ မြန်မာနိုင်ငံ၏သဘောသဘာဝအရ ဆောင်းရာသီ၌ အများဆုံး ဖြစ်ပေသည်။ မိုးရာသီမှာတော့ ပွဲများနားကြသလို ဆယ့်နှစ်ပွဲဈေးသည်များလည်း နားရလေ၏။ ယခုလိုနွေရာသီမှာကား ကြိုကြား



www.burmeseclassic.com

www.burmeseclassic.com



ကြိုကြားဆိုသလို ပွဲဈေးလေးများ ရှိတတ်ပေသည်။

ယခုနှစ် တပေါင်းလတွင် မိတ္ထီလာနှင့် ကျောက်ပန်းတောင်းလမ်းဘေးမှ အတွင်းသို့ ဆယ့်မိုင်ခန့်ဝင်ရသော ရွာကြီးတစ်ရွာတွင် ပွဲရှိသည်။ ဒေါ်သောင်းနှင့် ကိုတင်ဝင်း၊ မထွေးရင်လင်မယားအပြင် ဈေးရောင်းဖော်ရောင်းဘက် ဆယ့်နှစ်ပွဲဈေးသည်တစ်စု ထိုရွာကြီး၏တပေါင်းပွဲတွင် ဈေးရောင်းရန် ထွက်ခဲ့ကြသည်။

"ထွေးရင်တို့က ပွဲဈေးလိုက်ရင် မြရီလေးကို သူ့အစ်ကိုအိမ်မှာ အပ်ထားနေကျ၊ ကလေးက ကျောင်းနေတာကိုး၊ တပေါင်းပွဲချိန်ကတော့ ကျောင်းပိတ်ချိန်နဲ့ တိုက်နေတော့ သူတို့ မြရီကိုခေါ်ခဲ့ကြတယ်လေ"

ဒေါ်သောင်းက နန္ဒာ့ကိုအကဲခတ်ရင်းမှ သူတို့အကြောင်းကို ပြောပြနေသည်။ နန္ဒာက ဒေါ်သောင်းပြောသမျှကို ဘာမှသိပုံမရ။

"ပွဲရှိတဲ့ရွာကိုသွားတော့. .. . ကားက ရွာအထိမရောက်ဘူး၊ ကျောက်ပန်းတောင်းလမ်းမှာ ကျုပ်တို့ကားပေါ်က ဆင်းရတယ်၊ ရွာအထိတော့ ကိုယ့်ပစ္စည်းကိုယ်သယ်ပိုးပြီး သွားရတာပေါ့၊ ကျုပ်တို့ကားလမ်းမကြီးကနေ ရွာကိုသွားတော့ ညကြီးတော့၊ အဲဒီ လမ်းမှာတင် ဓားပြတိုက်ခံရတော့ တာ"

"ဟင် ဓားပြတိုက်ခံရတယ်"

"ဟုတ်တယ်၊ ဓားပြကခုနစ်ယောက်၊ ဓားကိုယ်စီနဲ့၊ ကျုပ်တို့ ပါသမျှပစ္စည်းအကုန်ထားခဲ့ဖို့တောင်းတယ်၊ ကျုပ်တို့မလဲတော်၊ ဆင်းရဲသားတွေ မဟုတ်လား၊ ဒါတွေသာ သူတို့အကုန်ပေးလိုက်ရင် အရင်းလဲပြုတ်၊ ပွဲပြီးပဲကိုး၊ ဘယ်ပေးနိုင်မတုန်း၊ ပထမတော့ ကျုပ်တို့အားလုံးက တောင်းပန်ကြပါသေးတယ်၊ ဓားပြတွေက မရဘူး၊ ရှိသမျှပစ္စည်း ထားခဲ့ရမယ်ချည်းပြောတာ၊ အဲဒီမှာ တင်ဝင်းနဲ့ဓားပြတွေ စကားများကြတာပဲ"





"ဟင်. . ."

"တင်ဝင်းက စိတ်ကလက်တစ်ဆတ်ရယ်၊ မင်းတို့ ဘာလုပ်မလဲတော့ ကုန်းဆိုပြီး ဓားပြဗိုလ်ကို ဖက်လုံးတယ်တော်"

"ဟင်"

"ဟိုကောင်က ဓားရှည်နဲ့လေ၊ အင်အားက မမျှပဲကိုး၊ တစ်ချက်ထဲခုတ်သတ်လိုက်တာ တင်ဝင်းသေရော"

"ဟာ. . ." "အို. . ."

ဦးကျော်မြတ်နှင့် ဒေါ်နုနုကြည် တပြိုင်ထဲ ရေရွတ်လိုက်သည်။

"ဒါဖြင့် ညီမလေးအဖေက သေပြီပေါ့" .

စုမြတ်စန္ဒာ၏ ကရုဏာအာမေဋိတ်။

"မြရီ့ ငါပြန်ပြောပြနေတာတွေကို ညည်းဘာမှမသိတော့ဘူးနော်၊ ဖြစ်ရလေအေရယ်"

ဒေါ်သောင်းက နန္ဒာ့ကို ကရုဏာသက်စွာ ကြည့်ရင်းမှ ဆက်ပြော၏။

"တင်ဝင်းဓားနဲ့ အခုတ်ခံရတော့ မြရီမျက်စိရှေ့တင်၊ တင်ဝင်းလဲကျသွားတော့ ထွေးရင်က ငိုရင်းပြေးပွေ့တယ်၊ ကျုပ်တို့ထဲက ယောကျ်ားတွေလဲ တင်ဝင်းဓားထိုးခံရမှ မထူးဘူးဆိုပြီး ဓားပြတွေကို နိုင်ရာနဲ့ခံချကြတယ်လေ၊ ကျုပ်တို့အုပ်စုထဲမှာ နောက်ထပ် ယောကျ်ားသုံးယောက်ပါသေးတယ်၊ အတိုချုပ်ပြောရရင်တော်၊ ဓားပြဗိုလ်က ထွေးရင်ကိုပါ ဓားနဲ့ ခုတ်သတ်လိုက်တယ်၊ လင်မယားနှစ်ယောက်လုံး ပွဲချင်းပြီးပါပဲရှင်"

"ဖြစ်ရလေဗျာ"

"ဒါတွေအားလုံးကို နန္ဒာ. . အဲ. . မြရီလေးက မြင်နေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မြင်လိုက်တာပေါ့ရှင်၊ မြရီနဲ့ပြီး ထွက်ပြေးသွားတာပဲ ကျုပ်မှတ်မိလိုက်တယ်၊ သတိရလို့ရှာကြည့်တော့ မြရီမရှိတော့ဘူး။ ကျုပ်တို့ထဲက နောက်ထပ် ယောကျ်ားနှစ်ယောက် ထပ်သေတယ်၊ အားလုံးလေးယောက် သေသွားတာပေါ့၊ ဓားပြတွေက ပစ္စည်းတွေ အကုန်ယူထွက်သွားကြတယ်"

"ဒါတွေမြင်ခဲ့ရလို့ ကလေးက စိတ်ဓာတ်ချောက်ချားသွားတာကိုး၊ နောက်တော့. . ."

"ကျုပ်တို့ အဲဒီပွဲမှာ မရောင်းဖြစ်တော့ဘူးပေါ့၊ အရင်းအနှီးတွေလဲ အကုန်ကုန်ရော၊ ခုမှ ချေးငှားပြီး ဈေးပြန်ရောင်းဖို့လုပ်နေရတာပဲ"

"မြရီကို မစုံစမ်းကြဘူးလား"

'ကိုယ့်အပူနဲ့ကိုယ်လေ၊ ကျုပ်တို့စိတ်ထဲ မြရီကို ဓားပြတွေပဲခေါ်သွားလား၊ သတ်ပဲပစ်လိုက်ကြသလား၊ မသိဘူးပေါ့၊ တစ်ရက်နှစ်ရက် အဲဒီပတ်ဝန်းကျင်မှာ စုံစမ်းပါသေးတယ်"

"အစ်မကြီးတို့ အဲဒီလိုဖြစ်တာ ဘယ်နေ့လဲ"

"တပေါင်းလဆန်း ၁၀ ရက်တော့၊ သေအကြာနေ့"

"ကျွန်တော်တို့ မြရီကို ကားလမ်းမပေါ်မှာ နောက်တစ်နေ့မှာပဲ တွေ့ရတယ် အစ်မကြီး၊ မှတ်မှတ်ရရ စနေနေ့ပဲ၊ ဖေဖော်ဝါရီလ ၂၃ ရက်ပေါ့"

"ဒါဖြင့် ဒီကလေးဟာ မြရီအစစ်ပေါ့နော်၊ သူဘာမှမမှတ်မိတော့ပါလား၊ ရှင်တို့မိသားစုနဲ့တွေ့တာ ဘုရားမတာပဲ"

"အစ်မကြီး၊ သူ့မှာ တခြားအမျိုးတွေ မရှိဘူးလား"

"ရှိတော့ရှိတယ်၊ တင်ဝင်းအစ်ကိုရှိတယ်၊ အတူနေကြတာ၊ တင်ဘင်းနဲ့ထွေးရင် ပွဲဈေးထွက်ရင် ကလေးကို သူ့အစ်ကိုလင်မယားဆီပဲ အပ်ထားခဲ့ရတာ"

စိတ်ကူးသစ်စာပေ



"သူတို့ကရော မစုံစမ်းကြဘူးလား"

"သေပြီပဲ ထင်ကြတာကိုးတော့"

"ဒီမယ် အစ်မကြီး၊ မြရီလေးကို ကျွန်တော်တို့ မွေးစားချင်တယ်၊ ဖြစ်နိုင်မလား"

"အောင်မယ်လေး၊ သိပ်ဖြစ်နိုင်တာပေါ့တော်၊ တော်တို့မွေးစားမှ လဲဖြစ်တော့မှာပါ၊ နို့မို့ ဒီကလေး ဘယ်သူ့အားကိုးမလဲ"

"သူ့အဖေရဲ့အစ်ကိုရှိသေးဆို"

"တင်ဝင်းအစ်ကို ခင်ဝင်းက ကလေးငါးယောက်၊ ဆင်းရဲတယ်၊ ခင်ဝင်းမိန်းမကလည်း တာဝန်ယူချင်မှာ မဟုတ်ဘူး၊ သူတို့ဟာသူတို့မှ အနိုင်နိုင်ရယ်၊ ရပါတယ်၊ ဒီကလေးကို တော်တို့ မွေးထားလိုက်တာ ကောင်းပါတယ်"

"ဒီလို အလွယ်တကူလုပ်လို့တော့မဖြစ်ဖူးလေ အစ်မကြီးရယ်၊ သူ့ဘကြီး ရှိသေးတာပဲ၊ ဥပဒေကြောင်းအရ တရားဝင်အောင် လုပ်ရမှာပေါ့"

"မလိုပါဘူးတော်၊ ခုလည်း တော်တို့ခေါ်ထားလို့ သူ့မှာကောင်းစားနေပြီပဲ၊ ကျုပ် ခင်ဝင်းကို ကြည့်ကြက်ပြောလိုက်ပါ့မယ်"

ဦးကျော်မြတ်က ဗဟုသုတ နည်းပါးသောမိန်းမကြီးကို စိတ်ပျက်စွာကြည့်ရင်း ရှင်းပြသည်။

"မြရီလေးကို တရားဝင်ဖြစ်အောင် ကျွန်တော်တို့က မွေးစားချင်တာပါအစ်မကြီး။ သူ့ဘကြီးဆီက ခွင့်ပြုချက်ရမှာ ဖြစ်မှာပါ။ ပြီးတော့ မြရီလေးရဲ့ ပညာရေးက ရှိသေးတယ်။ သူ့ကိုကျောင်းထားတယ်မဟုတ်လား၊ ဘယ်နှတန်း ရောက်နေပြီလဲ အစ်မကြီး"

ဒေါ်သောင်းတွေဝေသွားသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတော့တက်နေတာပဲ၊ နှစ်တန်းလား သုံးတန်းလား [illegible] ကျုပ်လဲမသိဘူး"

"အဲဒါတွေပေါ့၊ မြရီလေးကို ကျောင်းဆက်အပ်နိုင်အောင် မ[illegible] ကျောင်းက ကျောင်းထွက်လက်မှတ်တွေဘာတွေလိုတယ်လေ၊ ကျွန်တော်[illegible] တို့ မလှိုင်ကိုလိုက်ပြီး ကိုခင်ဝင်းနဲ့တွေ့မှဖြစ်မှာပါ၊ ဒီတော့ ဒီလိုလု[illegible] အစ်မကြီး ဈေးဝယ်ပြီးရင် မလှိုင်ပြန်မှာမဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော်တို့တပါတည်း လိုက်ခဲ့ပါရစေ"

"ကျုပ်က ပစ္စည်းတွေနဲ့တော့ အဲ. . . ဒီလိုလုပ်လို့တော့ရတယ် ပစ္စည်းတွေကားနဲ့တင်ပေးလိုက်မယ်၊ တော်တို့ မနက်ဖန် ကျုပ်တည်း[illegible] ဘုန်းကြီးကျောင်းကို လာခေါ်လှည့်ကြပေ"

➤ ➤ ➤

၁၁

မလှိုင်သို့ လိုက်သွားရာ အားလုံးအဆင်ပြေခဲ့လေသည်။

မြရီဖခင်၏အစ်ကို ကိုခင်ဝင်းက တူမလေးကို သံယောဇဉ်ရှိဟန် တူသော်လည်း သူ့မှာပင် ကလေးငါးယောက်ရှိပြီးသား၊ စီးပွားရေးကလည်း မချောင်လည်၊ သူ့မိန်းမကတော့ ယောက်ျားဘက်မှအမျိုးကို တင်ကျွေး တင်မွေးထားဖို့ ဝန်လေးဟန်တူသည်။ သည်လိုအခြေအနေများကြောင့် မြရီလေးကို မွေးစားဖို့တောင်းတော့ အလွယ်တကူပဲ သဘောတူညီချက် ရလိုက်သည်။

ရပ်ကွက်ရုံးကိုသွားကာ တရားဝင်ဖြစ်အောင် မွေးစားစာချုပ် ချုပ်ဆို၍ မွေးစားလိုက်လေ၏။

မြရီမှာ ၂ တန်းစာမေးပွဲဖြေထားပြီး သူတို့မလှိုင်သို့သွားချိန်၌ အောင်စာရင်းများ ထွက်ပြီး၍ ၂ တန်း အောင်မြင်ထားကြောင်း သိရသည်။ မြရီကျောင်းထွက်လက်မှတ်ကို တပါတည်းရအောင်ယူခဲ့ရာ မြရီကျောင်း ပြောင်းတက်ဖို့ အဆင်ပြေသွားသလို မြရီ၏ မွေးသက္ကရာဇ်ကိုပါ သိလိုက်ရ လေသည်။

အားလုံးအဆင်ပြေ ချောမောခဲ့လေ၏။

"သမီးငဝေသန္တာက ၁၉၈၃ မွေးတာပဲ၊ ကြာသပတေးသမီး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူ့ငယ်နာမည်လည်းမပျောက်အောင် မေမေတို့ပေးထား နာမည်လည်းပါအောင် သမီးကို မြရည်နန္ဒာလို့ နာမည်မှည့်လိုက်ကြ သမီးကြီးနာမည်က စုမြတ်စန္ဒာ၊ သမီးငယ်နာမည်က မြရည်နန္ဒာပေါ့ကွာ

➤ ➤ ➤

□

'မြရည်နန္ဒာ' ဆိုသည့်ဘဝသည် 'မြရီ' ဆိုသော မိန်းကလေး၏ ဒုတိယဘဝဟု ဆိုရပေမည်။

သူမသည် မြရီအဖြစ် မွေးစမှ အသက် ၈ နှစ်အထိ ကျင်လည်ခဲ့ရသောဘဝဖြစ်စဉ်များကို မည်သည့်အခါမှ ပြန်လည်သတိမရတော့ပေ။ မလှိုင်သို့ပြန်သွားစဉ်ကပင် မကြာခင်ကနေထိုင်ခဲ့သော အိမ်နှင့်အသိုင်း အဝိုင်းကြား ပြန်ရောက်သည့်တိုင် မမှတ်မိခဲ့။ သူမ မျက်မြင်ကြုံတွေ့ခဲ့ရသော ထိတ်လန့်ဖွယ်အဖြစ်ဆိုးကြီးက အသက် ၈နှစ် အရွယ်မိန်းကလေးတစ် ယောက်အတွက် အလွန်ဆိုးဝါးခဲ့ဟန် တူလေသည်။

ဦးကျော်မြတ်၊ ဒေါ်နုနုကြည်နှင့် စုမြတ်စန္ဒာတို့ကတော့ ဘဝ





ဟောင်းကို မေ့နေတာပဲ ခပ်ကောင်းကောင်းဟု ထင်မိသည်။ မြရီဘဝသည် ဘာမှ မကောင်းမှာတမ်းတစရာမရှိ။

မြရီကို မြရည်နန္ဒာအမည်သစ်ဖြင့် ဘဝသစ်တစ်ခုဖြစ်အောင် သူတို့မိသားစုက ကြိုးစားခဲ့ကြသည်။

မြရည်နန္ဒာကလည်း ရှစ်နှစ်တာငယ်ဘဝကို မမှတ်မိသည်က လွဲ၍ ပကတိလူကောင်း၊ သာမန်မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့သည်။

သူမက ဦးကျော်မြတ်နှင့် ဒေါ်နုနုကြည်ကိုပင် သူမ၏မွေးမိဘရင်းများဟု မှတ်ယူသည်။ စုမြတ်စန္ဒာသည် သူမထက် အသက် ၆ နှစ်ပိုကြီးသော အစ်မကြီး။ သည်မိဘ၊အစ်မများကိုပင် သူမက ဆိုးနွဲ့သည်၊ အားကိုးသည်။ အိမ်မှာ တကယ့်အငယ်ဆုံး ကလေးတစ်ယောက်သဖွယ် ပိုင်ပိုင်နိုင်နိုင်၊ လိပ်ပြာလုံလုံပင် နေထိုင်ခဲ့လေသည်။

ဦးကျော်မြတ်မိသားစုသည် စိန်ပန်းရပ်ထဲ၌ ထည်ထည်ဝါဝါ ပြည့်ပြည့်စုံစုံ နေထိုင်နိုင်သော မိသားစုဖြစ်သည်။ ကျယ်ဝန်းသော တိုက်အိမ်ကြီးမှာ ခေတ်မဆန်လှသော်လည်း စီးပွားရေးအတွက် အဆင်ပြေနေ၏။ အိမ်ရှေ့ခန်း အောက်ထပ်တစ်ခုလုံးကို ကုန်ပစ္စည်းမျိုးစုံဖြင့် ကုန်စုံဆိုင်ဖွင့်ထားသည်။ စားသောက်ဖွယ်ကုန်ခြောက် ဆန်ဆီမှအစ အလှကုန်ပစ္စည်း၊ မုန့်ပဲသားရေစာပါမကျန် သူတို့ဆိုင်တွင်ရနိုင်သည်။ ခြံထဲမှာလည်းရေရောင်းသည်။ တယ်လီဖုန်းနှစ်လုံးရှိပြီး အခပေး၍ ဖုန်းဆက်နိုင်သည်။ ဒေါ်နုနုကြည်က ရပ်ကွက်ထဲမှ ရင်းနှီးသူများကို ငွေတိုးချေးသည်။ တိုးတိုးတိတ်တိတ် အပေါင်ခံသည်။

မြရည်နန္ဒာသည် ဤအသိုင်းအဝိုင်းထဲ၌ သာမန်မိန်းကလေးတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့လေသည်။

ထူးထူးချွန်ချွန်ကြီး မဟုတ်သော်လည်း ကျောင်းပညာရေးတွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သည်။

မြရည်နန္ဒာ အသက်၁၅နှစ်အရွယ် ကိုးတန်းအရောက်တွင် စုမြတ်စန္ဒာဘွဲ့ရခဲ့သည်။ ဘွဲ့ရပြီးများမကြာမီ စုမြတ်စန္ဒာသည် သူမ၏ချစ်သူ ကိုနိုင်ဦးနှင့် လက်ထပ်လိုက်သည်။ စုမြတ်စန္ဒာတို့လင်မယား မိဘအိမ်မှာပင် ဆက်နေခဲ့၏။ မိဘစီးပွားရေးလုပ်ငန်းမှာပင် ကူညီခဲ့သည်။

၁၉၉၉ ခုနှစ်တွင် မြရည်နန္ဒာ ဆယ်တန်းအောင်မြင်ခဲ့လေသည်။ နှစ်ချင်းပေါက် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မွေးစားသမီးဖြစ်သော်လည်း လိမ္မာရေးခြားရှိသည့်အတွက် မိဘများရော အစ်မဖြစ်သူကပါ မြရည်နန္ဒာကို အချစ်ပိုကြသည်။ ကျေနပ်ကြသည်။ ဆိုရလျှင် မြရည်နန္ဒာတစ်ယောက် စိုင်ကော်၍ ချုံပေါ်ရောက်ခဲ့ခြင်းဖြစ်သည်။ ဤမိသားစုနှင့်သာ မတွေ့ဆုံပါက သူမဘဝသည်မှုမလှပနိုင်၊ လွန်ခဲ့သောရှစ်နှစ်က အညာလမ်းဘေး ဖုန်တထူထူ နေပူပူအောက်တွင် အသီးကျုန်ပိုကျွေးနေသော လူမမယ်ကလေးမလေး အတွက် ဤမိသားစုနှင့်တွေ့ဆုံလိုက်ခြင်းသည် သိကြားမခြင်းပင် ဖြစ်တော့သည်။

သို့သော် ကံကြမ္မာက မြရည်နန္ဒာ၏ ချမ်းသာပြည့်စုံသည့်ဘဝတွင် နေထိုင်ရန် ၈ နှစ်မျှသာ ခွင့်ပြုခဲ့လေသည်။

ဆယ်တန်းအောင်စာရင်းများ ထွက်ပြီးပြီ။ မြရည်နန္ဒာအောင်သည်။ တက္ကသိုလ်ဆက်တက်ဖို့ အမှတ်စာရင်းများကို စောင့်မျှော်နေခဲ့သည်။ ထိုအချိန်တွင် သူငယ်ချင်းများက ချောင်းသာသို့သွားလည်ရန် မြရည်နန္ဒာကို အဖော်ဆွယ်ခဲ့ရာ မြရည်နန္ဒာကလည်း မိဘများကို ပူဆာခဲ့လေသည်။

မြရည်နန္ဒာ ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးသေးတာကို မိဘများက သိသည်။ သူတို့လည်း အလုပ်များလွန်း၍ ဝေးဝေးလံလံကို





လိုက်မပို့နိုင်၊ ယခု ရန်ကုန်မှာ ဘုရားဖူးမည်။ ချောင်းသာအထိ သွားလည်မည်။ အပြန်မှာ ကျိုက်ထီးရိုးဘုရား ဝင်ဖူးမည်ဆိုသည့်ခရီးစဉ် ကိုသမီးလေးပူဆာသည့်အတွက် ထည့်လွှတ်လိုက်လေသည်။ သွားမည့်သူများကလည်း စိန့်ပန်းရပ်ထဲမှ သူငယ်ချင်းများ။ အုပ်ထိန်းသူအဖြစ် လိုက်ပါမည့် မိခင်နှင့်အဒေါ်များမှာလည်း သိကျွမ်းရင်းနှီးပြီး ဖြစ်နေ၍ စိတ်ချလက်ချထည့် လွှတ်လိုက်ခြင်းဖြစ်သည်။

ထိုခရီးစဉ်ကား မြရည်နန္ဒာအဖို့ အိမ်မှ အပြီးအပိုင် ထွက်ခွာသွားသောခရီးတစ်ခု ဖြစ်နေတော့သည်။

ချောင်းသာမှအပြန်တွင် မြရည်နန္ဒာတို့စီးလာသော အဝေးပြေးကားသည် လမ်းခရီးတစ်နေရာ တိမ်းမှောက်ခဲ့ရာ အတူသွားသော အုပ်စုထဲမှ သုံးယောက်မှာ ပွဲချင်းပြီးသေဆုံးခဲ့လေ၏။ သေဆုံးသူသုံးဦးထဲတွင် မြရည်နန္ဒာလည်း ပါခဲ့လေသည်။

ကားတိုက်မှုဖြစ်သောနေ့မှာ ၁၉၉၉ ခုနှစ်၏ သီတင်းကျွတ်လပြည့်နေ့ဖြစ်လေသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## သူပြန်လာပြီ

ထိတ်လန့်ချောက်ချားဖွယ် အိပ်မက်ဆိုးကြီးမက်အပြီး မှားမကြာမီမှာ မေမေခင်၌ ကိုယ်ဝန်ရှိနေတာကို သိခဲ့ရသည်။

၂၀၀၀ ပြည့်နှစ် ဩဂုတ်လထဲမှာ သမီးလေးကိုမွေးဖွားခဲ့သည်။

သမီးလေးကို သူကိုယ်ဝန်မရမီ မက်ခဲ့သောအိပ်မက်နှင့် ဆက်စပ်မှုရှိလိမ့်မည်ဟု မေမေခင်ကမထင်။ အိပ်မက်ဆိုးကြီးကို မေ့တောင်မေ့သွားပါပြီ။

သမီးနာမည်ကို လေပြေလွင်–ဟု ဖခင်ဖြစ်သူ ဦးကိုကိုလွင်က မှည့်ခေါ်ခဲ့သည်။

လေပြေလွင် အသက်သုံးနှစ်အရွယ်တွင် ထူးခြားသောစကားတစ်ခွန်းကို ပြောခဲ့လေသည်။

"သမီးက မလှိုင်ကလာတာ၊ သမီးတို့အိမ် မလှိုင်မြို့မှာရှိတယ်" ဟူ၏။

မေမေခင်အံ့ဩခဲ့ရသည်။ မေမေခင်ရော ကိုကိုလွင်ပါ မလှိုင်မြို့ဆိုသည်ကို တစ်ခေါက်မှမရောက်ဖူးပါ။ လေပြေလွင်က ထိုစကားကို သုံးလေးကြိမ် ထပ်ပြောသည့်အခါ မေမေခင်သည် ခင်ပွန်းဖြစ်သူ





ကိုကိုလွင့်ကို ပြန်ပြောပြလိုက်သည်။ ကိုကိုလွင်က ရယ်မောရုံသာ နေခဲ့သည်။ ယုံကြည်ပုံမရပါ။

တဖြည်းဖြည်းဖြင့် သမီးသည် ပို၍အသေးစိတ်သော အကြောင်းများကို တစတစ ပြန်ပြောလာခဲ့လေသည်။

"သမီးအရင်နာမည်က မြရီလို့ခေါ်တယ်မေမေ၊ သမီးအဖေနဲ့ အမေက ဦးတင်ဝင်းနဲ့ ဒေါ်ထွေးရင်တဲ့၊ သမီးတို့က မလှိုင်မြို့မှာနေတာ၊ သမီး မလှိုင်ကို သွားချင်တယ်၊ အိမ်ပြန်ချင်တယ်"

နာမည်နှင့်တကွ တိကျသောစကားများကို ပြောလာသည့်အခါ မေမေခင် တုန်လှုပ်ခဲ့ရလေသည်။ မိခင်ဖြစ်သူကို ထိုအကြောင်းများ ပြောပြလိုက်သည်။

"ငါ့မြေးက လူဝင်စားထင်ပါရဲ့၊ အရင်ဘပက မိဘတွေနာမည် ပြောပြနိုင်တာတော့ အံ့ဩစရာပဲပေါ့၊ ဒါပေမဲ့ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့သမီးရယ်၊ နောင် ကလေးဒါမျိုးပြောရင် စကားလွှဲပစ်လိုက် သမီး၊ စိတ်မဝင်စားသလို လုပ်နေလိုက်၊ ကြာရင်သူ့အလိုလို မေ့သွားမှာပါ"

ဒါက မေမေခင့်မိခင်၏ အထင်အမြင်သာ ဖြစ်လေသည်။

လေပြေလွင်ကမူ မလှိုင်နှင့် ပတ်သက်သော၊ ယခင်ဘဝ မိသားစုနှင့်ဆက်နွယ်သော စကားများကို ယခင်ကထက်ပို၍ပင် ခပ်စိတ်စိတ်ပြောလာခဲ့လေ၏။

"သမီးအဖေနဲ့အမေကလေ. . . ဘုရားပွဲတွေမှာ လိုက်ပြီးဈေးရောင်းတာ၊ သိလား၊ ကျောင်းပိတ်ရင် သမီးလည်း ဘုရားပွဲတွေလိုက်သွားရတယ်၊ ကျောင်းဖွင့်ရက်ဆိုရင် ဘဘကြီးတို့နဲ့နေခဲ့ရတယ်"

ကလေးငယ်ပြောပြသမျှထဲတွင် အညာမှ ဆယ့်နှစ်ပွဲဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



များ၏ လေ့စရိုက်များ အသေးစိတ်ပါနေသည်။ ဒါတွေကို အသက် ၄-၅ နှစ် အရွယ်ကလေးတစ်ယောက်က ဘယ်လိုသိသနည်း။

ထိုမျှထိ အသေးစိတ် ပြောပြတတ်ရုံမက၊ မလှိုင်ကို လိုက်ပို့ပါဟု မကြာခဏ ပူဆာလာတော့ ကိုကိုလွင် စိတ်တစ်မျိုး ပြောင်းသွားသည်။ ဒါလောက်တိတိကျကျပြောနေတာ ဟုတ်များနေမလားလို့ စုံစမ်းချင်စိတ် ပေါက်လာသည်။ လေပြေလွင်က မလှိုင်မှာနေခဲ့သည်ဟု ပြောသော်လည်း နေရပ်လိပ်စာ အတိအကျကို အိမ်အမှတ်၊ လမ်းနာမည်များနှင့်တကွ ပြောပြ နိုင်ခြင်းမဟုတ်။ သည်တော့ လေပြေလွင်ပြောသည့်မိသားစုများ တကယ် ရှိ-မရှိ အဝေးကနေ စုံစမ်းဖို့တော့မလွယ်။

ကိုကိုလွင် ဆုံးဖြတ်ချက် ချလိုက်သည်။ သမီးပြောနေတဲ့ နေရာကို လိုက်ပို့လိုက်မည်။ တွေ့ရင်လည်း သမီးလေး စိတ်ဆန္ဒပြည့်ဝသွားတာပေါ့၊ မတွေ့တော့လည်း သမီးရဲ့ အစွဲအလမ်းကို ချေဖျက်ပစ်လို့ရမည် မဟုတ်ပါလား။

➤ ➤ ➤

# ဘဝဟောင်းသို့နောက်ကြောင်းပြန်

သည်လိုနှင့် လေပြေလွင် အသက်ခုနစ်နှစ်အရွယ်၊ ၂၀၀၇ ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်မှာ ကိုကိုလွင်၊ မေမေခင်နှင့် လေပြေလွင်တို့ မလှိုင်ကို ထွက်ခဲ့ကြလေ၏။

မလှိုင်သွားရမည်ဆိုသည်နှင့် သမီးလေးသိပ်ပျော်နေရှာသည်။

သူပြောတဲ့အတိုင်း အရင်ဘဝက မိဘတွေနဲ့တွေ့ပြီး ဟိုဘက်ကို အလေးသာ သွားမေမလားတွေးကာ မေမေခင်ကတော့ စိတ်တထင့်ထင့် ဖြစ်မိ၏။

ကိုကိုလွင်နှင့်မေမေခင်တို့သည် မလှိုင်ကိုသွားရင်း ရွှေပေါ်ကျွန်း အထိရောက်အောင်သွားကာ. . . မန္တလေး၊ စစ်ကိုင်းဘက်ကနေ ဘုရားဖူး ပြီးပြန်မည်ဟု အစီအစဉ်ဆွဲကြ၏။

မလှိုင်ကိုရောက်လို့ တည်းခိုခန်းမှာဝင်နားပြီးသည်နှင့် လေပြေ လွင်က သူယခင်ဘဝက နေခဲ့သောအိမ်ကို သွားပါတော့မည်ဟု ပူဆာ တော့သည်။ အိမ်မှာ တည်းခိုခန်းနှင့်နီးသည်၊ ခြေကျင်လျှောက်သွားလို့ ရသည်ဟု ပြော၏။

ကိုကိုလွင်နှင့် မေမေခင်တို့လည်း သမီးလမ်းညွှန်တဲ့အတိုင်း ခြေကျင်လျှောက် လိုက်ခဲ့ကြ၏။ လူနေစိတ်သော ရပ်ကွက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် လေပြေလွင်က အိမ်တစ်အိမ်ထဲသို့ရှေ့မှ ပြေးဝင်သွားလေသည်။

"အဖေ၊ အမေ၊ သမီးပြန်လာပြီ၊ မြရိပြန်လာပြီ"

အိမ်ထဲမှ လူကြီးတစ်ဦးထွက်လာကာ လေပြေလွင့်ကို တအံ့တသြကြည့်၏။ လေပြေလွင်က ထိုလူကြီးကို "ဘကြီး" ဟု ခေါ်လိုက်သည်။

"ဟဲ့ နင်ဘယ်သူတုန်း"

လူကြီးက ပြန်မေးလိုက်ချိန်တွင် မေမေခင်တို့လည်း အနားသို့ရောက်နေကြပြီ။

"ဘကြီး၊ သမီးမြရိလေ၊ အဖေနဲ့အမေကော၊ ဈေးရောင်းထွက်ကြသလား"

"ဟဲ့ ဟဲ့. . . ဟ– အမလေး၊ မကြည်စိန်တို့၊ လာကြပါဦးဟ၊ ဒီကလေးက. . . ဒီကလေးက. . ."

အိမ်ထဲသို့ လှမ်းအော်လိုက်ရာ အိမ်ထဲမှ ဇနီးဖြစ်ဟန်တူသူ မိန်းမကြီး တစ်ယောက်နှင့် ဆယ်ကျော်သက်အရွယ်ကလေး နှစ်ယောက်ထွက်လာသည်။

"ဘာတုန်းကိုခင်ဝင်း"

ကိုကိုလွင်ကပင် သမီးကိုယ်စား ဝင်ရှင်းပြလိုက်သည်။

"ဒီလိုပါခင်ဗျာ၊ ဒါ ကျွန်တော့်သမီးလေးပါ၊ ကျွန်တော်တို့ ရန်ကုန်ကလာတာပါ၊ သမီးက မွေးကတည်းက သူဟာ ဒီမြို့က မြရိဆိုတဲ့ကလေးဖြစ်ကြောင်း ပြောခဲ့တာပါ"

ကိုကိုလွင် ဇာတ်စုံရှင်းပြသည်များကို နားထောင်အပြီးတွင် ဦးခင်ဝင်းက အိမ်ထဲဝင်ထိုင်ဖို့ ဖိတ်ခေါ်သည်။





"ဇာတ်ကတော့ ရှုပ်ကုန်ပြီဗျို့"

ဦးခင်ဝင်းက ပြောလိုက်သည်။

"ဗျာ"

"ရှင်"

"ကျွန်တော်. . . ကျွန်တော်ပြောခဲ့တာတွေ မဟုတ်လို့လားဗျာ"

"ဟုတ်ပါတယ် ဦးကိုကိုလွင်၊ ကျုပ်မှာ ညီတစ်ယောက်ရှိခဲ့တယ်၊ တင်ဝင်းတဲ့ တင်ဝင်းဟာ မြရိအဖေပေါ့၊ သူတို့လင်မယား ဆယ်နှစ်ပွဲဈေးသည်တွေဆိုတာလည်း အမှန်ပဲ၊ မြရိကလည်း ဒီက ကလေးနဲ့ရုပ်ချင်းမှချွတ်စွတ်ပဲ"

"ဟုတ်ပါရဲ့ ကိုခင်ဝင်းရယ်၊ ကလေးက မြရိနဲ့တူလိုက်တာ"

ဦးခင်ဝင်းမိန်းမကပါ ဝင်ပြော၏။

"ဒါဆို ဘာများရှုပ်သွားလဲဗျာ"

"ဒီလိုပါ. . . မြရိက အသက်အရွယ်တော်တော်ရမှ ဆုံးတာ၊ ဆယ်တန်းတောင်အောင်ပြီးလို့ အပျိုလေးဖြစ်နေမှ ဆုံးတာလေ၊ သူ့အဖေတင်ဝင်းနဲ့ အမေထွေးရင်တို့က သူငယ်ငယ်ကတည်းက ဆုံးသွားတာပါ၊ သူ့ရှေ့တွင်ပဲ မားပြအသတ်ခံရလို့ သေကြရတာဗျ"

"ဟင်. . ."

"အခု ကလေးက သူ့မိဘတွေမေးနေလို့ အံ့သြနေတာပါ။ သူ့မိဘတွေက သူ့ထက် အရင်ဆုံးတာလေ၊ သူသိရမှာပေါ့"

'ကိုခင်ဝင်း၊ မြရိလေးကို မန္တလေးက လူတွေမွေးစားဖို့ လာခေါ်တော့ သူ့အတိတ်မေ့နေတယ်လေ"

ဒေါ်ကြည်စိန်က သတိပေးလိုက်သည်။

"အေးလေ. . . တကယ်တော့ သူမန္တလေးရောက်ပြီးမှ ဆုံးတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ မန္တလေးလိုက်သွားရမှာ၊ ဟဲ့–ကလေး...မြရီ နင့်
မန္တလေးကလူတွေ မွေးစားလိုက်တာရော၊ မှတ်မိလား။ မန္တလေးမှာ နင့်
မွေးစားမိဘတွေ ရှိတယ်လေ”

ထိုအဖြစ်ကိုတော့ လေပြေလွင်လေး မှတ်မိပုံမရပေ။ ကြောင်
ငေးနေသည်။

“အဖြစ်က ဒီလိုဗျ။ ရေလည်အောင် ပြောပြမှဖြစ်တော့မယ်”

ဦးခင်ဝင်းက ကိုတင်ဝင်းတို့မိသားစု ဓားပြအသတ်ခံရပုံကို
ပြောပြသည်။ မြရီလေးစိတ် ကယောက်ကယက်ဖြစ်၍ လမ်းတွင်ငိုကြွေး
နေစဉ် ဦးကျော်မြတ်တို့မိသားစု တွေ့ရှိခေါ်ယူသွားပုံ၊ နောက်ပိုင်း တရားဝင်
မွေးစားလိုက်ပုံများကို ပြောပြသည်။

“ဘဘကြီးပြောပြတာတွေ သမီးမှတ်မိလား သမီး”

မေမေခင်က မေးလိုက်သည်။

“ဟင့်အင်း သမီးမသိဘူး၊ သမီး ဒီမှာအဘကြီးတို့နဲ့ နေခဲ့တာပဲ
သိတယ်”

“မြရီကို မန္တလေးက လူတွေမွေးစားလိုက်တော့ အသက်
၇နှစ် အရွယ်လေ၊ ဟောဒီက ကျုပ်ကလေးအငယ် နှစ်ယောက်တောင်
မမွေးသေးဘူး၊ သူ တို့နှစ်ယောက်က မြရီဒီအိမ်က ထွက်သွားမှမွေးတာ”

“မြရီကို မန္တလေးက ဦးကျော်မြတ်တို့ကမွေးစားချိန်မှာ မြရီ
အတိတ်မေ့နေတာကို ကျွန်မသေချာမှတ်မိတယ်၊ အခုဖြစ်ပုံက အရင်
ဘဝက ရှေ့ပိုင်းကိုပဲ သူက မှတ်မိပြီး မန္တလေးရောက်တဲ့အဖြစ်တွေကိုတော့
မမှတ်မိတော့ဘူး ဖြစ်နေတာပေါ့၊ သူ့ကို မြရီဝင်စားတယ်ဆိုတာတော့
ကျွန်မတို့ယုံပါတယ်၊ အရင်ဘဝက မြရီနဲ့ တစ်ပုံစံထဲပဲဟာကို”

“ဒီလိုလုပ်မယ်၊ ကျုပ်မန္တလေးကို ဖုန်းဆက်လိုက်ဦးမယ်၊ ကျုပ်





ဆီမှာ သူတို့ဖုန်းနံပါတ်ရှိတယ်၊ ခင်ဗျားတို့ မန္တလေးလိုက်သွားတာ
ကောင်းမယ် ခဏနေဦး၊ ကျုပ်ဖုန်းသွားဆက် လိုက်ဦးမယ်”

ကိုကိုလွင်နှင့် မေမေခင်တို့ကတော့ စိတ်ပျက်အားလျော့သွား
မိသည်၊ သမီးအဖြစ်က တစ်နေရာတည်း မပြတ်ဘဲ ရှုပ်ထွေးနေသည့်
အတွက် မန္တလေးကို ဆက်လိုက်သွားချင်စိတ်လည်း မရှိတော့ပေ။

ဦးခင်ဝင်း ဖုန်းသွားဆက်ချိန်၌ ဦးခင်ဝင်း၏ သမီးအကြီးနှစ်
ယောက် ပြန်ရောက်လာသည်။ သူတို့အမေက ပြောပြလိုက်တော့
လေပြေလွင်လေးကို ဖက်ကာ ငိုကြသည်။ လေပြေလွင်ကလည်း ထို
မိန်းကလေးနှစ်ယောက်ကို နာမည်နှင့်တကွ မှတ်မိနေ၏။

“အဲဒါ အကြီးမက အရင်ဘဝက မြရီနဲ့ရွယ်တူ၊ အငယ်မက
မြရီထက် တစ်နှစ် နှစ်နှစ်လောက် ငယ်တယ်လေ”

ဒေါ်ကြည်စိန်က ရှင်းပြနေ၏။

“မြရီက အရင်တုန်းက အတိုင်းပဲဟယ်”

မိန်းကလေးများကလည်း လေပြေလွင်ကိုကြည့်၍ တအံ့တသြ
ဖြစ်နေကြသည်။

ထိုစဉ် ဦးခင်ဝင်း ပြန်ရောက်လာ၏။

“အဆင်ပြေတယ်ဗျို့၊ သူတို့ကလည်း ကလေးကိုသိပ်တွေ့ချင်
နေကြတယ်၊ ခင်ဗျားတို့ မန္တလေးလာခဲ့ပါတဲ့၊ သွားလိုက်ပါ။ ကျုပ်လိပ်စာ
ပေးလိုက်မယ်”

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## လိပ်ပြာမွေ့လီ

ဦးခင်ဝင်းပေးလိုက်သည့် လိပ်စာအတိုင်း သွားသင့်မသွားသင့် ချိန်ဆရလေသည်။

ကိုကိုလွင်နှင့် မေမေခင်ကတော့ သမီး၏လူဝင်စားဖြစ်စဉ်မှာ ရှင်းသွားပြီ၊ သမီးပြောသောမလှိုင်ကို ရောက်ပြီးလို့ မလှိုင်က အမျိုးတွေကိုပြောပြတော့လည်း လက်ခံကြသည်။ ဒါဆို ကျေနပ်လောက်ပြီဟုယူဆ၏။

မန္တလေးက မွေးစားမိဘများဆီ လိုက်သွားဖို့ကျတော့ ဦးကျော်မြတ်တို့မှာ ချမ်းသာကြွယ်ဝကြသူများမို့ လိုချင်လို့လာတယ်အထင်ခံရမည်ကို စိုးရိမ်ရသေးသည်။ ပြီးတော့ ဦးခင်ဝင်းကသာ 'လိုက်သွားပါလို့ တိုက်တွန်းလိုက်သည်။ ဟိုဘက်က လိုလိုလားလားရော ရှိရဲ့လားဆိုတာ တွေးရသေးသည်။

သမီးကိုမေးကြည့်တော့လည်း လေပြေလွင်သည် မန္တလေးမှမွေးစားမိဘများကို လုံးဝမမှတ်မိ။ သွားချင်တယ်လို့လည်း မပြောပေ။

သည်လိုနှင့် ရွှေပေါ်ကျွန်းကို ဘုရားဝင်ဖူးကြကာ. . . နဂို





အစီအစဉ်အတိုင်း မန္တလေးဘက်ကို လှည့်ခဲ့ကြလေ၏။

စိန်ပန်းရပ်ထဲက ဦးကျော်မြတ်တို့အိမ်ကို ဝင်ဖို့, မဝင်ဖို့ကတော့ မဆုံးဖြတ်ရသေး။

မန္တလေးရောက်တော့ လမ်း ၈၀ ဟိုတယ်တစ်ခုမှာ တည်းကြသည်။

မေမေခင်က စိန်ပန်းကို ကိုယ်တိုင်မသွားဘဲ ဦးကျော်မြတ်တို့ သဘောကို သိရရန် ဖုန်းဆက်ကြည့်ဖို့ အကြံပေးသည်။

သို့ဖြင့် နောက်တစ်နေ့ကျမှပင် ဟိုတယ်မှ ဖုန်းဖြင့် ဦးကျော်မြတ်တို့ကို ဆက်သွယ်ကြည့်လိုက်၏။

ကိုကိုလွင်တို့ အထင်အမြင်မှား နေပေသည်။ ဦးကျော်မြတ်တို့က ကိုကိုလွင်တို့အလာကို မျှော်နေကြသည်ဟုဆိုသည်။ မန္တလေးတွင် သူတို့ဆီတန်းလာပြီး သူတို့အိမ်မှာ မတည်းရကောင်းလားဟု အပြစ်တင်နေသေးသည်။ သူတို့မိသားစုက လေပြေလွင်ကိုတွေ့ချင်လှ၍ စောင့်မျှော်နေသည်ဟုဆို၏။

ကိုကိုလွင်နှင့် ဖုန်းပြောရင်းမှ တည်းခိုသည့်ဟိုတယ်ကိုမေးကာ သူတို့လင်မယား အခုချက်ချင်းလာခေါ်မည်ဟု ဦးကျော်မြတ်က ပြောသည်။

စိန်ပန်းနှင့် လမ်း ၈၀ ဟိုတယ်မှာ မဝေးလှသည်မို့ မိနစ်ပိုင်းအတွင်းမှာပင် ဦးကျော်မြတ်နှင့် ဒေါ်နုနုကြည်တို့ ရောက်လာကြလေ၏။

ဧည့်သည်ရောက်နေပြီ အကြောင်းကြား၍ မေမေခင်တို့မိသားစု ဟိုတယ်ဧည့်ခန်းထဲ ထွက်အလာတွင်. . . ဧည့်ခန်းထဲတွင်ထိုင်နေနှင့်သော အဘိုးကြီး အဘွားကြီးစုံတွဲက လေပြေလွင်လေးဆီ ပြေးလာကာ ကြိုဆိုကြလေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . နန္ဒာ၊ အမလေး. . . ငယ်ငယ်က ရုပ်အတိုင်းပါလား ကွယ်။ ကိုကျော်မြတ် ကြည့်ပါဦး။ ကျွန်မတို့မွေးစားဖို့ ခေါ်လာတုန်းက ရုပ်ရည်အတိုင်းပဲနော်"

"ဟုတ်ပါရဲ့ကွယ်၊ သမီး. . . နန္ဒာ၊ ဖေဖေတို့ကို မှတ်မိရဲ့လား"

လေပြေလွင်က ခေါင်းခါပြသည်။ စိမ်းစိမ်းကားကားပင် ဖြစ်နေ၏။

မည်သို့ဆိုစေ. . . မိတ်မဆက်ရပါသေးဘဲ လေပြေလွင်ကိုမြင်ရုံနှင့် သူတို့သမီး ဝင်စားတဲ့ကလေးဆိုတာ ချက်ချင်းသိ၊ ချက်ချင်း လက်ခံလိုက်ကြ၍ မေမေခင်တို့ စိတ်သက်သာရာ ရသွားကြသည်။

မေမေခင်က မလှိုင်တွင် ကြုံရခဲ့ရသော အဖြစ်အရ လေပြေလွင်သည် မန္တလေးမှ အသက်ကြီးပိုင်းအဖြစ်များကို မမှတ်မိကြောင်း၊ သူ့မိဘအရင်းများ ကွယ်လွန်ရုံကိုပင် မလှိုင်ရောက်မှ သိရကြောင်းများကို ပြောပြလိုက်သည်။

"စိန်ပန်းက အစ်မကြီးတို့အိမ်ကိုရောက်ရင်တော့ သူမှတ်မိလာမှာပါ၊ ညီမတို့ အစ်မကြီးတို့ အိမ်ကိုသာ လိုက်ခဲ့ကြပါ"

"ဟုတ်တယ်၊ ဟိုရောက်တော့ ဓာတ်ပုံတွေ မြန်ပြလိုက်ရင် သမီးမှတ်မိလာမှာပါ၊ သမီးမှာ စန္ဒာဆိုတဲ့ အစ်မတစ်ယောက် ရှိသေးတယ်လေ၊ စန္ဒာစစ်ကိုင်းရောက်နေလို့ ဖုန်းဆက်ခေါ်ထားတယ်၊ အိမ်ရောက်ရင် သူ့အကုန် မှတ်မိသွားမှာပါ"

➤ ➤ ➤

▢

စိန်ပန်းအိမ်ကို ရောက်ခဲ့ကြပါပြီ။

"ကဲ-သမီး၊ ဒီအိမ်ရောက်တော့ရော၊ ဖေဖေတို့နဲ့နေခဲ့တာတွေ မှတ်မိသွားပြီလား"

ကားပေါ်က ဆင်းဆင်းချင်း ဦးကျော်မြတ်က မေးလိုက်သည်။

လေပြေလွင်က ခေါင်းကိုသာခါပြ၏။

"ကဲ-အိမ်ထဲကိုဝင်ကြပါဦး"

ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် မိသားစုဓာတ်ပုံကြီးက ဆီးကြို လိုက်လေသည်။ ဓာတ်ပုံကိုမြင်လိုက်သည်နှင့် မေမေခင်မျက်လုံးပြူးသွားသည်။

"အို. . . သူ. . . သူ. . . "

မေမေခင်က ဓာတ်ပုံကို လက်ညှိုးထိုးပြကာ တအံ့တသြရေရွတ် လိုက်၏။ ဓာတ်ပုံက ဦးကျော်မြတ်၊ ဒေါ်နုနုကြည်တို့နှင့်အတူ မိန်းကလေး နှစ်ယောက်ရိုက်ထားသည့်ပုံကြီး ဖြစ်ပါ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေခင်"

"မေခင့်အိပ်မက်ထဲက မိန်းကလေး၊ အိပ်မက်ထဲက မိန်းကလေး ဟာ သူပဲကို"

မေမေခင်က ဓာတ်ပုံထဲမှ အငယ်မိန်းကလေးကိုညွှန်ပြ၍ ပြောလိုက်သည်။

"ဒီပုံက အမကြီးတို့နဲ့သမီးနှစ်ယောက်နဲ့ ရိုက်ထားတဲ့ပုံပါ မေမေခင်၊ မေမေခင်ပြောတဲ့ အငယ်မိန်းကလေးက ဆုံးသွားတဲ့ သမီး မြရည်နန္ဒာလေ၊ အခု ဒီကလေးဝင်စားတယ်ဆိုတဲ့ မြရည်နန္ဒာပုံလေ"

"ကျွန်မ. . ကျွန်မ. . သူ့ကို အိပ်မက်ထဲမှာ တွေ့ခဲ့ဖူးပါတယ်"

မေမေခင်က သူမမက်ခဲ့သောအိပ်မက်ကို ပြောပြလိုက်သည်။

မှောက်နေသောကားပြတင်းပေါက်မှ ပြူထွက်နေသော မိန်း ကလေးတစ်ဦး၏ ဦးခေါင်း၊ သူမကိုကယ်တင်ဖို့ အကူအညီတောင်းပုံ၊ ဦးခေါင်းကြီး ပြတ်ကျကာ မေမေခင့်ရင်ခွင်ထဲကျလာပုံ. . .

"ကျွန်မအိပ်မက်ထဲက မိန်းကလေးဟာ သူမှသူပါပဲ"

'ဘုရား. . . ဘုရား. . . သမီးလေးဟာ မြရည်နန္ဒာဆိုတာ ပိုပြီး သေချာသွားပြီပေါ့ကွယ်၊ မြရည်နန္ဒာဟာ ချောင်းသာကိုသွားရင်း အပြန်မှာ ကားမှောက်ခဲ့တာကွဲ့၊ ဒိုက်ဦးနားမှာ ကားမှောက်တော့ ပွဲချင်းပြီး ကွယ်လွန်ခဲ့ရတယ်၊ သီတင်းကျွတ်လပြည့်နေ့ကြီးပေါ့"

"ကျွန်မမက် ဘဲ့အိပ်မက်ကလည်း သီတင်းကျွတ်လပြည့်နေ့ပါပဲ အစ်မကြီး၊ သမီးကို ကိုယ်ဝန်မဆောင်ခင်လေးမှာ မက်တာပါ၊ ၉၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ပါ"

"ဟုတ်တာပေါ့၊ မြရည်နန္ဒာဆုံးတဲ့ရက်နဲ့ တစ်ရက်တည်းပဲ"

စိတ်ကူးသစ်စာပေ



မေမေခင်၏ စိတ်စေတသိက်သည် အိပ်မက်မက်ရင်းမှ ကား မှောက်သည့်နေရာကိုရောက်ရှိသွားကာ. . . ကွယ်လွန်ခါစ မြရည်နန္ဒာ၏ ဝိညာဉ်နှင့် တွေ့ဆုံခဲ့ခြင်းပင် ဖြစ်ပေတော့၏။

မေမေခင်တို့ ဓာတ်ပုံရှင်းနေချိန်မှာပင် စစ်ကိုင်းမှ စုမြတ်စန္ဒာပြန် ရောက်လာသည်။ စုမြတ်စန္ဒာနှင့်အတူ ခင်ပွန်းသည် ကိုနိုင်ဦးလည်း ပါလာ၏။

စုမြတ်စန္ဒာက လေပြေလွင်ကိုတွေ့သည်နှင့် 'ညီမလေးနန္ဒာ' ဆိုကာဖက်ငိုသည်။ ဦးကျော်မြတ်တို့ကဖုန်းဆက်ပြောထား၍ နန္ဒာဝင် စားတဲ့ကလေး ရောက်လာမည်ဆိုတာကို စန္ဒာက ကြိုသိထားပြီးဖြစ်သည်။ လေပြေလွင်ကို မြင်သည်နှင့် ငယ်စဉ်က မြရည်နန္ဒာနှင့် ရုပ်ချင်း ချွတ်စွပ် တူနေ၍ ချက်ချင်း သိလိုက်ခြင်းဖြစ်သည်။

"ကြည့်ပါဦးမေမေရယ်၊ ညီမလေးရုပ်က အရင်ဘဝကအတိုင်းပဲ နော်၊ ညီမလေးကို သမီးတို့တွေ့တုန်းကလည်း ဒီအရွယ်အတိုင်း ဒီရုပ်အတိုင်းပဲ"

"ဟုတ်တယ်သမီး စန္ဒာ၊ ဒါပေမဲ့ သမီးရဲ့ညီမလေးက မြရီဆိုတဲ့ မလှိုင်မှာ နေခဲ့တဲ့ဘဝကိုပဲ မှတ်မိတော့တယ်ကွယ်၊ မေမေတို့နဲ့နေခဲ့တဲ့ အဖြစ်ကို သူမသိရှာဘူးကွဲ့"

"အို. . . ညီမလေးနန္ဒာ၊ မမစန္ဒာကိုရော မမှတ်မိဘူးလားဟင်"

လေပြေလွင်က ခေါင်းကိုသာခါပြပြန်၏။

စုမြတ်စန္ဒာက ငယ်စဉ်က ရိုက်ထားသော ဓာတ်ပုံများကို ထုတ်ပြ၏။

မြရီကိုမွေးစားခါစ၊ ဒီအိမ်ရောက်ခါစ အသက် ၈ နှစ် ၉နှစ်က ရိုက်ထားသော ပုံများဖြစ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေခင်နှင့် ကိုကိုလွင်က ဓာတ်ပုံများကိုကြည့်ကာ သမီး လေပြေလွင်နှင့် တူလွန်းလှသည့်အတွက် အံ့သြနေကြလေသည်။

လေပြေလွင်ကတော့ မမှတ်မိပါပေ။ လေပြေလွင်၏အသိဝိညာဉ်သည် ယခင်ဘဝနှင့်ပတ်သက်၍ မလိုင်တွင်နေခဲ့ပြီး ဓားပြတိုက်မခံရချင် ကာလ အထိသာ စွဲထင်နေသည်။

မေ့နေသောအတိတ်ကို ဘဝသစ်ကူးမှ ပြန်လည်သတိရခြင်းပါ တကား။

"ကဲပါလေ. . . ဒီသမီးလေးဟာ ဖေဖေတို့ မွေးစားခဲ့တဲ့ မြရည်နန္ဒာလေး ဝင်စားခဲ့တယ်ဆိုတာ ယုံမှားသံသယရှိစရာမလိုပါဘူး။ တစ်ခုပဲ ထူးဆန်းနေတယ်၊ အရင်ဘဝက မြရည်နန္ဒာဟာ သူမိဘတွေ အသတ်ခံရတာမြင်ပြီး ထိတ်လန့်ကြောက်ရွံ့ခဲ့ရလို့ အတိတ်ကိုမေ့နေခဲ့တယ်၊ အဲဒီ မေ့နေတဲ့အတိတ်ကို ဘဝအသစ်ရောက်မှ ပြန်ပြီးသတိရသွားတယ်၊ ဟော-ဘဝသစ်နဲ့ အနီးဆုံးဖြစ်တဲ့ မြရည်နန္ဒာဆိုတဲ့ဘဝကိုတော့ သူမမှတ်မိပြန်ဘူး"

ဦးကျော်မြတ်က ဆက်၍ပြောသည်။

"လူဝင်စားဆိုတာ အသက်ကြီးလာလေ အရင်ဘဝ အကြောင်းတွေကို မေ့သွားလေပဲကွဲ့၊ မြရည်နန္ဒာဆိုတဲ့ဘဝကို သူမှတ်မိဖို့ မလွယ်တော့ဘူး။ ဒီတော့ ကလေးစိတ်ဆင်းရဲအောင် မေးမြန်းမနေကြပါနဲ့တော့ လေ၊ မြရီနဲ့မြရည်နန္ဒာဟာ တကယ်တော့ တစ်ယောက်တည်းပဲမဟုတ် လား၊ ထားလိုက်ပါတော့ကွယ်"

"အစ်မကြီးတို့ကတော့ လေပြေလွင်လေးကို အရင်ဘဝသမီး လေး မြရည်နန္ဒာအနေနဲ့ ချစ်နေတာပါပဲ၊ ခုဘဝမှာလည်း အစ်မကြီးတို့နဲ့ အဆက်မပြတ် ဆက်ဆံစေချင်တယ်ကွယ်"

---

စိတ်ကူးသစ်စာပေ



နောက်ဆုံးတော့. . . လေပြေလွင်ကို မြရီ ခေါ် မြရည်နန္ဒာဝင်စား သူအဖြစ် လက်ခံလိုက်ကြသည်။

မေမေခင်ကတော့ ထူးထွေဆန်းပြားလှပါသော လူတို့၏စိတ် စေတသိက်ကိုလည်းကောင်း၊ ရှုပ်ထွေးပွေလီလှပါသော ဝိညာဉ်လိပ်ပြာ တို့၏ဆန်းကြယ်မှုကိုလည်းကောင်း တွေးတောမိကာ သက်ပြင်းကိုရှိုက် လိုက်မိလေသည်။

အမှတ်မထင် မက်ခဲ့သော အိပ်မက်တစ်ခုမှ ဆင့်ပွားလာသော ပြဿနာ၏ အဖြေကိုရအောင်စဉ်းစားရင်း မေမေခင့်တစ်သက်တာမှာ သက်ပြင်းအခါခါ ချမိနေဦးမည် ဖြစ်ပါတော့သတည်း။

⌑ ဆောင်းလုလင်

www.burmeseclassic.com

www.burmeseclassic.com




# ဥပါဒါန်

သမီးကို ကျွန်မတို့ လက်လွှတ်ဆုံးရှုံးရတော့မည်။ သမီး၏ အခြေအနေမှာ နောက်ဆုံးအခြေအနေသို့ ရောက်ခဲ့ပြီ။

ဆရာဝန်ကြီးကိုယ်တိုင်က မျှော်လင့်ချက်မထားတော့ဖို့ တရားနှင့်ဖြေသိမ့်ဖို့ ကျွန်မတို့မိသားစုကို နှစ်သိမ့်ခဲ့ပြီးပါပြီ။

"တကယ်တော့ မွေးရာပါနှလုံးရောဂါသည်တစ်ယောက်အတွက် လူ့လောကမှာ နေရချိန်ဟာ ၁၈ နှစ်ကနေ အနှစ် ၂၀ အလွန်ဆုံးပါပဲ၊ သမီးအတွက် ခင်ဗျားတို့ တာဝန်ကျေပါတယ်၊ သူ့ဘဝကူးကောင်းအောင်သာ ကြိုးစားကြပါတော့ဗျာ"

သမီးရယ်. . . သမီးသွားတော့မယ်ဆိုတာ အမေကြိုသိထားပေမဲ့ တကယ်ကြုံရတော့ အမေခံစားရပါတယ်သမီး။ သမီးကို အမေ မခွဲချင်ဘူးကွယ်၊ ဒါပေမဲ့ သမီးလေးက အမေတို့ဆီမလာခင်ကတည်းက အသက်

---

www.burmeseclassic.com



နေခွင့်ပြုဖို့ တောင်းဆိုထားတော့ သမီးပြန်ချိန်တန်ပြီပေါ့။ အမေခွင့်ပြုချင်ပေမယ့် ဘာမှမတတ်နိုင်တော့ပါလား သမီးလေး. . .''

ကျွန်မသည် ခုတင်ထက်တွင် ဖြူဖျော့နွမ်းလျှစွာ လဲလျောင်းနေသည့် ဝေဒနာရှင်သမီးကိုကြည့်ရင်း ကြေကွဲစွာ တွေးလိုက်မိသည်။ ရောဂါဝေဒနာ ခံစားနေရသော်လည်း သမီးမျက်နှာလေးကတော့ ဖူးညွှန့်လန်းဖွင့်၍ လှပနေမြဲသာ။ ကျွန်မနှင့် ပထမဆုံးတွေ့ဆုံစဉ်ကအတိုင်း လှပကျော့ရှင်းလျက်ရှိလေသည်။ ကျွန်မနှင့်အတူလာနေပါရစေဟု ခွင့်တောင်းစဉ်ကဖြင့် ကျွန်မသည် သမီး၏အလှအပကို ငေးကြည့်ခဲ့ရသည်။ သမီးဤမျှလှပနေခြင်းမှာ သူလာခဲ့ရာဘဝ၏ အထုံရေစက်မပြယ်သေးလို့ပဲ ဖြစ်လိမ့်မည်။ သမီးပြန်သွားခဲ့ရင်ကော အရင်ဘဝဟောင်းကိုပဲ ပြန်ရောက်သွားလေမလား။ ကျွန်မသိချင်မိသည်။

ကျွန်မသည် ကျွန်မတို့မိသားစုထဲသို့ သမီးရောက်လာပုံကို ပြန်လည်သတိရမိကာ အတွေးထဲ နစ်မျောသွားလေသည်။

➤ ➤ ➤

၇

မောင်နှင့်ကျွန်မ မင်္ဂလာဆောင်ပြီးမကြာမီ ထွက်ခဲ့သော ခရီးမှ စခဲ့သည့် ဇာတ်လမ်းဖြစ်ပါသည်။

တကယ်တော့ ထိုခရီးသည် ကျွန်မတို့ကြင်စဦးဇနီးမောင်နှံ၏ ဘွဲ့ပြမျိုးပြခရီးပင် ဖြစ်ပါ၏။ ကျွန်မသည် ရွှေဘိုသူတစ်ဦးဖြစ်ပါသည်။ မန္တလေးသား မောင်နှင့်အိမ်ထောင်ကျခဲ့ရာတွင် ကျွန်မအသိုင်းအဝိုင်းက မောင့်ကို မမြင်ဖူးသေးချေ။ မန္တလေးမှာပြုလုပ်သည့် ကျွန်မတို့ မင်္ဂလာဆောင်ကိုရောက်လာသော ဆွေရင်းမျိုးရင်းတစ်သိုက်သာ မောင့်ကိုမြင်ဖူးရင်းနှီးဖူးသေးသည်။ သည်လိုနှင့် ပိတ်ရက်လေးရက်ဆက်တိုက်ကြုံရသည့် ဒီဇင်ဘာလထဲတွင် ရွှေဘိုသို့ သွားလည်ဖြစ်ခဲ့လေသည်။

ထိုနှစ်က ဒီဇင်ဘာလထဲတွင် သောကြာနေ့သည် ကရင်နှစ်သစ်ကူးနေ့ဖြစ်ကာ တနင်္လာနေ့သည် ခရစ္စမတ်နေ့ဖြစ်တာကို ကျွန်မသတိရနေသေးသည်။ မောင်ရော ကျွန်မရော ဝန်ထမ်းများဖြစ်လေရာ သောကြာနှင့်တနင်္လာ ရုံးပိတ်ရက်နှစ်ရက် ညှပ်လိုက်သောကြောင့် စနေ၊ တနင်္ဂနွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလျှင် လေးရက်ဆက်တိုက် အားလပ်သည်ကို အကြောင်းပြု၍ ကျွန်မတို့မြို့သို့ ခွေပြမိုးပြသဘော အလည်အပတ် ထွက်ခဲ့ခြင်း ဖြစ်ပါသည်။ သီတင်းကျွတ်လကမှ မင်္ဂလာဆောင်ထားသည်မို့ ကျွန်မတို့ အိမ်ထောင်သက်မှာ ၂ လ သာရှိပါသေးသည်။

ကျွန်မတို့သည် နောက်တစ်နေ့ ရုံးဖွင့်အမီ တနင်္လာနေ့ နေ့ခင်းမှာ ရွှေဘိုမှ ပြန်လာခဲ့ကြသည်။ အပြန်ခရီးစဉ်ကား ထူးခြားမှုရှိပါသည်။

မန္တလေးတွင် ရွှေဆိုင်ဖွင့်ထားသည့် ကျွန်မတို့ရွှေဘိုမှ ကျွန်မ၏ သူငယ်ချင်း ညီအစ်မနှင့်အတူ ပြန်ခဲ့ကြခြင်းဖြစ်သည်။ သွယ်သွယ်နှင့် နွယ်နွယ်တို့ အသိုင်းအဝိုင်းမှာ ချမ်းသာ ကြွယ်ဝကြပြီး ခွေစဉ်မျိုးဆက် ပန်းထိမ်ပညာဖြင့် အသက်မွေးခဲ့ကြခြင်း ဖြစ်သည်။ သွယ်သွယ်နှင့် နွယ်နွယ် အရွယ်ရောက်ချိန်တွင် သူတို့မခင်က စီးပွားရေးလုပ်ငန်းကို ချဲ့ထွင်ကာ မန္တလေး၌ ပန်းထိမ်ဖိုလည်းရောင် ရွှေဆိုင်လည်းဖွင့်ခဲ့ခြင်း ဖြစ်ပါ၏။

ရွှေဘိုမှ ကျွန်မတို့ပြန်မည့်နေ့တွင် သွယ်သွယ်တို့ညီအစ်မလည်း မန္တလေးသို့ ပြန်မည်နှင့် ကြုံသောကြောင့် သူတို့၏ကားကြုံဖြင့် လိုက်ပါခွင့် ရခဲ့ခြင်း ဖြစ်ပါသည်။

သွယ်သွယ်တို့က ရွှေဘိုပြန်ရောက်နေတာ တစ်ပတ်ပင်ရှိပြီဟု သိရသည်။

"မင်းတို့ရွှေဘိုပြန်မယ်ဆိုတာသိရင် အလာကတည်းက တို့ကားနဲ့ တပါတည်း ခေါ်ခဲ့ပါတယ်ဟယ်"

"သွယ်တို့လို လွတ်လွတ်လပ်လပ် သွားချင်းတိုင်း မသွားနိုင်ပါဘူး သွယ်ရယ်၊ တို့က ဝန်ထမ်းတွေဆိုတော့ ရုံးပိတ်ရက်မှ လာနိုင်တာလေ၊ အပြန်ကားကြုံလိုက်ရတာပဲ ကျေးဇူးတင်လှပါပြီဟာ"

ထိုစဉ်က ကျွန်မမှာ မူလတန်းပြ ကျောင်းဆရာမတစ်ဦးဖြစ်ကာ၊





မောင်က ဆည်မြောင်းဌာနမှ စာရင်းစစ်ဖြစ်ပါသည်။ သွယ်သွယ်ကတော့ ကျွန်မနှင့်အတူ တစ်နှစ်တည်းဘွဲ့ရခဲ့သော်လည်း ဝန်ထမ်းဝင်မလုပ်၊ မိဘရွှေဆိုင်ကိုပဲ ကြီးကြပ်နေသည်။

ထိုစဉ်က သွယ်သွယ်အိမ်ထောင်မကျသေး။ ရည်းစားလည်း မရှိသေး။ ရွှေဆိုင်ပိုင်ရှင် သွယ်သွယ့်ကို လိုချင်တပ်မက်သူတွေကတော့ ဝိုင်းဝိုင်းလည်နေပေသည်။

နွယ်နွယ်က မန္တလေးတက္ကသိုလ်မှာ ပထမနှစ်တက်ရောက် နေချိန်ဖြစ်ပါ၏။ နွယ်နွယ်သည် ကျွန်မနှင့်သွယ်သွယ်တို့ထက် လေးနှစ်ငယ် သည်။

သွယ်သွယ်တို့ကားမှာ လင့်ရိုဗာကား ဖြစ်ပါသည်။

တနင်္လာနေ့ နေ့လယ်ခင်းတွင် ကျွန်မတို့ရွှေဘိုမှ ထွက်ခဲ့ကြ၏။

ကားကို သွယ်သွယ်တို့အိမ်မှ ဒရိုင်ဘာ ဦးဘတူက မောင်းပါ သည်။

မောင်က ဦးဘတူနှင့်အတူ ကားရှေ့ခန်း၌စီးကာ ကျွန်မတို့ မိန်းကလေး သုံးယောက်က နောက်ခန်းမှ လိုက်ပါလာကြ၏။ ကျွန်မသည် သူတို့ညီအစ်မအလယ်မှ စီးလာခဲ့သည်။

ရွှေဘိုနှင့်မန္တလေးမှာ ဝေးကွာလှသောခရီးမဟုတ်၊ ကိုယ်ပိုင်ကား နှင့်ဖြစ်၍ အေးအေးလူလူပင် မောင်းလာခဲ့လေသည်။ စစ်ကိုင်းမှာ ကောင်းမှု တော်စေတီကိုဝင်၍ ဖူးမျှော်ခဲ့သေး၏။

စစ်ကိုင်းမြို့မှထွက်၍ စစ်ကိုင်းတံတားကြီးကို ကျော်ဖြတ်ပြီးချိန် တွင် ညနေစောင်းသွားပေပြီ။

တောင်သမန်အင်းကိုလည်း ကျွန်မတို့ ဝင်ခဲ့သေး၏။ တောင် သမန်မှာတော့ ညနေစောင်းနေပြီဖြစ်၍ တံတားပေါ်ပင် တက်မလျှောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ မယ်ဇယ်ပင်တန်းအောက်မှ အကြော်ဆိုင်တွင် အကြော်စားပြီး ပြန်ထွက်ခဲ့ကြလေ၏။

ဆောင်းရာသီဖြစ်သောကြောင့် နေ့တာတိုကာ ညနေ ၆ နာရီ လောက်နှင့် အမှောင်ထု လွှမ်းလာလေ၏။

တောင်သမန်မှ ပြန်ထွက်အလာတွင် နွယ်နွယ်က လမ်းရိုးအတိုင်း မပြန်ဘဲ တံခွန်တိုင်ဘက်မှ ပတ်ပြန်ဖို့တောင်းဆိုလိုက်သည်။ တောင်သမန် မှမန္တလေးသို့အပြန်ခရီးကို လမ်းရိုးဖြစ်သောစစ်ကိုင်း–မန္တလေးလမ်းအတိုင်း ပြန်လိုကပြန်၊ အရှေ့ဘက်အရပ်ဖြစ်သည့် ညာဘက်သို့ကွေ့ချိုးကာ တံခွန် တိုင်ဘက်မှတစ်ဆင့် ရန်ကုန်–မန္တလေးလမ်းအတိုင်း ပြန်လို့လည်းရပေ သည်။

နွယ်နွယ်က ဘာစိတ်ကူးပေါက်သည်မသိ။ တောင်သမန်အင်း၏ ကန်ပေါင်အတိုင်း ဖောက်လုပ်ထားသော တောလမ်းမှ ပြန်လိုသည်ဟု ပူဆာလေသည်။ ထိုစဉ်က ရတနာပုံတက္ကသိုလ် မတည်ဆောက်ရသေး သည့်အတွက် တံခွန်တိုင်နှင့်အမရပူရ ဆက်သွယ်သောလမ်းမှာ မချောမွေ့ သေးချေ။

အားလုံးက နွယ်နွယ့်ဆန္ဒကိုမငြင်းပယ်ကြဘဲ လိုက်လျောခဲ့လေ သည်။

ဦးဘတူသည် ကားကိုအရှေ့ဘက်သို့ချိုးကာ မောင်းနှင်ခဲ့သည်။

ထိုအချိန်တွင် ကောင်းကင်၌ဆည်းဆာရိသန်းကာ နေဝင်ရီ တရောအချိန် ဖြစ်နေပေပြီ။ ဦးပိန်တံတားဆီသို့ လှမ်းကြည့်လိုက်လျှင် အင်းအလယ်မှ ဦးပိန်တံတားကို လွှမ်းမောဖွယ် ခပ်ရေးရေးလှမ်းမြင်ရ၏။

တံခွန်တိုင်ဖြတ်လမ်းကို ထိုစဉ်က သိပ်ပြီးမသုံးစွဲကြသေးချေ။ လမ်းတွင် လမ်းမီးတိုင်များလည်း မရှိသေးဟု ကျွန်မစိတ်ထဲထင်မိသည်။





ိုလမ်းပေါ်တွင် စစ်တပ်များသာရှိလေရာ အရပ်သားများ အသွားအလာ ည်းကြလေ၏။

လမ်းခရီး၏တစ်ဝက်လောက်မှာ ညာဘက်ခြမ်း၌ တောင်သမန် ခင်း။ ဘယ်ဘက်ခြမ်း၌ ရှေးဟောင်းဘုရားပျက်များသာ ရှိလေသည်။ ရှေးဟောင်းဘုရားပျက်များမှာ အုတ်များပေါ်ပြီး ပြိုပျက်ကျနေသည့် ခေတ်ငုတ်တိုများ ဖြစ်လေသည်။ ပြုပြင်မည့်သူမရှိသေး။ ချုံနွယ်ပိတ် ပေါင်းများကြားတွင် စေတီပျက်၊ ပုထိုးပျက်များကိုမြင်ရသည်မှာ စိတ်ချောက် ြားဖွယ် ကောင်းလှပါ၏။

ကျွန်မတို့သည် နွယ်နွယ့်အလိုကျ ထိုလမ်းပေါ်က လာမိခြင်း အတွက် နောင်အခါတွင် စဉ်းစားစရာ အချက်အလက်များ ဖြစ်ပေါ်ခဲ့ ပါသည်။ ထိုလမ်းကသွားဖို့ တောင်းဆိုခဲ့ခြင်းသည် နွယ်နွယ့်အတွက် ကြမ္မာငင်ခြင်းလေလားဟု ကျွန်မရော၊ သွယ်သွယ်ပါ တစ်သက်လုံး တွေးနေခဲ့မိ၏။

ကျွန်မတို့ စီးနင်းလာသော ကားလေးသည် ဖြတ်လမ်းအတိုင်း မောင်းလာခဲ့ရာ သေးနှစ်ဘက်တွင် စေတီပျက်များ ခြံရံထားသော နေရာသို့ ရောက်လာလေသည်။

ထိုနေရာအရောက်တွင် အရှိန်မှန်မှန်ပြေးနေသောကားမှာ ရုတ်တရက် ညာဘက်သို့ ချိုးကွေ့သွားလေ၏။ လမ်းက တည့်တည့် မတ်မတ် ရှိနေပါလျက် ကားကိုညာဘက်သို့ ချိုးလိုက်သည့်အတွက် ကျွန်မတို့ အားလုံးအကြည့်က ဒရိုင်ဘာဦးဘတူဆီသို့ ရောက်ရှိသွား လေသည်။

"ဟင်. . . ဟင်. . . ဘယ်လိုဖြစ်တာလဲ"

ဦးဘတူနှုတ်မှ အသံထွက်၍ ရေရွတ်လိုက်သည်။.



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဦးဘတူ"

မောင်က ဦးဘတူကို လှည့်မေးလိုက်သည်။

"ဟာ–ဟာ–မရတော့ဘူး၊ ကားညာဘက်ဆွဲသွားပြီ"

ဦးဘတူ၏စကားပင်မဆုံးလိုက်ရပါ။ ကားသည် ညာဘက်သို့ ချိုးကွေ့ကာ အရှိန်မထိန်းနိုင်တော့ဘဲ တောင်သမန်အင်းစပ်သို့ ထိုးဆင်းသွားပါသည်။ အင်းပေါင်မှာ ဆယ်ပေကျော်မြင့်လေရာ ကားသည် အင်းအစပ်အထိ ဒလိမ့်ကောက်ကွေး လိမ့်ကျသွားပါသည်။

ကျွန်မနှင့်သွယ်သွယ်က ကြောက်လန့်တကြားဖြင့် ယယ်သံပါ အောင်အော်လိုက်လေသည်။ နွယ်နွယ့်ထံမှ အော်သံကိုမှ မကြားမိပါ။

ကားသည် နှစ်ပတ်သုံးပတ်လိမ့်ကာ အင်းရေအစပ်တွင် ပက်လက်လန်လျက် ရပ်တန့်သွားလေသည်။

ကျွန်မတို့လည်း ကားထဲ၌ ဖောက်ထိုးမိုးမျှော် ဖြစ်နေကြလေသည်။

ကံကောင်းထောက်မစွာပင် ကျွန်မတို့သတိလစ်မသွား။

ခပ်လှမ်းလှမ်းမှ စစ်သားတချို့ ပြေးလာတာကိုပင် ကားထဲမှာ ကျုံးထိုးမှောက်ခုံ ဖြစ်နေရင်းမှ ကျွန်မမြင်လိုက်ရသေးသည်။

စစ်သားများက ပက်လက်လန်နေသော ကားဆီအရောက် ပြေးလာကြကာ ကျွန်မတို့ကို ကားထဲမှဆွဲထုတ်ပါသည်။

"ဝေဝေ ဘာဖြစ်သွားသေးလဲ၊ သွယ်သွယ်နဲ့ နွယ်နွယ်ကော"

မောင်က သူကိုယ်တိုင်ဒုက္ခကြုံနေရက်မှ ကျွန်မတို့ မိန်းမသားသုံးယောက်အား စိုးရိမ်တကြီး လှမ်းမေးရှာလေသည်။

ကျွန်မတို့ကို စစ်သားများက ကားထဲမှ ခက်ခက်ခဲခဲ ဆွဲထုတ်ပေးကြပါသည်။

စိတ်ကူးသစ်စာပေ



ကားထဲတွင် ကားရှေ့ခန်းမှာ မောင်၊ ဦးဘတူနှင့် ကားနောက်ခန်းမှ ကျွန်မ၊ နွယ်နွယ်တို့သာရှိတော့သည်။ ညာဘက်အစွန်တွင် ထိုင်လိုက်လာသော သွယ်သွယ်သည် ကားလိမ့်သွားစဉ်ကပင် ကားအပြင်သို့ထွက်ကျသွားဟန် ရှိလေသည်။

ကျွန်မတို့အားလုံး ကားအပြင်ရောက်ချိန်၌ အနီးရှိရွာမှ ရွာသူရွာသားများပါ ရောက်လာကြကာ ကားမှောက်သည့်ဖြစ်ရပ်ကို ဝိုင်းအုံကြည့်နေသည်ကိုတွေ့ရလေ၏။

'နွယ်နွယ်၊ နွယ်နွယ်ရော'

သွယ်သွယ်က နွယ်နွယ့်အမည်ကိုအော်ခေါ်ရင်း မေးလိုက်သည်။

လူအများက ဝိုင်းနေရာမှရှဲပေးလိုက်ကာ. . .

'ဟိုမှာ မိန်းကလေးတစ်ယောက်၊ သူကတော့ ကားထဲကထွက်ကျလို့ အခြေအနေဆိုးမယ်ထင်တယ်'

ကျွန်မတို့အားလုံး နွယ်နွယ်လိမ့်ကျ နေသည့်နေရာသို့ အပြေးသွားကြသည်။

သွယ်သွယ်က နွယ်နွယ်. . . ကိုပွေ့ရန်ပြင်သည့်တွင်. . .

'သူ အသက်မရှိတော့ဘူးကွဲ့၊ မိန်းကလေး မကိုင်နဲ့'

ရွာထဲမှအသက်ကြီးကြီးအဘိုးအိုတစ်ဦးက ပြောလိုက်သည်။

'ဟင်. . . ညီမလေး၊ နွယ်နွယ်၊ ဖြစ်ရလေညီမလေးရယ်'

သွယ်သွယ်က အော်ဟစ်ငိုယိုလိုက်လေသည်။

'ဘာဒဏ်ရာမှလည်း မရှိပါလား'

မောင်က နွယ်နွယ့်အလောင်းကိုငုံ့ကြည့်ရင်း ပြောလိုက်လေသည်။

မှန်ပါသည်။ နွယ်နွယ်သည် အိပ်ပျော်နေသည့်အလား အင်းစပ်သဲပြင်ပေါ်၌လဲ လျက်ရှိလေသည်။ ရုပ်ပျက်ဆင်းပျက်မရှိ။ မျက်ရုံမျာ:

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လည်းပိတ်ကာ ပကတိအိပ်ပျော်နေသည့်သဖွယ်။ ကွေးကွေးလေး လဲကျ
လေသည်။

'သေတာဟုတ်ရဲ့လား။ ကြည့်ကြပါဦး'

''ဟုတ်ပါတယ်ကွ၊ သိ၊ အသက်မရှိတော့ပါဘူး''

ဦးဘတူက လက်ကောက်ဝတ်ကိုစမ်းကြည့်ခြင်း၊ ရင်ခုန်သံ
နားထောင်ကြည့်ခြင်းများဖြင့် သေပြီဖြစ်ကြောင်း အတည်ပြုလိုက်သည်

ကျွန်မသည် အဖြစ်အပျက်ကို နားမလည်နိုင်ဘဲကြောင်
နေမိသည်။ ကားမှောက်သည့်ဖြစ်စဉ်သည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်။ ရှင်းလ
နေသောလမ်းမကြီးတွင် ကားက အင်းထဲသို့ကွေ၍ ထိုးကျသွားခြ
ဖြစ်သည်။

➤ ➤ ➤

❐

ကားတိုက်မှုနှင့်ပတ်သက်၍ ဒရိုင်ဘာဦးဘတူက ပြန်လည်
ပြောပြရာတွင် ကားစတီယာရင်သည် ရုတ်တရက်ညာဘက်သို့ လည်သွာ
ခြင်းဖြစ်ကြောင်း၊ စတီယာရင်ကို ပြန်လည်တည့်မတ်အောင် လုပ်သို့မ
ကြောင်းနှင့် ချောက်ကမ်းပါးထဲသို့ အင်အားတစ်ခုဖြင့် တွန်းချလိုက်သည်
သဖွယ် ထိုးကျသွားခြင်းဖြစ်ကြောင်း ပြောပြသည်။





ကားဓါတ်စက်ကိရိယာပိုင်းကို စစ်ဆေးကြည့်သည့်အခါတွင်လည်း မည်သည့် ချွတ်ယွင်းမှုမှ မတွေ့ခဲ့ရပေ။

ကျွန်မတို့သည် နွယ်နွယ်သေမှုသေခင်းကိစ္စအတွက် ထိုနေရာသို့ သုံးလေးခေါက် ထပ်ရောက်သေးသည်။

''ဒီနယ်မြေက ရှေးဟောင်းစေတီတွေနဲ့ ရာဇဝင်သမိုင်းရှိတဲ့ နေရာကွဲ့၊ စေတီကျောက်စာတွေမှာကျိန်စာတွေရှိတတ်သလို၊ မကျွတ်မလွတ်တဲ့ပုဂ္ဂိုလ်တွေလည်း ရှိနိုင်တာပဲ၊ ဦးလေးအထင်တော့ မမြင်နိုင်တဲ့ ပရလောကသားတွေက ကားကိုမှောက်အောင်လုပ်လိုက်တာလို့ ထင်မိတယ်ကွဲ့''

ဦးဘတူ၏ အယူအဆ အပေါ်တွင် မောင်က ကားတိမ်းမှောက်မှုမှာ သူ့အပြစ်မပါသလို ရှောင်လွှဲချင်လို့ အကြောင်းပြသည်ဟု ဝေဖန်ခဲ့လေသည်။

နွယ်နွယ့်အတွက် ကောင်းမှုကုသိုလ်လုပ် အမျှအတန်း ပေးဝေဖို့ အခင်းဖြစ်သည့် နေရာကို ပြန်ရောက်သည့်အခါ ထိုအနီးရှိရွာမှ လူကြီးများက တစ်မျိုးတည်းသောထင်ကြေးကို ပေးကြလေသည်။

''အဲဒါ လူလဲတာ''

''သိုက်စောင့်ဖို့အတွက် သိုက်စောင့်နေရာလဲတာပေါ့ကွယ်''

''ဒီအနီးတဝိုက်မှာ ဥစ္စာစောင့်သိုက်တွေ အများကြီးရှိတယ်၊ အားလုံး သာသနာသိုက်တွေချည်းပဲ၊ မြနန်းနွယ်ဆိုတဲ့ ဥစ္စာစောင့်မလေး ရှိတယ် ကြားတယ်၊ မြနန်းနွယ် ကျွတ်ချိန်တန်လို့ သေသွားတဲ့ မိန်းကလေးနဲ့ လူချင်းလဲတာပေါ့ကွယ်''

''သေတဲ့မိန်းကလေးနာမည်ကလည်း နွယ်ပါတယ်မဟုတ်လား၊ သိုက်ဆက်ဖြစ်ပုံရတယ်၊ အဲဒါကြောင့် ဒီနားရောက်အလာမှာခေါ်လိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



ရှေးဆန်သော ရွာသူရွာသားကြီးများ၏ ထင်ကြေးက ကျွန်မတို့ ကြားဖူးနားဝရှိပြီးဖြစ်သော ဥစ္စာစောင့်ပုံပြင်များ၏ ဇာတ်အသွားအလာ အတိုင်း ဖြစ်နေသည်။

"အလကား ဥစ္စာစောင့်ဆိုတိုင်း မြနန်းနွယ်လို့ ပြောလိုက်ကြတာပဲ၊ မြနန်းနွယ်ဆိုတဲ့ ဥစ္စာစောင့်က တစ်နိုင်ငံလုံးမှာ နေရာအနှံ့ရှိနေတာ ဖြစ်နိုင်ပါ့မလား၊ ဒါ ရိုးရာအစွဲအလမ်းပဲ့တွေပါ ခေါ်၊ ယုံမနေစမ်းပါနဲ့"

မောင်က လက်တွေ့ကျသူပီပီ လူကြီးများ၏အပြောကို ရယ်သွမ်းသွေးကာ ချေဖျက်ပစ်လိုက်သည်။

သို့သော် နွယ်နွယ်ဆုံးပြီးမကြာမီ ကျွန်မကသည့်အိပ်မက်က လူအများပြောသည့် ဥစ္စာစောင့်ပုံပြင်ကို အတည်ပြုလိုက်သကဲ့သို့ ဖြစ်နေသည်။

ကျွန်မသည် နွယ်နွယ်ကွယ်လွန်ပြီး ဆယ်ရက်ဘဲကြာသည့်နေ့၌ ထိုအိပ်မက်ကို မက်ခဲ့ခြင်း ဖြစ်ပါသည်။

➤ ➤ ➤

အိပ်မက်ထဲ၌ ကျွန်မသည် အလွန်တရာ ကြီးကျယ်ခန်းနားသော ခန်းမကြီးတစ်ခု၏အဝ၌ ရောက်နေပေသည်။ ခန်းမကြီးမှာ ရွှေအတိပြီးသော နံရံများဖြင့်ကာရံထားပြီး ခန်းမတစ်ခုလုံး ရွှေငွေကျောက်သံ ပတ္တမြားများဖြင့်ပြည့်နှက်နေပေသည်။ ကျွန်မသည် ခန်းမ၏ထိပ်အဝမှနေ၍ ရွှေရောင်ခန်းမကြီးထဲသို့ ငေးမောကြည့်နေပါသည်။

ထိုခန်းမကြီးထဲ၌ နွယ်နွယ့်ကို ကျွန်မမြင်တွေ့ရလေသည်။ နွယ်နွယ်သည် ရှေးဘုရင်ခေတ်အဝတ်အစားများဖြစ်သော ခါးတောင်အကျႌ ထိုင်မသိမ်းထမိနှင့်ဖြစ်ကာ ပြုံးပြက်သောရတနာများကို ဝတ်ဆင်ထားလေသည်။ နွယ်နွယ်သည် မြကျောက်များစီချယ်ထားသော ညောင်စောင်းတစ်ခုအထက်၌ ထိုင်လျက်ရှိလေ၏။ ညောင်စောင်းအထက်တွင် ထိုင်နေရင်းမှ နွယ်နွယ်သည် အခန်းဝမှ ကျွန်မကို ငေးကြည့်လျက်ရှိလေသည်။

ကျွန်မသည် နွယ်နွယ့်ကိုမြင်လိုက်သည်အတွက် ဝမ်းသာအားရ နှုတ်ဆက်မည်ဟု ကြံလိုက်သော်လည်း နွယ်နွယ်နှင့်ကျွန်မမှာ အတော်ဝေးကွာနေပေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရွှေခန်းမကြီးထဲမှ မိန်းကလေးတစ်ယောက် ထွက်ပေါ် လာလေသည်။ ထို မိန်းကလေးမှာလည်း နွယ်နွယ့်ကဲ့သို့ပင် ခါးတောင်းကျိုက် အင်္ကျီ၊ ထိုင်မသိမ်းထမီများကိုဝတ်ဆင်ထားလေ၏။ ထိုမိန်းကလေးမှာ အလွန်တရာပင် ချောမောလှပပြီး နုနယ်နေပုံမှာ သူ့အသားများကို ထိကိုင်ပါက ကြေကျမည်ကဲ့သို့ပင် ထင်ရလေသည်။

"ကျွန်မ အစ်မနဲ့လိုက်ခဲ့ပါရစေ၊ ကျွန်မနေရာမှာ သူ့ကို ခေါ်ထား ထားခဲ့ပါမယ်။ ကျွန်မကို အစ်မနဲ့လိုက်ခွင့်ပြုပါ၊ အစ်မနဲ့အတူ ကျွန်မကို ၁၈ နှစ် နေထိုင်ခွင့်ပြုပါ၊ ၁၈ နှစ်ပြည့်တာနဲ့ ကျွန်မ ဒီနေရာကိုပြန်လာမှာပါ။ ကျွန်မကို လိုက်ခွင့်ပြုပါအစ်မ"

သူမစကားဆုံးသည်နှင့် ကျွန်မသည် လက်နှစ်ဖက်ကို ဆန့် တန်းကာ သူမကို ကြိုဆိုမိလျက်သား ဖြစ်သွားလေသည်။ ထိုမိန်းကလေး က ကျွန်မဆန့်တန်းထားသော လက်နှစ်ဖက်ကြားသို့တိုးဝင်လာကာ ကျွန်မရင်ခွင်ထဲသို့ ခိုဝင်လိုက်လေသည်။

အိပ်မက်မှာ ရှင်းလွန်းလှသည့်အတွက် လန့်နိုးပြီးချိန်အထိ အိပ်မက်ထဲက မြင်ကွင်းများကို မြင်ယောင်နေမိပါသည်။

အိပ်မက်အကြောင်းကို မောင့်အားပြန်ပြောပြသည့်အခါ. . .

"ဝေ့စိတ်ထဲမှာ လူတကာပြောတဲ့ ဥစ္စာစောင့်လူလဲတယ်ဆိုတဲ့ ဇာတ်လမ်းကို ယုံနေတာကိုး။ ဒီတော့ စိတ်စွဲပြီး အိပ်မက်မက်တော့လည်း ဥစ္စာစောင့်အကြောင်းပဲ မက်တာပေါ့"

မောင်က သူ့အကြောင်းပြချက်ကို ယုတ္တိပေဒဆန်သည်ဟု ယူဆ သည်။ ကျွန်မကတော့ မောင့်ကို တယူသန်ဆန်လွန်းသည်လို့ပဲ ထင်ပါ သည်။

ကျွန်မသည် ကျွန်မစကားကို လက်ခံယုံကြည်မည့် သွယ်သွယ့်





ဆီကိုပဲ ပြေးရပါတော့သည်။

ကျွန်မအိပ်မက်ကိုပြန်ပြောပြလိုက်တော့ သွယ်သွယ်က ရင်ပတ် ကိုဖိကာ. . .

"အိပ်မက်ထဲမှာ နင်တွေ့တာ မြနန်းနွယ်ပဲဖြစ်မယ်၊ ဒီအတိုင်းဆို ဟုတ်နေပြီပေါ့၊ မြနန်းနွယ်က နင့်ဆီမှာ ဝင်စားချင်လို့များလား ဟယ်"

"အိပ်မက်အတိုင်းဆို မြနန်းနွယ်က နွယ်နွယ်နဲ့လူလဲလိုက်တာ၊ ဒါပေမဲ့ မြနန်းနွယ်က ငါ့ဆီမှာ ၁၈ နှစ်ပဲနေမှာလို့ ပြောသေးတယ်"

"ဟုတ်တာပေါ့လေ၊ ဥစ္စာစောင့်တွေက လူ့ပြည်ကို လူအနေနဲ့ ခဏလာနေတတ်တယ်ဆိုတာ ဇာတ်တော်တွေထဲမှာပါတာပဲ၊ အဲဒီလိုပဲ ဖြစ်မှာပေါ့"

အိပ်မက်မက်ပြီးမကြာမီ ကျွန်မမှာကိုယ်ဝန်ရှိနေကြောင်း သိလိုက် ရသည်။ အိပ်မက်မက်ခြင်းနှင့် ကိုယ်ဝန်ရှိခြင်းတို့ အချိန်မကွာဟဘဲ ဆက်စပ်နေခြင်းက ကျွန်မတို့ အထင်အမြင်ကို ခိုင်မြဲစေခဲ့သည်။ သည် အတိုင်းဆိုပါက ကျွန်မဗိုက်ထဲက ကလေးဟာ မြနန်းနွယ်ပဲပေါ့။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ကိုယ်ဝန်မှမွေးဖွားခဲ့သည့်ကလေးမှာ သမီးလေးဖြစ်နေသည်။

သမီးသည် မွေးစကပင် ချောမောလှပမှုများပေါ်လွင်နေ၏။ အခြားသော မွေးစကလေးများလို မွေးစမှာ ရုပ်ရည်မပီမပြင်ဖြစ်မနေဘဲ မွေးကတည်းကပင် နှာတံပေါ်လွင်၍ မျက်ဝန်းများမှာ ထင်ရှားနက်မှောင်နေပေသည်။

နှစ်ဘက်မိဘများက သမီးကို 'သိုက်ကလာတဲ့ကလေး' ဟု ယုံကြည်ကြသည်။ ဗေဒင်မေး ဇာတာဖွဲ့တော့လည်း သည်အတိုင်းပင် ဟောပြောခဲ့လေသည်။ မောင်တစ်ယောက်သာ အများ၏ယုံကြည်မှုကို ရယ်သွမ်းသွေး သရော်ခဲ့လေသည်။

မည်သို့ပင်ဆိုစေ မောင်သည် သူ၏သမီးဦးလေးကိုတော့ တုန်နေအောင် ချစ်ရှာပေသည်။ ကျွန်မအဖို့လည်း သိုက်ကလာလာ၊ ဘယ်ကလာလာ၊ ကလေးမှာ ကျွန်မကိုယ်တိုင် လွယ်မွေးရသော ရင်သွေးမို့ သဲလှိုက်အူလှိုက် ချစ်မြတ်နိုးရပေသည်။





ကျွန်မတို့သည် သမီးအတွက် ရည်မှန်းချက်၊ မျှော်လင့်ချက်များများစွာထားခဲ့ပေသည်။ သမီးသည် လိမ္မာရေးခြားရှိရမည်။ သမီးသည် ပညာတတ်ကြီးဖြစ်ရမည်။ သမီးသည် မိဘများထက် သာလွန်သောအခြေကိုရောက်ရမည်။ ထိုသို့ဖြစ်လာအောင်လည်း ကျွန်မတို့မိဘများက သမီးကိုပြုစုပျိုးထောင်မည်စသဖြင့် သားဦး၏မိဘများ စိတ်ကူးယဉ်လေ့ရှိသည့်အတိုင်း ကျွန်မတို့ စိတ်ကူးယဉ်ခဲ့ကြပါသည်။

သို့သော်သမီး ၈ လသားအရွယ်အရောက်တွင် ကျွန်မတို့၏ စိတ်ကူးယဉ်ကမ္ဘာကြီး ပြိုကွဲခဲ့ရပါတော့သည်။

ထိုနေ့က ကျွန်မသည် မီးဖိုခန်းထဲ၌ လုံကျင်းသုတ်သင်နေသည်။ ရုံးပိတ်ရက် တနင်္ဂနွေနေ့လည်း ဖြစ်ပါသည်။

နေ့လယ်ခင်း ထမင်းစားပြီးချိန်ဖြစ်၍ အိုးခွက်ပန်းကန်များ ဆေးကြောပြီးပါပြီ။ မီးဖိုခန်းထဲ၌ သန့်ရှင်းရေး ပြုလုပ်နေခြင်း ဖြစ်ပါသည်။ သမီးကို ပုခက်ထိုင်ခုံလေးအတွင်း ထည့်ထားကာ မီးဖိုခန်းထောင့်၌ ချထားပါသည်။ သမီးသည် ထိုင်ခုံလေးရှေ့၌ တပ်ထားသော ပုတီးလုံးလေးများကို လက်ဖြင့်ပုတ်ခတ်ရင်း ဆော့ကစားနေ၏။

ထိုစဉ် ကျွန်မနံရံမှာ ချိတ်ထားသော သံဒယ်ပြားကြီးမှာ ပြုတ်ကျလာလေ၏။ ဒယ်ပြားကိုင်းမှအပေါက်ကလေးကို သံတွင်လျှိုကာချိတ်ထားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မနမော်နမဲ့ ချိတ်မိ၍ပဲဖြစ်မည်။ သံအစွန်တွင် ချိတ်မိကာ လေတိုက်လိုက်ချိန်တွင် ပြုတ်ကျလာခြင်း ဖြစ်လေ၏။

ဒယ်အိုးကို လက်ခုပ်တစ်ဖောင်အမြင့်လောက်တွင် ချိတ်ထားသည့်အတွက် သံမံတလင်းပေါ်သို့ ပြုတ်ကျလာသောအသံမှာ အတော်ပင်ကျယ်ပါသည်။ လူကြီးဖြစ်သော ကျွန်မပင် ပြုတ်ကျလာသည်ကို မြင်လိုက်ပါလျက် ကြမ်းပြင်ပေါ်ကျသံ ထွက်လာသည့်အခါ လန့်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်အိုးကလည်း သံမံတလင်းပေါ်တွင် တုန်ခါလျက် အမြင့်မှကျသံရော လှိမ့်သံရော အတန်ကြာထွက်ပေါ်နေ၏။

သမီးကို ဒယ်အိုးပြုတ်ကျသည့်ဘက်ကို နောက်ကျောခိုင်းလျက် ချထားခြင်း ဖြစ်ပါသည်။

သာမန်အတိုင်းဆိုလျှင် ရုတ်တရက် ထွက်ပေါ်လာသော ဒယ်အိုး ပြုတ်ကျသံကြောင့် လန့်သွားရမည်မဟုတ်ပါလား။ သမီးသည် ကုန္ဒြေလုံးဝ မပျက်ဘဲ ဆော့ကစားလျက်ပင် ရှိပေ၏။

"သမီး"

ကျွန်မက သမီးကို အလန့်တကြား ခေါ်လိုက်သည်။ သမီးသည် ကစားစရာ ပုတီးလုံးလေးများကိုလှည့်ကာ ဆော့ကစားလျက်ပင် ရှိလေသည်။

ကျွန်မက စင်ပေါ်တင်ထားသော ဒန်အိုးတစ်အိုးကိုကောက်ကာ ဇွန်းဖြင့် တီးခတ်လိုက်လေသည်။ သမီးသည် ခေါင်းငုံ့ဆော့ကစားနေသော ကြောင့် ကျွန်မယောက်ယက်ခတ်နေသည်ကိုလည်းမမြင်၊ ဒန်အိုးကို ကျယ်လောင်စွာ တီးခတ်နေသံကိုလည်း ကြားဟန်မတူချေ။

ထိုစဉ် မောင် မီးဖိုခန်းထဲသို့ ဝင်လာလေ၏။

"ဆူဆူညံညံနဲ့ ဘာတွေဖြစ်နေသလဲ ဝေ"

"မောင်၊ မောင်"

ကျွန်မသည် မောင့်ဆီသို့ပြေးသွားကာ ရင်ခွင်ထဲ ခေါင်းထိုးဝင်ရင်း ငိုသံပါဖြင့် ပြောလိုက်လေသည်။

"မောင် ဝေတို့သမီးလေး၊ ဝေတို့သမီးလေးဟာ နားမကြားဘူး မောင်ရဲ့"

"ဘာ"





"သမီးနားဟာ လုံးဝမကြားဘူး မောင်"

ကျွန်မက ဒန်အိုးပြုတ်ကျပုံ အဖြစ်အပျက်နှင့် ကျွန်မ၏ စမ်းသပ်မှုများကို ပြောပြလိုက်သည်။

"သမီးလေးလူဖြစ်ရှုံးပါပြီ မောင်ရယ်၊ သမီးဟာ နားပင်းနေတဲ့ အပင်းမလေး မောင်ရဲ့"

ကျွန်မက ကြေကွဲစွာ ငိုရှိုက်လိုက်မိလေတော့သည်။

➤ ➤ ➤

❒

သမီး ၈ လအရွယ်တွင် နားမကြားကြောင်းကို အမှတ်မထင် သိခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်မတို့ အမျိုးမျိုး စမ်းသပ်ကြည့်ခဲ့ပါသေးသည်။ ဆရာဝန်ဆီ လည်းခေါ်သွားခဲ့သည်။ အဖြေက သမီးသည် မွေးရာပါအကြား အာရုံချို့တဲ့ သည့်ကလေး ဖြစ်နေပါသတည်း။

မောင်ရော ကျွန်မပါ ရင်ကွဲမတတ် နာကျင်ခဲ့ရပါသည်။

နားမကြားသော သမီးလေးသည် စကားလည်းပြောတတ်တော့ မည်မဟုတ်။ နှုတ်မှစကားပြောနိုင်စွမ်းသည် အကြားအာရုံနှင့် ဆက်စပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ပတ်ဝန်းကျင်၏ အသံဗလံများကို ကြားခွင့်မရှိသော သမီးလေးကို စကားပြောတတ်အောင် မည်သို့သင်ပေးမည်နည်း။ နားပင်းနေသော ကလေးများသည် လောကတွင် အသံဆိုသော စွမ်းအင်တစ်မျိုးရှိသေးကြောင်းကိုနားလည်မည်မဟုတ်။ သည်သို့ဖြင့် နားမကြားခြင်းနှင့် ဆွံ့အခြင်းမှာ ဆက်စပ်ပေါ်ပေါက်လာသော ချွတ်ယွင်းမှုများ ဖြစ်ပေတော့သည်။

သမီးသည်လည်း ဆွံ့အ၊ နားမကြားကလေးတစ်ယောက်အဖြစ် ရှင်သန်ခဲ့ရလေတော့သည်။

သမီးလေး ထိုကဲ့သို့ ဒုက္ခိတဖြစ်ရခြင်းအပေါ်တွင်လည်း ဥစ္စာစောင့်နှင့်ဆက်စပ်သည့် အထင်အမြင်များ၊ ဝေဖန်ချက်များ ပေါ်ပေါက်လာရပြန်လေသည်။

"ဥစ္စာစောင့်တွေ လူပြည်ကိုလာရင် သိုက်က မိဘတွေ၊ သိုက်ချုပ် ဘိုးတော်မယ်တော်တွေက လူစဉ်မမီအောင်လုပ်ပြီးမှ လူအဖြစ်ကို ပို့ပေးတတ်ကြတယ်၊ တချို့လည်း အဆွံ့အ,အဖြစ်နေတတ်တယ်၊ တချို့က ဦးနှောက်ကျပ်မပြည့်ဘူး၊ အဲဒါ တခြားကြောင့် မဟုတ်ဘူး၊ သူတို့ရဲ့သိုက် ဘယ်မှာရှိတယ်၊ သိုက်ကိုဖွင့်တဲ့ သိုက်စာ၊ သိုက်လမ်းညွှန်က ဘယ်လိုဆိုတာတွေကို မှတ်မိနေမှာစိုးလို့ပဲ၊ သိုက်တူးသမားတွေကို သိုက်အကြောင်းဖွင့်ပြောလို့မရအောင် လူစဉ်မမီတဲ့သူတွေအဖြစ်နဲ့ ဖန်တီးလွှတ်လိုက်ကြတာ"

"ဒါပေမဲ့ သိုက်ကလာတဲ့ကလေးတွေဟာ မိဘတွေကို အကျိုးပြုကြပါတယ်၊ သူ့ကိုမွေးပြီးတာနဲ့ မိဘတွေဟာ အလိုလိုစီးပွားတက်လာတတ်ကြတယ်၊ ကြီးပွားချမ်းသာလာကြတယ်၊ ကလေးက မိဘတွေကို ကျေးဇူးပြုတဲ့သဘောပေါ့"

ထိုအယူအဆများကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ





သမီးမွေးပြီးနောက်တွင် ကျွန်မတို့စီးပွားတစ်ရှိန်ထိုး တက်လာခဲ့သည်မှာတော့ အမှန်ပါပင်။

ကျွန်မသည် သမီးကိုခေါ်ကာထီဆိုင်များသို့သွားခဲ့သည်။ ထိုးမည့်ထီလက်မှတ်ကို သမီးအားရွေးခိုင်းခဲ့သည်။ သမီးလေးသည် နားလည်၍လား၊ သူထင်ရာပုပ်လေသလား မသိ။ သူ့စိတ်ကြိုက်ထီလက်မှတ်များကို လက်ညှိုးဖြင့်ထိုးပြလေသည်။ လက်လမ်းမီရာ ထီလက်မှတ်အချို့ကို ဆွဲဖြုတ်လေသည်။ ကျွန်မကလည်း သမီးရွေးပေးသော ထီလက်မှတ်အားလုံးကို ရွေး၍ထိုးခဲ့လေသည်။

အံ့သြဖွယ်ကောင်းစွာပင် ပထမဆုံးအကြိမ် သမီးရွေးပေးခဲ့သော ထီလက်မှတ် အစောင်တစ်ရာခန့်ထဲမှ ၂ စောင်မှာ ထီဆုကြီးပေါက်ခဲ့လေသည်။ ဒါဟာ တိုက်ဆိုင်မှုလား။

တိုက်ဆိုင်မှု ဟုတ်မဟုတ်ကို ကျွန်မက ဆက်လက်စမ်းသပ်ခဲ့ပါသေးသည်။ လစဉ် ထီထိုးမည်ကြံတိုင်း သမီးကို ထီဆိုင်ခေါ်သွားကာ ထီလက်မှတ်များရွေးခိုင်းခဲ့သည်။ သမီးကလည်း တွေ့သမျှထီလက်မှတ်များကို ရွေးယူနေသည်မဟုတ်။ အချို့ဆိုင်များမှာ အလိုမကျသလို တစ်စောင်တလေမှ မရွေးဘဲနေတတ်သည်။ ကျွန်မကလည်း သမီးညွှန်ပြသော ထီလက်မှတ်မဟုတ်ပါက မထိုးခဲ့ပါချေ။ သမီးလက်ညှိုး ညွှန်ပြသောဆိုင်ကိုသာသွားသည်။ သမီးရွေးပေးသောလက်မှတ်ကိုသာ ဖြုတ်သည်။

ကျွန်မတို့သည် သမီးအသက်ဆယ်နှစ်အရွယ်အထိ ထီအကြိမ် ၂၀ မက ပေါက်ခဲ့ပါသည်။ ထီဆုကြီး ငါးကြိမ်ပေါက်ခဲ့ပါသည်။ ဆုကြီးဆိုသည်မှာ သိန်းရာဂဏန်းကျော်သော ဆုငွေကို ဆိုလိုပါသည်။

လူတစ်ယောက်ထီပေါက်ဖို့ အခွင့်အရေးမှာ အနှစ်ငါးရာကြာမှ တစ်ကြိမ်ပေါ်ပေါက်သည်ဟု ကျွန်မစာထဲမှာဖတ်ဖူးပါသည်။ ပြောစ



www.burmeseclassic.com

www.burmeseclassic.com

ယောက်သည် အသက်ရှင်သန်နေစဉ်အတွင်း ထီပေါက်ဖူးချင်မှ ပေါက်ဖူးမည်။ တစ်ကြိမ်တစ်ခါပေါက်ဖူးသူမင် ကံထူးလှသူဖြစ်ပါသည်။ သမီးရွေးပေးသော ထီလက်မှတ်များဖြင့် ထီအကြိမ်ကြိမ် အခါခါပေါက်ခဲ့သော ကျွန်မအဖို့ ဒါဟာ သမီးရဲ့အကျိုးပေးကြောင့်ဆိုတာကို လက်မခံလို့ မဖြစ်တော့။ သမီးအဖေသည်လည်း သမီးရဲ့ ထူးခြားမှုကို ငြင်းပယ်နိုင်စွမ်း မရှိတော့ပါပေ။

➤ ➤ ➤

❐

ကျွန်မတို့သည် သမီးကိုမွေးဖွားပြီးနောက် နောက်ထပ် သားနှစ်ဦး ထွန်းကားခဲ့ပါသည်။ သမီးကိုသက်ဆိုးရှည်မည်ဟု မထင်ခဲ့သောကြောင့် သားသမီးခြားခြင်း၊ သခွေတားခြင်း မပြုခဲ့ကြပါ။

"မတော်တဆ သမီးတိမ်းပါးသွားရင် ကိုယ်တို့စိတ်ဖြေသိမ့်နိုင်ဖို့ သားသမီးရှိထားဖို့လိုတယ် ဝေ၊ ဒါလေးသုံးလေးယောက် မွေးထားမှဖြစ်မယ်"

ကျွန်မစိတ်ထဲမှာလည်း အိမ်မက်ကိုယုံကြည်နေသည်။ သမီးသည်





၁၈ နှစ်ပြည့်တာနှင့် ကျွန်မတို့ကိုခွဲသွားလိမ့်မည်ဟု ထင်နေသည်။ မောင်ကတော့ သမီးငါးမျှပျော့သော အသားအရည်၊ လှပ်ရှားမှု နည်းသော ဟန်ပန်များကိုကြည့်၍ သက်ဆိုးမရှည်နိုင်ဟု တွက်ခဲ့ခြင်း ဖြစ်ပါသည်။

နောက်မွေးလာသော ကလေးနှစ်ယောက်မှာ ယောက်ျားလေးများဖြစ်သည်။ သားနှစ်ယောက်သည် သာမန်ကလေးများအတိုင်း မွေးဖွား ကြီးပြင်းလာကြ၍ ဝမ်းသာရပါသေးသည်။ သားနှစ်ယောက်လုံး ဉာဏ်ရည် ထက်မြက်ကာ ကျန်းမာရေးကောင်းမွန်ကြပါသည်။

သမီးကတော့ ဘဝတလျှောက်လုံး ကျွန်မတို့ကို ဒုက္ခမပေးခဲ့ပါ။ ဒုက္ခမပေးခဲ့ခြင်းကပင် ကျွန်မတို့ရင်ကို နာကျင်စေခဲ့ခြင်း ဖြစ်ပါသည်။ ငယ်ကတည်းက ငိုခြင်း ဂျီကျခြင်းမရှိ၊ ထားသည့်နေရာမှာပင် ထားသည့် အတိုင်း ငြိမ်သက်စွာနေသည်။ ကြီးပြင်းလာသည့်အခါမှာလည်း တစ်နေရာတည်းမှာထိုင်ကာ ငေးနေတတ်သည်။ အိမ်သည် အငယ်သား နှစ်ယောက်တို့အသံဖြင့်သာ ဆူညံလှုပ်ရှားနေသည်။ မသိသူများက သမီးကို ရှိသည်ဟုပင် မထင်ကြပေ။

ကျွန်မတို့သည် သမီးကို အသက် ၇ နှစ်အရွယ်ရောက်မှ နားမကြားသောကလေးများကျောင်းသို့ ပို့ဆောင်အပ်နှံခဲ့ပါသည်။ သမီးသည် ဘဝတူကလေးများကြား၌ ထူးပြီး ရွှင်လန်းသွက်လက်မလာခဲ့ပေ။ ဆွံ့အ၊ နားမကြားသူများကို သင်ပေးသည့်စာများကိုတော့ အလွယ်တကူ တတ်ကျွမ်းပါသည်။

ကျွန်မတို့သည် နားမကြားသော ကလေးများကျောင်း၌ သမီးကို ၃ နှစ်ပဲထားခဲ့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

◻

ထိုအကြိမ်ကြိမ်ပေါက်ရှိကြွယ်ဝချမ်းသာလာသော ကျွန်မတို့မိသားစုသည် ယခင်ကထက်များစွာ ချောင်လည်လာပါသည်။ ဝန်ထမ်းများသာဖြစ်သော ကျွန်မတို့လင်မယားအတွက် အသက် ၆၀ ပြည့်သည်ထိ အလုပ်လုပ်ပြီးရရှိမည့် လစာငွေများကို ပေါင်းသော်မှ ထီဆုငွေများကိုမီမည်မဟုတ်ပါ။

ကျွန်မတို့သည် ကြွယ်ဝချမ်းသာရန် လမ်းစမရှိသော ဝန်ထမ်းဘဝကို စွန့်လွှတ်ခဲ့လေသည်။ ထီဆုငွေများက ကျွန်မတို့တည်ဆောက်မည့် အနာဂတ်ဘဝအတွက် အထောက်အကူများ ဖြစ်ခဲ့လေ၏။

"ဒီအတိုင်းမနေနဲ့လေ၊ ဈေးချိုနားမှာ ဆိုင်ခန်းတစ်ခန်းဝယ်လိုက်၊ ဒါမှမဟုတ် ငှားလိုက်၊ အစပိုင်းတော့ ကိုယ့်ဆီက ရွှေထည်တွေယူပြီး တင်ရောင်းပေါ့၊ ကံပေးတုန်းမှာ ပုပ်လိုက်စမ်းပါ ဝေဝေရယ်၊ မင်းတို့ကကဝန်ထမ်းဘဝနဲ့ အရိုးထုတ်ရမယ့် ကံမျိုးမဟုတ်ဘူး၊ ကြီးပွားချမ်းသာမယ့် လမ်းပေါ်ကို လျှောက်လိုက်စမ်းပါကွယ်"

သွယ်သွယ်က ကျွန်မတို့ကို အစစအကူညီခဲ့လေသည်။

သွယ်သွယ်သည် ကျွန်မတို့ဘဝတွင် နေရာတော်တော်များများ





၌ပတ်သက်နေခဲ့သည်။ ကျွန်မသမီးလေးကို သူ့ညီမနွယ်နွယ်ကိုယ်စား လူ့လောကသို့ရောက်လာသည့် သိုက်နန်းရှင်မလေးဟု ယုံကြည်စိတ်ဖြင့် ကျွန်မတို့မိသားစုနှင့် မျက်ခြည်မပြတ် ရှိနေသည်။

သွယ်သွယ့်အကူအညီများကြောင့် ကျွန်မတို့ ရွှေဆိုင်ပိုင်ရှင်ဖြစ်ခဲ့ရသည်။ ထိုမှတဆင့် မောင်သည် သွယ်သွယ်တို့ ရွှေပန်းထိမ်လုပ်ငန်းကို လေ့လာကာ ကိုယ်ပိုင်ပန်းထိမ်ဖို ထောင်နိုင်ခဲ့သည်။ ကိုယ်ပိုင်ပန်းထိမ်ဖိုနှင့် ရွှေဆိုင်ပိုင်ရှင်ဖြစ်ခဲ့ရခြင်းမှာ သွယ်သွယ်၏ဖေးမမှုများစွာပါ,ပါသည်။ သွယ်သွယ်ကတော့ အားလုံးဟာ သိုက်ကလာတဲ့သမီးက ပေးတာတွေဟု ဆိုလေသည်။

သွယ်သွယ်သည် အသက် ၃၀ ကျော်မှ အိမ်ထောင်ကျခဲ့သည်။ ကြွယ်ဝချမ်းသာသော လုပ်ငန်းရှင် အင်ဂျင်နီယာတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့ခြင်းဖြစ်ပါသည်။ သွယ်သွယ်တို့မှာ အိမ်ထောင်သက်အတော်ရသည်အထိ သားသမီးမထွန်းကားခဲ့ချေ။ ဆရာဝန်နှင့် စစ်ဆေးကြည့်သည့်အခါ သွယ်သွယ့်ဘက်မှ လိုအပ်ချက်ဟုသိရသည်။ ကလေးရရန်မလွယ်ကူဟု ဆိုလေသည်။

သွယ်သွယ်က ကျွန်မတို့မိသားစု သိုက်သိုက်ဝန်းဝန်းရှိပုံကို ကြည့်ကာ အားကျနေရှာလေသည်။

"ဝေတို့မိသားစုကိုကြည့်ရတာ သိပ်စိတ်ချမ်းသာစရာ ကောင်းတာပဲကွယ်၊ စီးပွားရေးလည်းအောင်မြင်နေပြီ၊ သားသမီးတွေ သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်စရာပဲ၊ တကယ်တော့ ဒါတွေအားလုံးဟာ သိုက်ကလာတဲ့သမီးကပေးတာတွေပဲ ဝေ"

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

❐

သမီးအပျိုဖော်ဝင်လာသည့် အရွယ်တွင် ကျွန်မ၏ အိပ်မက်ကို ပြန်လည် သတိရစရာတွေ ဖြစ်ပေါ်လာလေသည်။ အပျိုဖော်ဝင်လာသော သမီးလေး၏ အလှအပက အိပ်မက်ထဲတွင် ကျွန်မနောက်သို့ လိုက်ပါခွင့် တောင်းခဲ့သော မိန်းကလေးနှင့် တစ်ထေရာထဲပါကလား။ ကျွန်မသည် စိတ်ကိုလှည့်စား၍ ထင်မြင်နေခြင်းမဟုတ်ပါ။ အိပ်မက်ထဲက မိန်းကလေး ရုပ်သွင်ကို ကျွန်မ သေချာမှတ်မိသည်။ သမီးဟာ တကယ်ကို မြနန်းနွယ်ပဲ လား။

သမီးအရွယ်ရောက်လာလေ အိပ်မက်၏ချောက်လှန့်မှုက ကြီးမား လာလေဖြစ်ခဲ့ပြီ။ အရွယ်လေးရလာသည်နှင့်အမျှ ကျွန်မတို့ကို ခွဲခွာသွားဖို့ အချိန်ကလည်း နီးကပ်လာပြီ မဟုတ်ပါလား။

အသက် ၁၅ နှစ်အရွယ်တွင် သမီး၏လှုပ်ရှားမှုများက နေးကွေး လေးလံလာသည်။ သမီးမျက်နှာမှာ မှိုင်တွေလာသည်။ သမီးသည် အသက် ကို လုရှုနေရသည့်သဖွယ် မောဟိုက်ဟန်များပါလာသည်။ အစား





အသောက်ကိုလည်း ဟက်ဟက်ပက်ပက် မစားတော့ချေ။

သမီးသည် ဝေဒနာတစ်ခုကိုခံစားနေရသည်မှာ သေချာ၏။ စကားမပြောတတ်သော သမီးသည် သူ့ဝေဒနာသူ ဖွင့်ဟနိုင်မည်မဟုတ် ပေ။

ကျွန်မတို့သည် ဆေးတိုက်ကြီးတစ်ခုကို ခေါ်သွားကာ သမီးကို စမ်းသပ် စစ်ဆေးရတော့သည်။

ထွက်လာသောအဖြေက နှလုံးရောဂါတဲ့၊ သမီးသည် မွေးရာပါ နှလုံးရောဂါကို ခံစားနေရသည့်ကလေးတစ်ယောက် ဖြစ်နေတော့သည်။

"သူ့ကိုစိတ်ချမ်းသာအောင်ထားပါ"

သမီးစိတ်ချမ်းမယ့်အနေအထားဟာ ဘယ်လိုဆိုတာ ကျွန်မတို့ မသိပါ။ သမီးသည် စိတ်ဆင်းရဲနေသူတစ်ယောက်လည်းဖြစ်မည် မဟုတ်ပါ။

"သူ့ဆန္ဒတွေအားလုံးကို လိုက်လျောလိုက်ပါ"

သမီး၏ဆန္ဒ သမီး၏လိုအင်များကို ကျွန်မတို့ ဘာမှမသိရ။ သမီးအတွက် ကျွန်မနာကျင်ရပြန်ပါပြီ။

သမီးအတွက်လည်း လူ့လောကမှာ လူလာဖြစ်ရခြင်းသည် အဓိပ္ပာယ်မဲ့လွန်းပေစွ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

❒

သည့်လိုနှင့် သမီး ကျွန်မတို့ကို ခွဲခွာသွားမည့်ကာလ အပိုင်းအခြားကို တရွေ့ရွေ့ ရောက်လာလေတော့သည်။

သမီး၏ရောဂါအခြေအနေမှာ တစစဆိုးလာ၍ ဆေးရုံတင်လိုက်ရသည်။

ဆရာဝန်က နောက်ဆုံးအချိန်ဖြစ်ကြောင်း အတည်ပြုလိုက်ပြီ။

သမီးဟာ သာမန်လူသားတစ်ယောက်အနေနဲ့ ရောဂါဝေဒနာကြောင့် လူ့ဘဝက ထွက်ခွာရမှာလား။ အချိန်စေ့လို့ သိုက်ကိုပြန်ရမှာလား။ ကျွန်မအတွေးထဲ၌ သမီးအတွက် နာကျင်ရမှုနှင့် ရိုးရာအစွဲအလမ်းတို့ လွန်ဆွဲနေသည်။ မည်သို့ဆိုစေ ကျွန်မတို့ သမီးကိုစွန့်လွှတ်ရတော့မည်။

ဆေးရုံခုတင်ပေါ်၌ သမီးသည် ငြိမ်သက်စွာလဲလျောင်းနေ၏။

သူ့အတွက်စိတ်ဆင်းရဲမှုကို ကြိတ်မှိတ်မျိုသိပ်ထားရသည်ကို သိနေသည့်အလား သမီးက ကျွန်မကိုရယ်ပြကာ လက်ကလေးကာ၍ပြလေသည်။ မြော်. . . စကားမပြောတတ်တဲ့သမီးလေးရဲ့ မိခင်အပေါ်မှာ





ထားတဲ့ကရုဏာပါလား ကျွန်မကို သူ့အတွက် စိတ်ဆင်းရဲမနေပါနဲ့လို့ ပြောနေခြင်းပင် ဖြစ်သည်။ သမီး၏ဆုံးမသံကို မိခင်ဖြစ်သောကျွန်မက နားလည်နေသည်။

သမီးကိုယ်လှုပ်နိုးသည်က သမီးသည် ကျွန်မလက်ကို သူ၏လက်ဖြင့် အင်အားဖျော့တော့စွာ ဆုပ်ကိုင်ထားလေသည်။ ကျွန်မသည် သမီးကို စောင့်နေရင်းမှ ခုတင်ကို ခေါင်းတင်မှိန်းရင်း အနည်းငယ် အိပ်ပျော်သွားလေသည်။

ခဏကလေးမှေးစက်မိစဉ်မှာ အိပ်မက်ကိုမက်လေသည်။

အိပ်မက်ထဲ၌သမီးသည် နန်းဝတ်နန်းစားများကို ဝတ်ဆင်ထားသည်။ အိပ်မက်ထဲတွင် သမီးသည် စကားပြောတတ်နေပါ၏

တကယ်တော့ အိပ်မက်ထဲက မိန်းကလေးသည် သမီးမဟုတ်ပါ။ လွန်ခဲ့သော ၁၈ နှစ် သမီးကိုမမွေးခင်က ကျွန်မနှင့်အတူနေပါရစေဟု အိပ်မက်ထဲတွင် ခွင့်တောင်းခဲ့သော မိန်းကလေးသာဖြစ်ပါသည်။ ရုပ်ရည်မှာ တူလွန်းလှသောကြောင့် သမီးဟုပင် ကျွန်မက ထင်မှတ်မှားခဲ့ခြင်း ဖြစ်ပါ၏။

"ကျွန်မသွားတော့မယ်၊ ကျွန်မကိုဆယ့်ရှစ်နှစ်တာ ခိုလှုံခွင့်ပေးခဲ့တဲ့အတွက် ကျွန်မ ကျေးဇူးတင်ပါတယ်၊ ကျွန်မကိုခွင့်ပြုပါတော့"

ကျွန်မအိပ်ပျော်နေရာမှ လန့်နိုးသွားပါသည်။

"သမီး"

ဆတ်ခနဲထကာ သမီးကိုကြည့်လိုက်သည်။

သမီး၏လက်များက ကျွန်မကိုဆုပ်ကိုင်ထားဆဲ။

သမီးက ထွက်ခွာသွားနှင့်လေပြီ။ ကျွန်မကိုနှုတ်ဆက်ပြီးမှ ခွဲခွာသွားခြင်းပါတကား။

"စိတ်ကိုဖြေပါဝေရယ်. . . ကိုယ်တို့မှာ သားနှစ်ယောက်ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ တကယ်တော့ သမီးဒီအချိန်မှာပြန်မယ်ဆိုတာ ဝေသိပြီးသား မဟုတ်လားကွယ်''

မောင့်ရဲ့နှစ်သိမ့်မှုက ကျွန်မအတွက် အရာမထင်ခဲ့ပါ။ သားနှစ်ယောက် ရှိသေးသော်လည်း သမီးသည် ကျွန်မဝမ်းနှင့် လွယ်မွေးခဲ့ရသော ရင်သွေးဖြစ်သည်။ ရင်သွေးတစ်ယောက်ဆုံးရှုံးရခြင်းကို မည်သည့်အရာနှင့်မျှ အစားထိုးမဖြေသိမ့်နိုင်ပါ။ ကျွန်မနှလုံးသားများ နာကျင်ခဲ့ရပါသည်။

သမီးကွယ်လွန်တော့ ၁၈နှစ်ပြည့်ဖို့ ၂ လပင်လိုပါသေးသည်။

➤ ➤ ➤

❒

သမီး၏ရက်လည်နေ့တွင် သွယ်သွယ်က ကျွန်မကိုထူးခြားသော စကားတစ်ခွန်း ပြောခဲ့လေ၏။

''ကိုယ်အိပ်မက်မက်တယ်၊ တစ်နေ့ကပဲ ဝေ အိပ်မက်ထဲမှာ ညီမလေးနွယ်နွယ့်ကို တွေ့ရတယ်၊ ညီမလေးက ဘာပြောသလဲသိလား၊ သူကိုယ်နဲ့အတူလာနေမယ်တဲ့၊ သူ့ တာဝန်ကျေပြီတဲ့၊ သူ့ အိမ်ကိုပြန်လာလို့ရပြီတဲ့''

စိတ်ကူးသစ်စာပေ



''ဟင် . . .''

ကျွန်မတို့သည် မောင်ပြောပြသည့် ဥပါဒါန်အစွဲအလမ်းဖြင့် ရှုသွပ်နေကြသူများ ဖြစ်နေလေပြီလား။

မောင်က ကျွန်မတို့ကို ရိုးရာအစွဲအလမ်းများကို ယုံကြည်လွယ်သည့် စိတ်ထားနုသော မိန်းမများဟု စွပ်စွဲခဲ့ဖူးလေသည်။

ယခု သွယ်သွယ်မက်တဲ့ အိပ်မက်ကိုတော့ အမှန်တကယ်ဟု ကျွန်မ မယုံကြည်မိပါ။ သွယ်သွယ်အိပ်မက် မမက်ဘဲ ညာပြောနေတယ်ဟုဆိုလိုခြင်းမဟုတ်။ သွယ်သွယ့်အိပ်မက်မှာ စိတ်စွဲလမ်း၍မက်ခြင်းသာဖြစ်မည်။ အိပ်မက်သည် ဖြစ်လာစရာ အကြောင်းမရှိတော့ပေ။

သွယ်သွယ်သည် ကလေးမရနိုင်သော မိန်းမတစ်ယောက်သာဖြစ်သည်မဟုတ်ပါလား။ ပြီးတော့ သွယ်သွယ့် အသက်သည် ၄၂ နှစ်ပင်ရှိနေပါပြီ။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

□

တိုက်တိုက်ဆိုင်ဆိုင်ပင် သမီးကွယ်လွန်ပြီး ၂ လပြည့်သည့်အချိန်၊ သမီးသာ ဆက်ရှိသေးပါက သမီး၏ ၁၈ နှစ်ပြည့်မွေးနေ့ဖြစ်သောရက်။ ထိုရက်တွင် သွယ်သွယ် ကျွန်မဆီ ရောက်လာခဲ့သည်။

သွယ်သွယ်က ကြည်နူးရွှင်ပျစွာဖြင့် ကျွန်မကိုသတင်းကောင်းပေးလိုက်သည်။

"ကိုယ့်မှာ ကိုယ်ဝန်ရှိနေပြီဝေ"

"အို . . ."

ကျွန်မသည် သွယ်သွယ့်ကိုစိုက်ကြည့်နေမိပြီး ဘာမှပြန်မပြောမိ။ အသက် ၄၂ နှစ် အရွယ်၊ ကလေးမရနိုင်သောမိန်းမဟု သားဖွားမီးယပ်ပါရဂူကိုယ်တိုင်က မှတ်ချက်ချထားခံရသောသူသည် ကိုယ်ဝန်ရှိနေပြီတဲ့။ ဟုတ်ပါ့မလား။

"ဝေ မယုံနိုင်ဖြစ်နေတယ်မဟုတ်လား။ ကိုယ်လည်းသေချာအောင် အိုဂျီဆီမှာကို သွားစမ်းခဲ့တာ ဝေ၊ အဖြေရရချင်း ဝမ်းသာလွန်းလို့





ဝေ့ကိုလာပြောတာ။ ဒီမှာလေ၊ ဆီးစစ်ထားတဲ့အဖြေစာ၊ အိုဂျီက ဆီးအဖြေတစ်ခုတည်းအားမရလို့ ကိုယ့်ကိုအမျိုးမျိုးစမ်းသပ် ကြည့်လိုက်သေးတယ်"

သွယ်သွယ်က ကျွန်မနားမလည်သော ဆေးစာရွက်များကိုထုတ်ပြနေလေသည်။

"ဟုတ်တယ်ဆိုရင်တော့ ဝမ်းသာပါတယ် သွယ်သွယ်"

"ဟုတ်နေပြီပဲဝေရဲ့၊ ဒီပုံအတိုင်းဆို နွယ်နွယ် ကိုယ့်ဆီကို ပြန်လာတော့မှာပေါ့ နော်၊ ကိုယ်မွေးမယ့်ကလေးဟာ နွယ်နွယ်ဖြစ်မှာပါပဲဝေရယ်"

"မင်းအသက် ၄၀ကျော်မှ ကလေးမွေးရမှာဆိုတော့ ဂရုစိုက်ဖို့လိုတယ် သွယ်သွယ်"

"ဒါပေါ့ကွာ၊ ဂရုစိုက်ရမှာပေါ့၊ ကိုယ့်ညီမလေးနွယ်နွယ် ပြန်လာမယ့်လမ်းဟာ ဖြောင့်ဖြူးချောမောဖို့ ကိုယ့်မှာတာဝန်ရှိတယ်လေ"

"သူဟာ နွယ်နွယ်ပြစ်မယ်လို့ မင်းယုံကြည်သလား သွယ်သွယ်"

"ယုံတာပေါ့၊ ကိုယ့်ကိုအိပ်မက်ပေးထားတာပဲ၊ မြန်နန်းနွယ်သိုက်ထဲကိုပြန်ရောက်သွားပြီဆိုတော့ နွယ်နွယ့်တာဝန်ကျေပြီလေ၊ နွယ်နွယ်လူ့ဘဝကို ပြန်လာလို့ရပြီပေါ့ကွာ"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

❐

သွယ်သွယ်သည် သမီးမိန်းကလေးတစ်ယောက်ကို လွယ်ကူချောမောစွာပင် မွေးဖွားခဲ့လေသည်။

ကျွန်မသည် သွယ်သွယ်မွေးသည့်ကလေး နီတာရဲလေးကို ကြည့်ရင်း အတွေးပွားမိသည်။

– ကျွန်မတို့ မြန်မာမိန်းမများသည် ရိုးရာအစွဲအလမ်းကိုယုံကြည်လွယ်သူတွေ ဟုတ်ပါသလား။ ထိုယုံကြည်မှု ဥပါဒါန်များကပင် ကျွန်မတို့ဘဝကို ပဲ့ကိုင်နေလေသလား။

သွယ်သွယ်မွေးလိုက်သော သမီးငလေးသည် အမှန်တကယ် နွယ်နွယ်ဖြစ်သည်ဆိုပါစို့။ သို့က်တွင် နေထိုင်ခဲ့ဖူးသော နွယ်နွယ့်ကို သိုက်ချုပ်တိုးတော်မယ်တော်များက သိုက်အကြောင်း ပြန်မပြောနိုင်အောင် လူစဉ်မမီသော ကလေးတစ်ယောက်အဖြစ် ဖန်တီးလိုက်ကြလေဦးမလား။

သို့မဟုတ် နွယ်နွယ်သည် သိုက်ထဲကို ခေတ္တခဏလူစားဝင်ရသူဖြစ်သည့်အတွက် လူ့ဘဝကိုပြန်လာရာတွင် သာမန်လူအဖြစ်သာ ပြန်ရောက်လာလေမည်လား။

အဖြေပေါ်လာဖို့အတွက် ဤကလေးလေး အရွယ်ရလာသည်အထိ ကျွန်မတို့ စောင့်ကြည့်ရပါလိမ့်မည်။

¤ နွေတာစာန်



BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ် – ၅၁၁၀၈၆၅၀၇၀၇

www.burmeseclassic.com